ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက် သောကြာနေ့။ Friday, 7 July 2017 (၈၉၇၈)

# မြန်မာနှင့်နော်ဝေ နှစ်နိုင်ငံမိတ်ဖက်အခြေအနေကို ထိန်းသိမ်းထားသကဲ့သို့ နှစ်နိုင်ငံပိုမိုချစ်ကြည်ရင်းနှီးရေးကို လုပ်ဆောင်နေ

**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E. Mr.Borge Brende အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ် တောင့်တင်းခိုင်မာစေရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာ-နော်ဝေ နှစ်နိုင်ငံ သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့သည် ဆက်ဆံရေး အလွန်ကောင်းမွန်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို လုပ်ဆောင်နေဆဲဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏

**စာမျက်နှာ ၃ ကော်လံ ၅ သို့**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Borge Brende တို့ ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြစဉ်။



## ရန်ကုန်မိုး

ရန်ကုန်မြို့၌ ဇူလိုင် ၆ ရက် မွန်းလွဲပိုင်းတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မင်္ဂလာတောင်ညွန့်မြို့နယ် မြန်မာ့ဂုဏ်ရည်လမ်းတစ်လျှောက် ရေများ ပြည့်လျှံနေသည်ကို တွေ့ရစဉ်။

ခင်မောင်ဝင်း(ကြေးမုံ)

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၆ ခုနှစ် LCCI(UK) စာမေးပွဲများတွင် Level II , Level III - Accounting, Cost Accounting, Management Accounting, ABC, Stat ဘာသာရပ် အားလုံးအတွက် ကမ္ဘာနှင့်မြန်မာ ရွှေနှင့်ငွေတံဆိပ်ဆု စုစုပေါင်း (၃၁)ဆု တိတိ ဆွတ်ခူးရရှိခဲ့သော ကျောင်းသူ/သား များကို NLA FAA မိသားစု များမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

Ph: 01 504737, 512 900, 514102, 09 4500 22646, 09 442299665, 09 782515306

# ကြေးမုံ

## အပိုးတန်ဦးနှောက်များ မဆုံးရှုံးစေရေး

ယနေ့မျက်မှောက်ကာလ အရေးတကြီးဖြေရှင်းပေးနေရသော ကိစ္စရပ်မှာ ရွှေ့ပြောင်းလုပ်သားများအရေးဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများအရေးမှာ မြန်မာနိုင်ငံတွင်နှစ်ရှည်လများ ကြုံတွေ့နေရသောအရေးဖြစ်ပြီး နိုင်ငံ၏အခြေအနေအရ အဆိုပါပြဿနာကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းပေးနိုင်ခြင်းမရှိသေးချေ။ ယနေ့ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် အဆိုပါရွှေ့ပြောင်းလုပ်သားများကို အကြောင်းပြုသည့် နိုင်ငံအတွက် အဖိုးတန်ဦးနှောက်များဆုံးရှုံးမှုသို့တည်းမဟုတ် နိုင်ငံနစ်နာရသောဦးနှောက်ယိုစီးမှု (Brain drain) ပြဿနာများဖြစ်၍ ယင်းကို အမျိုးသားအကျိုးစီးပွားရှုထောင့်မှ ရှုမြင်ပြီး မဖြစ်မနေကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်နေပြီဟုဆိုချင်ပါသည်။

မကြာသေးမီရက်များအတွင်းက ထိုင်းနိုင်ငံသို့ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်နေသော တရားမဝင်လုပ်သားများအား စိစစ်အရေးယူတော့မည့်ဥပဒေသစ်အရ ထိုနိုင်ငံသို့ရောက်ရှိနေသော တရားမဝင်လုပ်သားများ မြန်မာနိုင်ငံသို့ အလျှင်အမြန်ပြန်လည်ဝင်ရောက်လာကြသည်ကို တွေ့ရသည်။ လက်ရှိတွင် မိခင်နိုင်ငံသို့ ထောင်နှင့်ချီသည့်လုပ်သားများ တဖွဲဖွဲနေ့စဉ်ပြန်လာကြရာ နေရပ်ပြန်မြန်မာလုပ်သားသုံးသောင်းခွဲခန့်ရှိနေပြီဟုသိရသည်။

ယင်းသို့သော အခြေအနေတွင် မြန်မာနိုင်ငံရှိ ပြည်တွင်းလုပ်ငန်းကြီးတစ်ခု၌ ထိုင်းနိုင်ငံမှ ကျွမ်းကျင်သူလူငယ်များအား ငှားရမ်းလုပ်ကိုင်နေသည်ကိုလည်းတွေ့ရသည်။ အဆိုပါထိုင်းနိုင်ငံမှ ငှားရမ်းထားသော ကျွမ်းကျင်လူငယ်များအနေဖြင့် ထိုင်းနိုင်ငံထက်သာလွန်သော လစာကောင်းများရရှိသောကြောင့် မြန်မာနိုင်ငံသို့လာရောက်လုပ်ကိုင်ခြင်းဖြစ်ပြီး ထိုလူငယ်များ၏ အရည်အချင်းနှင့်လုပ်ကိုင်နိုင်မှုစွမ်းရည်မှာ မြန်မာလူငယ်များ၏ အရည်အချင်းထက်သာလွန်သောကြောင့် ငှားရမ်းလုပ်ကိုင်ခြင်းဖြစ်တန်ကောင်းသည်။

မြန်မာလူငယ်များမှာ တိုင်းတစ်ပါးတွင် ပင်ပန်းဆင်းရဲနိမ့်ကျသော အလုပ်များကို လုပ်ကိုင်ကြရပြီး တိုင်းတစ်ပါးမှ လူငယ်များမှာ အဆင့်အတန်းမြင့်သည့်အလုပ်အကိုင်များကို လုပ်ကိုင်ကြရသည်ကို မခံချိမခံသာဖြစ်ကြရမည်ဖြစ်သည်။ တိုင်းတစ်ပါးမှာ အထင်ကြီးစရာ ပြည်တွင်းမှာအနိုမ်ခံရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ မခံချင်စိတ်ဖြင့် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။ အားနည်းချက်များမှာ ပြည်တွင်း၌ ပညာရေးနိမ့်ကျခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ အရည်အချင်းပြည့်မီသော လူငယ်လိုအပ်ချက်များရှိနေခြင်း၊ လုပ်ခလစာနည်းပါးခြင်း စသည့် အကြောင်းများဖြစ်သည်။

နိုင်ငံတစ်နိုင်ငံပြန်လည်ထူထောင်ရေး၊ မိသားစုသာမက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိလိုပါလျှင် လူ့စွမ်းအားအရင်းအမြစ်များ ခိုင်မြဲရေးမှာအရေးကြီးသလို အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ရေရှည်ပြုစုပျိုးထောင်ပေးရေးကိုလည်း ခိုင်ခိုင်မာမာ မြော်တွေးတည်ဆောက်ထားရန်လိုအပ်သည်။

လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများသည် နှစ်ကာလရှည်ကြာစွာကြုံတွေ့ဖြတ်သန်းခဲ့ရသည့် အားနည်းချက် အကြောင်းအမျိုးမျိုးတို့ကြောင့်ဖြစ်၍ ယင်းတို့ကို ရေတိုဆောင်ရွက်ရမည့်အစီအမံများ၊ ရေရှည်ဆောင်ရွက်ရမည့် အစီအမံများ ခွဲခြားသတ်မှတ်စီမံဆောင်ရွက်ခြင်းဖြင့် အမြန်ဆုံးကုစားနိုင်မှ တန်ကာကျမည်ဟုယူဆပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် ဆင်းရဲနွမ်းပါးမှု၊ ပညာရေးနိမ့်ကျမှု၊ အလုပ်လက်မဲ့ပြဿနာနှင့်ရွှေ့ပြောင်းလုပ်ကိုင်မှုတို့မှာ အဆန်းမဟုတ်သော်လည်း ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူငယ်လူရွယ် စိတ်ဓာတ်နှင့်အကျင့်စာရိတ္တကောင်းမွန်ရေးဆောင်ရွက်မှုတို့အတွက် ဦးနှောက်ယိုစီးဖိတ်စဉ်မှုတို့ကို အထူးအလေးအနက်ထားကာ ကိုင်တွယ်ဖြေရှင်းပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းတွင် အလုပ်အကိုင်အခွင့်အလမ်းများ နည်းအမျိုးမျိုးဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်တွင်းအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများသာမက ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အလုံးအရင်းနှင့်ဖြစ်ပေါ်လာရေး၊ အတတ်ပညာ၊ နည်းပညာများ တတ်မြောက်ကျွမ်းကျင်ရေးတို့ကို အမြန်ဆုံးဖြစ်မြောက်အောင် ဆောင်ရွက်ပေးရေးစသည်ဖြင့် ဘက်ပေါင်းစုံဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ-ဟောင်ကောင် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် Hong Kong Myanmar Chamber of Commerce (HKMCC) မှ Founding Chairman, Mr. Albert Oung နှင့်အဖွဲ့အား ယမန်နေ့မွန်းလွဲ ၁ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ(၁)၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်ဒေသတို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်စည်ပြပွဲများနှင့်ဆွေးနွေးပွဲများ အပြန်အလှန်ပူးတွဲကျင်းပနိုင်ရေး၊ ရန်ကုန်မြို့တွင် Myanmar Arbitration and Mediation Centre ဖြစ်ပေါ်လာရေး၊ Hong Kong Cyberport Group ၏အကူအညီဖြင့် ရန်ကုန်မြို့တွင် Myanmar Cyberport Project အကောင်အထည်ဖော်တည်ဆောက်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းအစီအစဉ်များ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနှင့် ဟောင်ကောင်တွင် Business and Tourism Center များဖြစ်ပေါ်လာရေး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် Hong Kong Myanmar Chamber of Commerce တို့ပူးပေါင်း၍ ရန်ကုန်နှင့် နေပြည်တော်တွင် EMBA အစီအစဉ်များ ပါဝင်သည့် သက်မွေးပညာရပ်သင်တန်းကျောင်းများ ထူထောင်ဖွင့်လှစ်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်

**လယ်ဝေး ဇူလိုင် ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဇူလိုင် ၄ ရက်က အထက(ကန်လှ)မှ ကျောင်းသား ကျောင်းသူများအား ကျောင်းကွင်းဆင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စီမံချက်ဆောင်ရွက်သည့်ကျောင်းသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူးနှင့် ဒက္ခိဏခရိုင်ဦးစီးမှူးတို့ လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ကျောင်းကွင်းဆင်းစီမံချက်ဖြင့် လယ်ဝေးမြို့နယ် ကန်လှအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၄၀ အား (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ အလေအလွင့်မရှိစေရေး ကော်မတီများရွေးချယ်

**သီပေါ ဇူလိုင် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းများ ဆောင်ရွက်၍ ပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားလာစေရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးနှင့် ဝန်ထမ်းများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်း သုံးယူနစ်၊ ကျေးရွာ ၁၄ ရွာအတွက် တစ်ယူနစ်လျှင် အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း သုံးရာ၊ သုံးယူနစ်အတွက် ငွေကျပ်သိန်း ကိုးရာ ထုတ်ပေးမည်ဖြစ်သည်။

အဆိုပါ လည်ပတ်ရန်ပုံငွေသုံးစွဲရာတွင် အလေအလွင့်မရှိစေရေးနှင့် စနစ်တကျစီမံဆောင်ရွက်နိုင်ရေးအတွက် နမ္မတူမြို့နယ်ကျေးလက်ဦးစီးဌာနမှ ဇွန် ၂၅ ရက်တွင် ပန်လုံအုပ်စု မန်ဆာကျေးရွာ၌လည်းကောင်း၊ ဇွန် ၂၇ ရက်တွင် မိုင်းမုအုပ်စု ကောင်းဟုန်းကျေးရွာ၌ လည်းကောင်း၊ ဇွန် ၂၉ ရက်တွင် နမ့်မျှော်အုပ်စု နမ့်မျှော်ကျေးရွာ၌ လည်းကောင်း ကျေးရွာကော်မတီများ ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်(ရွှေဈေး) ၈၉၄၅၀၀ - ၈၉၄၅၀၀ မန္တလေး(ရွှေဈေး) ၈၉၄၅၀၀ - ၈၉၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၆၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၂၀ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၅ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၅ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၁၈/၆၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၅၉၅/၆၀၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂.၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၁၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၄.၆ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၄.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၀.၂၅ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈.၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀.၀၃၅ | (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၄.၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၇.၀၈ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅.၉၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး လုပ်ငန်းစွမ်းဆောင်ရည်မြှင့် သင်တန်းဆင်း

**စေတုတ္တရာ ဇူလိုင် ၆**

စေတုတ္တရာမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်း (၁/၂၀၁၇)ဆင်းပွဲကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထူးချွန်ဆုရရှိသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးမှူး ဦးမျိုးမြင့်အောင်တို့က ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

**(ဖိုးပြည့်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



## ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်

မိမိတို့အစိုးရအဖွဲ့ဟာ တိုင်းပြည်အတွက် လုပ်ငန်းတွေ နေ့စဉ်နေ့တိုင်း လုပ်ကိုင်နေကြရတာမှာ အချိန်အားရတယ်မရှိဘူး။ တချို့ကိစ္စတွေဟာ တိုင်းပြည်မှာ ဖြစ်နေကြရတာက ဟိုကတစ်မျိုး ဒီကတစ်ဖုံ ဆိုတာလိုဖြစ်တော့ ဆန်စဉ်ရာ ကျည်ပွေ့မလိုက်နိုင်ဘူး။ ဒီတော့ မိမိတို့အစိုးရအဖွဲ့ တကယ့်အခက်အခဲတွေထဲမှာ အလုပ်လုပ်နေရတော့ တချို့နေရာမှာ မအောင်မြင်တာလေးတွေလည်း ရှိတယ်။ အောင်မြင်တာတွေလည်း ရှိတယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မေလ ၃၀ ရက်နေ့ သတင်းစာဆရာများနှင့် ဆွေးနွေးပွဲတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ SME လုပ်ငန်းများဖွံ့ဖြိုးရေးတို့တွင် ကမ္ဘာ့ဘဏ်က အကူအညီများပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရေးကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၅/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)**
**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေး၊ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းအောင်တို့ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(စ) နှင့် ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အောက်ဖော်ပြပါအရာရှိကြီးများကို ယှဉ်တွဲပါ တိုင်းဒေသကြီးအစိုးရအဖွဲ့များတွင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်မှူးကြီး လှမျိုးရွှေ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၂) ဗိုလ်မှူးကြီး မင်းဦး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့
(၃) ဗိုလ်မှူးကြီး ကျော်ကျော်မင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကူညီပံ့ပိုးပေးမှုများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၆**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကမ္ဘာ့ဘဏ်၏ မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Ellen Goldstein နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ကမ္ဘာ့ဘဏ်၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ကူညီပံ့ပိုးပေးမှုများနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အား ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

မြန်မာ- နော်ဝေနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုပြုမည့် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Borge Brende တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Tone Tinnes တို့က Fish for Development Programme အစီအစဉ်အရ မြန်မာနှင့်နော်ဝေနှစ်နိုင်ငံ ငါးလုပ်ငန်းဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် နားလည်မှုစာချွန်လွှာတွင် လက်မှတ်ရေးထိုးကြသည်။

နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးနိုင်ခြင်းဖြင့် Fish for Development Programme စီမံကိန်းအား ဆက်လက်အကောင်အထည်ဖော်နိုင်မည်ဖြစ်ပြီး အဆိုပါ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် ငါးလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်၊ အဏ္ဏဝါသုတေသနလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ရေငန်ငါးမျိုးစိတ်မွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုများ စသည့် ကဏ္ဍရပ်များအား တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကာ ပူးပေါင်းဆောင်ရွက်မှုကာလမှာ ၂၀၁၇ ခုနှစ် ဇူလိုင်မှ ၂၀၂၂ ခုနှစ် ဇူလိုင် အထိ (၅)နှစ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**




### ❂ မြန်မာနှင့်နော်ဝေမှ

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် နော်ဝေနိုင်ငံ၏ ပံ့ပိုးကူညီမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနှင့်နော်ဝေနှစ်နိုင်ငံမိတ်ဖက်အခြေအနေကို ထိန်းသိမ်းထားသကဲ့သို့ နှစ်နိုင်ငံပိုမိုချစ်ကြည်ရင်းနှီးရေးကို လုပ်ဆောင်နေပါကြောင်း၊ နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံ ဒီမိုကရေစီတိုးတက်ထွန်းကားရေးအတွက် အစဉ်တစိုက်အားပေးကူညီခဲ့သည့် နိုင်ငံဖြစ်ပါကြောင်း၊ စွမ်းအင်နှင့်ပတ်သက်၍ နော်ဝေနိုင်ငံ၏ အတွေ့အကြုံများကို ရယူရမည်ဖြစ်ပါကြောင်းနှင့် နော်ဝေနိုင်ငံနှင့် ကောင်းမွန်သည့်ဆက်ဆံရေးကို ဆက်လက်တည်ဆောက်သွားရန် သန္နိဋ္ဌာန်ချထားပါကြောင်း ပြောကြားသည်။

ထို့နောက် နော်ဝေနိုင်ငံခြားရေးဝန်ကြီးက အလုပ်အကိုင်ဖန်တီးရေးတွင် များစွာအခွင့်အလမ်းများရှိနေပါကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရခြင်းသည် မြန်မာနှင့်နော်ဝေ နှစ်နိုင်ငံအကြား ငါးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဒေသတွင်းအခြေအနေများ၊ ကမ္ဘာလုံးဆိုင်ရာခြိမ်းခြောက်မှုများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Borge Brende တို့သည် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**(သတင်းစဉ်)**

# ပြုံယမ်းအရေး အမေရိကန်နှင့် တရုတ်နိုင်ငံတို့ သဘောထားကွဲလွဲ

**နယူးယောက် ဇူလိုင် ၆**

မြောက်ကိုရီးယားနိုင်ငံက ပထမဆုံးအကြိမ် တာဝေးပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှု အောင်မြင်ခဲ့ကြောင်း ဇူလိုင် ၄ ရက်က ကြေညာခဲ့ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ရာ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများက သဘောထားကွဲလွဲမှုများရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

တစ်နာရီခွဲကြာကျင်းပခဲ့သည့် အစည်းအဝေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများက ပြုံယမ်းကို မည်သို့ကိုင်တွယ်ထိန်းချုပ်နိုင်မလဲဆိုသည့် နည်းလမ်းများအပေါ် သဘောထားကွဲလွဲမှုများရှိခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက အမေရိကန်နိုင်ငံအနေဖြင့် မိမိနိုင်ငံအတွက်သာမက ၎င်း၏ မဟာမိတ်နိုင်ငံများ လုံခြုံမှုရှိစေရန်အတွက် အမေရိကန်စစ်တပ်ဖွဲ့များ တပ်ဖြန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးလမ်းကြောင်းများ တင်းကျပ်မှုအပြင် ရေနံထောက်ပံ့မှုကို ကန့်သတ်နိုင်မည့် စီးပွားရေးပိတ်ဆို့မှုနည်းလမ်းအသစ်များ ရှာဖွေကြံဆရန် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။




ဂျပန်နိုင်ငံ ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ ဒုတိယသံအမတ်ကြီး ယာဆူဟီဆာ ကာဝါမူရာက မြောက်ကိုရီးယားနိုင်ငံအား ကိုင်တွယ်ထိန်းချုပ်မည့် နည်းလမ်းအသစ်များကို ထောက်ခံကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံကုလသမဂ္ဂအဖွဲ့ဆိုင်ရာ သံအမတ်ကြီး လီဂျေးရီက ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် သက်ဆိုင်ရာနိုင်ငံများအနေဖြင့် မြောက်ကိုရီးယားနိုင်ငံနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပပြုလုပ်သင့်ကြောင်း ပြောကြားခဲ့သည်။ တရုတ်သံအမတ်ကြီး၏ ပြောကြားချက်ကို ရုရှားနိုင်ငံ သံအမတ်ကြီးက ထောက်ခံခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အမေရိကန်ထံမှ ပက်ထရီးယော့ ဒုံးလက်နက်စနစ်များ ဝယ်ယူရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ပြီဟု ပိုလန်ပြော

**ဝါဆော ဇူလိုင် ၆**

အမေရိကန်ပြည်ထောင်စုထံမှ ပက်ထရီးယော့ဒုံးလက်နက်စနစ်များကို ပိုလန်နိုင်ငံသို့ ရောင်းချပေးရန် သဘောတူညီလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် ပိုလန်အကြား ပက်ထရီးယော့ဒုံးလက်နက်စနစ်များ ရောင်းဝယ်ရေးနှင့် သက်ဆိုင်နေသည့် နားလည်မှုစာချွန်လွှာတစ်ရပ်ကို ဇူလိုင် ၅ ရက်ညက လက်မှတ်ရေးထိုးခဲ့ကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး အန်တိုနီ မာစီယာဝစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပိုလန်နိုင်ငံ မြို့တော်ဝါဆောသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ရောက်ရှိနေသည့်နေ့မှာပင် အဆိုပါနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခြင်းအတွက် မိမိဝမ်းမြောက်မိကြောင်း ကာကွယ်ရေးဝန်ကြီး မာစီယာဝစ်က ပြောကြားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြို့တော်ဝါဆောသို့ ဇူလိုင် ၅ ရက်တွင် ဆိုက်ရောက်လာခဲ့သည်။ သမ္မတထရန့်သည် ဂျာမနီနိုင်ငံ၌ ဇူလိုင် ၇ ရက်မှ ၈ ရက်အထိ ကျင်းပမည့် ဂျီ-၂၀နိုင်ငံများ၏ ထိပ်သီးညီလာခံသို့ တက်ရောက်ခြင်းမရှိမီ ပိုလန်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ သမ္မတ ထရန့်သည် ဝါဆော၌ ရှိနေစဉ်အတွင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)ဆိုင်ရာ အမေရိကန်၏ ကတိကဝတ်ပြုမှုအား ဖော်ပြသည့် မိန့်ခွန်းတစ်ရပ်ကို မြွက်ကြားရန်ရှိနေပြီး ရုရှားနိုင်ငံနှင့် နယ်မြေအရ နီးစပ်မှုရှိသော နိုင်ငံများ၏အုပ်စုတစ်စုနှင့် ဆွေးနွေးရန်ရှိကြောင်း အိမ်ဖြူတော်က ပြောကြားသည်။

ယခုနှစ်ကုန်ထက် နောက်မကျဘဲ ပက်ထရီးယော့ဒုံးလက်နက်ကာကွယ်ရေးစနစ် ရှစ်ခုဝယ်ယူနိုင်ရေးအတွက် အမေရိကန် ရေသီယွန် ကုမ္ပဏီနှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ကြောင်း ပိုလန်အစိုးရအဖွဲ့က ပြီးခဲ့သည့်မတ်လတွင် ပြောကြားခဲ့သည်။ အဆိုပါဒုံးခွင်းဒုံးစနစ်များ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆ ဘီလီယံ ရှိမည်ဆို၏။

၂၀၂၃ ခုနှစ်ထက်နောက်မကျဘဲ ပိုလန်တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် ထူထောင်နိုင်ရေးအတွက် ဒုံးခွင်းဒုံးစနစ်များ ဝယ်ယူရေးမှာ အရေးကြီးသည်ဟု ပိုလန်တာဝန်ရှိသူများက ပြောကြားကြသည်။ **ရိုက်တာ။**



# ဗင်နီဇွဲလားလွှတ်တော်အဆောက်အအုံအတွင်း အစိုးရထောက်ခံသူ လူအုပ်ကြီးက အမတ်များကို ရိုက်နှက်တိုက်ခိုက်မှုဖြစ်ပွား



**ကရာကတ်စ် ဇူလိုင် ၆**

ဗင်နီဇွဲလားနိုင်ငံ၌ အတိုက်အခံပါတီအမတ်များက ထိန်းချုပ်ထားသော ကွန်ဂရက်လွှတ်တော်အဆောက်အအုံအတွင်းသို့ အစိုးရထောက်ခံသူ လူအုပ်ကြီးက အတင်းဝင်ရောက်လာခဲ့ပြီးနောက် အမတ်များကို ပိုက်လုံးများနှင့် တုတ်များ အသုံးပြုကာ ရိုက်နှက်တိုက်ခိုက်ခဲ့ကြောင်း၊ အစိုးရထောက်ခံသူများသည် လွှတ်တော်အမတ်များကို နာရီအတန်ကြာမျှ ဝန်းပတ်ပိတ်ဆို့ထားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဗင်နီဇွဲလားနိုင်ငံမြို့တော် ကရာကတ်စ်ရှိ ကွန်ဂရက်လွှတ်တော်အဆောက်အအုံတွင် ဇူလိုင် ၅ ရက်က ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ လတ်တလော နိုင်ငံရေးအကျပ်အတည်းတွေ့ကြုံနေရချိန်တွင် အဓမ္မတိုက်ခိုက်မှုဖြစ်စဉ်တစ်ခုဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

လွှတ်တော်အမတ်များနှင့် အစိုးရထောက်ခံသူလူအုပ်ကြီးတို့ ရုတ်ရုတ်သဲသဲ ထွေးလားလုံးလားဖြစ်ခဲ့ကြပြီး အတိုက်အခံနိုင်ငံရေးသမား ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း၊ ဗင်နီဇွဲလားလွတ်လပ်ရေးနေ့အထိမ်းအမှတ် လွှတ်တော်အထူးအစည်းအဝေး ကျင်းပနေချိန်အတွင်း လွှတ်တော်အဆောက်အအုံတွင် နိုင်ငံရေးသမားများ၊ သတင်းထောက်များနှင့် ဧည့်သည် ၃၅၀ ကျော်ရှိနေခဲ့ပြီး လူအများမှာ ပိတ်မိနေခဲ့ကြရကြောင်း၊ နေဝင်ဖျိုးဖျအချိန်ရောက်သည်အထိ လူအုပ်ကြီး၏ပိတ်ဆို့ထားမှုကို တွေ့ကြုံခံစားခဲ့ကြရကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဂျူလီယိုဘောဂတ်စ်က ပြောကြားသည်။

ကွန်ဂရက်အဆောက်အအုံအနီးတစ်ဝိုက်တွင် သွေးကွက်များ၊ ပျက်စီးနေသည့်ကားများနှင့် ကျည်ဆန်များကို တွေ့ရကြောင်း ဘောဂတ်စ်က ပြောကြားသည်။

ကရာကတ်စ်မြို့လယ်ရှိ လွှတ်တော်အဆောက်အအုံပြင်ပ၌ ဝေလီဝေလင်းအချိန်တွင် လူအုပ်ကြီးစုဝေးခဲ့ကြပြီး သမ္မတ နီကိုလပ်စ် မာဒူရိုအား ထောက်ခံသည့် ကြွေးကြော်သံများကို ဟစ်ကြွေးခဲ့ကြကြောင်း၊ နေ့လယ် မရောက်မီမှာပင် လူအုပ်ကြီးက ပိုက်လုံးများ၊ တုတ်ချောင်းများနှင့် ကျောက်တုံးများကို ကိုင်ဆောင်ကာ လွှတ်တော်ဂိတ်များကို ဖြတ်ကျော်ဝင်ရောက်ခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

**ရိုက်တာ။**



# အင်ဒိုနီးရှားနှင့် အမေရိကန်ရေတပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်

**ဂျကာတာ ဇူလိုင် ၆**

နှစ်နိုင်ငံရေတပ်ဖွဲ့များ၏ တိုက်ခိုက်ရေးအစီအစဉ်ရေးဆွဲခြင်း စွမ်းပကားတိုးတက်စေရန် ရည်ရွယ်လျက် အမေရိကန်နှင့် အင်ဒိုနီးရှားနိုင်ငံများ၏ ရေတပ် တပ်ဖွဲ့များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၅ ရက်တွင် စတင်ပြုလုပ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စစ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေး လုပ်ငန်းစဉ်အတွက် ကျွမ်းကျင်မှုဖလှယ်ခြင်းဟု အမည်ပေးထားသည့် စစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ် ဆီဒိုအာဂျိုမြို့ရှိ အင်ဒိုနီးရှားရေတပ်အခြေစိုက်စခန်းရှိရာ ဂျီဒန်ဂမ်၌ စစ်ရေးလေ့ကျင့်မှုပြုလုပ်လျက်ရှိသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုအစီအစဉ်သည် အင်ဒိုနီးရှားနှင့် အမေရိကန်အကြား စစ်ရေးဆိုင်ရာ အစီအစဉ်ရေးဆွဲခြင်းနှင့်ပတ်သက်၍ ကျွမ်းကျင်မှုဖလှယ်ရန် ရည်ရွယ်ကြောင်း အင်ဒိုနီးရှားရေတပ်၏ အမှတ်(၃) ခြေလျင်တပ်ရင်း၏ တပ်ရင်းမှူး ပရာဆီယက်တို ပန်အန်ဒီတိုကက ပြောကြားသည်။ **ဆင်ဟွာ။**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ဆွေးနွေးချက်များကို အများထင်သာမြင်သာရှိအောင် တရားဝင်ထုတ်ပြန်အသိပေးသွားမည်

**နေပြည်တော် ဇူလိုင် ၆**

ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်၍ ဆွေးနွေးချက်များကို အများထင်သာမြင်သာရှိအောင် တရားဝင် ထုတ်ပြန်အသိပေးသွားမည်ဖြစ်ပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

ဒုတိယဝန်ကြီးက ယင်းသို့အသိပေးရာတွင် ဒေသခံများနှင့် ထိတွေ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီရုံး၊ CITIC ကုမ္ပဏီနှင့်ဖွဲ့စည်းမည့် မြန်မာအများပိုင်ကုမ္ပဏီတို့တွင် တိုက်ရိုက်ဆက်သွယ် မေးမြန်းသိရှိနိုင်ပါကြောင်း ပြောသည်။

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၏ **ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် မည်သည့်အချိန်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ပါမည်နည်း၊ တင်ဒါအောင်မြင်ထားသည့် CITIC ကုမ္ပဏီအနေဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ရန် မည်သည့်အစီအမံများ ပြုလုပ်နေသည်ကို ဒေသခံပြည်သူများအား ရှင်းပြပေးပါမည်လား၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ပထမအဆင့် ဆောင်ရွက်မည့်စီမံချက်များကို ဒေသခံများသိရှိခွင့်ရနိုင်ပါမည်လား** မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီးတည်ဆောက်မည့်သူနှင့် ဖက်စပ်လုပ်ကိုင်မည့် နိုင်ငံတော်က သတ်မှတ်ပေးမည့် မြန်မာအများပိုင်ကုမ္ပဏီ ( Government Designated Entity-GDE) ဖွဲ့စည်းနိုင်ရေးအတွက် စိတ်ဝင်စားမှုဖော်ပြလွှာကို ခေါ်ယူခဲ့ပြီး အဆိုပြု မြန်မာကုမ္ပဏီ ၅၂ ခုဖြင့် မြန်မာကျောက်ဖြူအထူးစီးပွားရေးဇုန် ဦးပိုင်ကုမ္ပဏီအုပ်စု ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။


ဒုတိယဝန်ကြီး
ဦးအောင်ထူး


ကျောက်ဖြူမဲဆန္ဒနယ်မှ
ဦးဘရှိန်


မောက်မယ်မဲဆန္ဒနယ်မှ
ဦးစိုင်းငေါ်ဆိုင်ဟိန်း

ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် CITIC ကုမ္ပဏီ၊ မြန်မာအများပိုင်ကုမ္ပဏီတို့နှင့် ငွေကြေးထည့်ဝင်မှု၊ အစုရှယ်ယာပိုင်ဆိုင်မှု အချိုးဆိုင်ရာ ကိစ္စရပ်များ၊ ဘဏ်ချေးငွေဆိုင်ရာကိစ္စရပ်များ၊ ပတ်ဝန်းကျင် ထိခိုက်မှု၊ လူမှုရေးထိခိုက်မှုဆန်းစစ်ချက်၊ မြေပြင်အနေအထားဆိုင်ရာ စစ်တမ်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မူဘောင်သဘောတူညီချက်ဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း၊ ဆွေးနွေးဆောင်ရွက်မှု ရလဒ်များအပေါ် မူတည်ပြီး စီမံကိန်းလုပ်ငန်းများကို အဆင့်လိုက်သတ်မှတ်၍ လုပ်ထုံးလုပ်နည်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

ရှင်းလင်းဖြေကြားမှုအပြီးတွင် မေးခွန်းရှင် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က ဆက်စပ်မေးခွန်းအဖြစ် မြေတစ်ဧကလျှင် ငွေကျပ် သိန်း ၇၀၀၊ ၈၀၀၊ ၉၀၀ အထိ တောင်းဆိုမှုများ ရှိနေသည့်အတွက် တာဝန်ရှိသူများက မြေပြင်သို့ကွင်းဆင်း၍ ဒေသခံပြည်သူများအား ဆောင်ရွက်မည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပေးရန်နှင့် စပ်လျဉ်း၍မေးမြန်းရာ ဒုတိယဝန်ကြီးက ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ အကျိုးအမြတ်များသည် ၂၀၃၉ ခုနှစ်မှ ရရှိမည်ဟု ခန့်မှန်းထားပါကြောင်း၊ အရင်းအနှီးပမာဏကြီးမားပါကြောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်သည့်အခါတွင် မဟာဗျူဟာအရ အရေးပါသည့်အတွက်ကြောင့် မြင်သာထင်သာရှိစွာဖြင့် တိုင်ပင်ညှိနှိုင်းမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေယာလျော်ကြေးများနှင့်ပတ်သက်ပြီး သီလဝါစက်မှုဇုန်တွင် မြေယာလျော်ကြေး ယခုနှစ်အတွင်းပေးသည်မှာ ရန်ကုန်နှင့် အနီးဆုံးနေရာတွင် ငွေကျပ် သိန်း ၂၅၀ ဖြစ်ပါကြောင်း၊ ကျောက်ဖြူဒေသတွင် ယခုတောင်းနေသည်မှာ မြေတစ်ဧကကို သိန်း ၉၀၀ အထိ တောင်းနေသည်ကို တွေ့ရပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဒေသခံများနှင့် တွေ့ဆုံညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါ်ဆိုင်ဟိန်း၏ **ကဒူးကြီးဒေသမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်လာကြသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ၎င်းတို့ဘဝလုံခြုံရေးအတွက် မည်ကဲ့သို့ ကူညီဖြေရှင်းပေးခဲ့ပြီး မည်သည့်အတိုင်းအတာ၊ မည်သည့်အချိန်ကာလအထိ ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရှမ်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများကို သက်ဆိုင်ရာအစိုးရအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းထောက်ပံ့လျက်ရှိပါကြောင်း။

မောက်မယ်မြို့နယ် ကဒူးကြီးကျေးရွာအုပ်စု မိုက်ရှားစေးကျေးရွာနှင့် ပုံးစုတ်ကျေးရွာမှ စုစုပေါင်းအိမ်ထောင်စု ၄၅ စု လူဦးရေ ၂၀၉ ဦးသည် မောက်မယ်မြို့နယ် ဘန်းမတ်ကျေးရွာအုပ်စု နားဟီးကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခိုလှုံလျက်ရှိပါကြောင်း၊ ၎င်းတို့၏စားဝတ်နေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၁၅ သိန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးမှူးရုံးမှ ၂၀၁၇ ခုနှစ် မေ ၁၇ ရက်တွင် ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆီ၊ ဆန်ရိက္ခာ၊ အထောက်အပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၄၈၂၇၀ ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ် မေ ၃၀ ရက်တွင် ဆီ၊ ဆန်ရိက္ခာအတွက် ငွေကျပ် ၁၁၄၈၂၅၀ ကိုလည်းကောင်း ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် ယာယီမိုးကာတဲပြုလုပ်ရန်အတွက် တာပေါ်လင်မိုးကာလိပ် ၆ ပေ × ပေ ၃၀၀ အရွယ်အစားရှိ ၁၂ လိပ်၊ ရေသန့်ဆေးဖာပေါင်း ၅၀ နှင့် အခြားအလှူရှင်နှင့် ပရဟိတအဖွဲ့များမှ ငွေကျပ် ၁၉၃ သိန်းကျော်ကို ထပ်မံထောက်ပံ့ခဲ့ပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အထောက်အပံ့ပစ္စည်းများ ဆက်လက်ပေးအပ်ရေးအတွက်

စာမျက်နှာ ၉ သို့ ❖

# စည်းကမ်းဖောက်ဖျက်ဖမ်းဆီးသော ကမ်းဝေးငါးဖမ်းရေယာဉ်များကို ငါးဖမ်းလိုင်စင်ရာသက်ပန်ပိတ်သိမ်းသည်အထိ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ တောင်သူလယ်သမားရေးရာ ကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီများ ပြန်လည်ဖွဲ့စည်းခြင်းအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး၏ **ဟားခါးမြို့ ဟရန်ဟရိန်း ကျေးရွာလမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်၏ ၂၀၁၅ - ၂၀၁၆ ဘတ်ဂျက်ဖြင့် ကျောက်ခင်းခြင်းနှင့်စပ်လျဉ်း၍ တာဝန်ကျေမှုမရှိသော Global Village Company ၏ လုပ်ဆောင်ချက်ကို စစ်ဆေးပေးရန်နှင့် ပြည်သူများ ကျေနပ်လက်ခံနိုင်သည့်လမ်းအဖြစ် ပြန်လည်လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဟရန်ဟရိန်းကျေးရွာလမ်းသည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၈၃ ဒသမ ၂၉၁ သန်းဖြင့် ကျောက်လမ်း ငါးမိုင်အား Global Village Company မှ တင်ဒါအောင်မြင်ပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းသာပြီးစီး၍ ဆောင်ရွက်ဆဲလုပ်ငန်း ဖြစ်ပါကြောင်း။

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အဆိုပါလုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းပြည့်မီ၍ ကျေးရွာပြည်သူလူထု အသုံးပြုနိုင်သည့် ကျောက်ခင်းလမ်းဖြစ်ရန်အတွက် ကုမ္ပဏီအား တွန်းအားပေးပြီး ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း စစ်ဆေးကြပ်မတ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ **ကျောက်တန်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော ပါဒဝရေတံခါးနှင့်ပတ်သက်ပြီး ပြည်သူလူထုကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းချပြမှုမရှိကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေကျော်နှင့် ကြာကန်ကျေးရွာများမှ လယ်မြေများသည် အနိမ့်ကွင်းများ ဖြစ်သည့်အတွက် ကြာကန် - ကန်ပြောင် ကားလမ်း မိုင်တိုင် (၂/၆) မှ (၃/၇) အတွင်း ကားလမ်းဘေးမြောင်းအား ပြန်လည်တူးဖော်ပေးမည်ဖြစ်ပြီး တူးဖော်ပြီးပါက ကွင်းရေများအား ထုတ်နုတ်ပေးနိုင်မည်ဖြစ်သဖြင့် ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် ကြာကန်၊ ရေကျော်၊ ဆေးလုံးကြီး၊ ချောင်းစောက်၊ ညောင်ဝိုင်း၊ ကန်ပြောင်၊ ပါဒကြီး၊ ပီလခတ်နှင့် သောင်ကြီးကျေးရွာများမှ ကွင်းရေများ ထုတ်နုတ်ပေးနိုင်ရန်နှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ပါဒဝချောင်းထိပ်တွင် ပါဒကြီးရေတံခါးကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်ပေးနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဒေသခံပြည်သူများအား ပြန်လည်ရှင်းလင်း အသိပေးဆွေးနွေးခဲ့ပါကြောင်း။


ဒုတိယဝန်ကြီး
ဦးလှကျော်


တနင်္သာရီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း


ယခုအခါ ပါဒကြီး ရေတံခါးတည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ရေတံခါးတည်ဆောက်ခြင်းဖြင့် ကျောက်တန်းမြို့နယ် အရှေ့ဘက်ခြမ်းကျေးရွာများမှ လယ်ယာမြေ ဧက ၄၅၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေခြင်းနှင့် ရေငန်ဝင်ရောက်မှုမှ ကာကွယ်ပေးနိုင်မည့်အပြင် ရေချိုထိန်းသိမ်းထားနိုင်သည့်အတွက် နွေသီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီး ဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ကျောက်တန်းမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် ပါဒကြီးရေတံခါးမှာ ဒေသခံတောင်သူများ၏ လိုအင်ဆန္ဒအရ တင်ပြမှုအပေါ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်များမှ ရန်ပုံငွေစိစစ်ခွင့်ပြုခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ရန်ပုံငွေ ခွဲဝေရရှိပြီးချိန်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအား ပွင့်လင်းမြင်သာစွာ အသိပေးရှင်းလင်းဆွေးနွေးပြီးမှ ဆောင်ရွက်ခဲ့ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၏ **မြန်မာ့ပင်လယ်ပြင်အတွင်းရှိ သက်ဆိုင်ရာဒေသ သို့မဟုတ် ငါးဖမ်းကွက်အလိုက် ငါးအမျိုးအစားများကို စနစ်တကျ သုတေသနပြုလုပ်၍ ငါးသားပေါက် ရာသီအလိုက် ငါးမဖမ်းရ နယ်မြေများသတ်မှတ်၍ သတ်မှတ်ထားသော ငါးမဖမ်းရ ဧရိယာအတွင်း သတ်မှတ်ကာလအထိ ကမ်းဝေးငါးဖမ်းလှေများကို လုံးဝ ဖမ်းဆီးခြင်းမပြုရန်နှင့် တားမြစ်ချက်များအား မလိုက်နာသော ကမ်းဝေးငါးဖမ်းလှေများကို ထိထိရောက်ရောက် အပြစ်ပေးအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါးဖမ်းရေယာဉ်များ ရပ်နားထားရန် နေရာလုံလောက်မှုမရှိခြင်း၊ ရေလုပ်ငန်းနှင့် ဆက်နွှယ်နေသော

စာမျက်နှာ ၆ သို့ ❒

# ဗြဟ္မစိုရ်တရားနှင့် ငြိမ်းချမ်းရေး



ကမ္ဘာပေါ်ရှိ ဘာသာအယူဝါဒအမျိုးမျိုးကို စတင်တည်ထောင်သွားကြသော ဘာသာရေးမီးရှူးတန်ဆောင်ဖြစ်သည့် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ကြီးများသည် လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၏ ချမ်းသာကြောင်းဖြစ်သော တရားများကို မိမိတို့ကိုယ်တိုင် ရှာဖွေကျင့်သုံးပြီး နောင်လာနောက်သား ဝေနေယျသတ္တဝါများအကျိုးငှာ ဘာသာအယူဝါဒများကို တည်ထောင်ခဲ့ကြခြင်းဖြစ်သည်။ ထိုဘာသာဝင်တိုင်းသည် မိမိတို့ကိုးကွယ်ရာ ဘာသာအယူဝါဒကို စတင်ထူထောင်သည့် ဘာသာရေးရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ကြီးတို့၏ လမ်းညွှန်ချက်များကို မမှိတ်မသုန် ယုံယုံကြည်ကြည် လိုက်နာကျင့်သုံးနေကြသော သူများသာဖြစ်ကြပါသည်။

ဆရာတော်တို့၏ ဗုဒ္ဓမြတ်စွာ ဂေါတမဘုရားရှင်သည် ကမ္ဘာကြီး ငြိမ်းချမ်းသာယာစေရေးအတွက် ဗြဟ္မစိုရ်တရားများကို ဟောကြားတော်မူခဲ့ပါသည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများသည် လိုက်နာကျင့်ကြံသူ လူနတ်ပြဟ္မာ သတ္တဝါအားလုံးကို ချမ်းသာသုခကို ပေးစွမ်းနိုင်သည်။ ကမ္ဘာသူ ကမ္ဘာသား နိုင်ငံသူ နိုင်ငံသားတိုင်းသည် ဗြဟ္မစိုရ်တရားလေးပါးကို လိုက်နာကျင့်သုံးကြပါက ဤကမ္ဘာလောကကြီးသည် ငြိမ်းချမ်းသာယာသောကမ္ဘာကြီးဖြစ်လာမည်မှာ မလွဲဧကန်ပင် ဖြစ်ပါသည်။

မှန်၏။ ငြိမ်းချမ်းသာယာ၍ နေချင်စရာကောင်းသော ကမ္ဘာလောကကြီးတစ်ခု တည်ဆောက်ရန်မှာ လူသားတစ်ဦးချင်းစီ၏ အသိဉာဏ်၊ အတွေးအခေါ်နှင့် ထိုအသိဉာဏ်၊ အတွေးအခေါ်များမှ ပေါက်ဖွားလာသော အကျင့်စရိုက်တို့အပေါ် လွန်စွာတည်မှီနေပေသည်။ ယနေ့ခေတ်အခါသမယ၌ နည်းပညာစွမ်းအားဖြင့် နိုင်ငံတစ်ခုနှင့်တစ်ခု၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ လူပုဂ္ဂိုလ်တစ်ဦးနှင့် တစ်ဦးအကြား နီးကပ်စွာဆက်သွယ်ပေါင်းဆက်နေကြသည်ဖြစ်၍ ထိုအချင်းချင်းဆက်နွှယ်မှုများပင် ဗြဟ္မစိုရ်တရားများဖြင့် လွှမ်းခြုံပတ်သက်ဆက်နွှယ်နေပါက ကမ္ဘာလောကကြီးသည် အလွန်ငြိမ်းချမ်းလာပေလိမ့်မည်။

ဗြဟ္မစိုရ်တရားလေးပါးရှိ မေတ္တာဆိုသည်မှာ လူသားတစ်ဦးအပေါ်တစ်ဦး အကျိုးစီးပွားကို လိုလိုလားလား ကူညီဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါသည်။ ထိုမေတ္တာကိုကျင့်သုံးရာ၌ လမ်းသွားနေလျှင်ပင် လမ်းပေါ်ရှိ အမှိုက်သရိုက်၊ ဆူးငြောင့်ခလုတ် အတားအဆီးများကို တွေ့ပါကဖယ်ရှား၍ မိမိနည်းတူ အခြားလမ်းသွားလမ်းလာပုဂ္ဂိုလ်များကိုလည်း ဆူးငြောင့်ခလုတ်များ မစူးမိ၊ မတိုက်မိစေရန်လည်းကောင်း၊ အတားအဆီးများကိုဖယ်ရှား၍ အလွယ်တကူ ဖြတ်သန်းသွားနိုင်ကြစေရန်လည်းကောင်း ပြုမူဆောင်ရွက်ပေးခြင်းကို ကာယကံမေတ္တာ ကိုယ်ဖြင့်မေတ္တာပွားခြင်းဟု ဆိုလိုပေသည်။

ဝစီကံမေတ္တာအနေဖြင့် မိမိသည်လည်း ဘေးရန်ကင်းကွာ ကျန်းမာချင်သကဲ့သို့ မိမိကိုယ်ကိုယ် ထပ်တူပြု၍ အခြားပုဂ္ဂိုလ်တို့အားလည်း "ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ"ဟု နှုတ်ဖြင့်မေတ္တာပို့ သကဲ့သို့ တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင် မေတ္တာစိတ်ဖြင့် ကောင်းကျိုးချမ်းသာဖြစ်စေမည့် အကြံကောင်း၊ ဉာဏ်ကောင်းများ ပြောပေးခြင်းသည်လည်း ဝစီကံမေတ္တာပင်ဖြစ်ပါသည်။ အကျိုးကိုလိုလားသော စကားသံများသည် ကြားရလျှင် ကြားရသူတစ်ဦးအဖို့ ငြိမ်းချမ်း၍ စိတ်ခွန်အားတက်ကြွစေမည့် အသံမျိုးပင်ဖြစ်သည်။ မနောကံမေတ္တာဆိုသည်မှာ မေတ္တာဘာဝနာ ပွားများအားထုတ်သည့် အဆင့်မျိုးပင်ဖြစ်သည်။ မေတ္တာမနောကံ-မေတ္တာစိတ်ကို မွေးမြူခြင်းပင်ဖြစ်ပါသည်။ စိတ်ထဲ၊ နှလုံးထဲတွင် မေတ္တာဓာတ်များကိန်းနေစေရန် မေတ္တာဘာဝနာကို အားထုတ်နိုင်ရန်နည်းကိုလည်း "မေတ္တာသုတ်" ဖြင့် မြတ်စွာဘုရားရှင်က နည်းလမ်းပေးထားတော်မူပါသည်။

ဗြဟ္မစိုရ်တရားလေးပါးမှ ဒုတိယဖြစ်သော ကရုဏာဆိုသည်မှာ "သနားခြင်း"ဟု အဓိပ္ပာယ်ရှိရာ သန့်ရှင်းပြတ်သားသည့်အဓိပ္ပာယ်ကိုဆောင်ပါသည်။ ဆင်းရဲဒုက္ခကြုံနေသူတစ်ဦးဦးကို တွေ့ရကြုံရလျှင် ထိုဆင်းရဲဒုက္ခမှ လွတ်စေချင်သည့်စိတ်ထားမျိုးဖြစ်ပါသည်။ **"ဒုက္ခာပနယနာကာရပ္ပ ဝတ္တိလက္ခဏာ"** ဆင်းရဲခြင်းကို ပယ်လိုသော အချင်းအရာအားဖြင့် ဖြစ်ခြင်းသဘောလက္ခဏာဟု ဝိသုဒ္ဓိမဂ်တွင် ဖွင့်ဆိုပါသည်။ တစ်ဦးတစ်ယောက်ဖြစ်စေ၊ အများဖြစ်စေ ဆင်းရဲဒုက္ခရောက်နေသည်ကို မြင်ရတွေ့ရသော်လည်းကောင်း၊ ကြားရသိရသော်လည်းကောင်း၊ သူတော်ကောင်းတို့၏ စိတ်နှလုံးလှုပ်ခတ်သနားခြင်း စိတ်ဓာတ်ကို ဖြစ်စေတတ်ခြင်းကိုပင် ကရုဏာဟု ခေါ်လေသည်။ မိမိအောက် နိမ့်ကျသူ၊ အင်အားနည်းသူများကို သနားညှာတာခြင်း၊ ကြင်နာယုယခြင်းပင်ဖြစ်သည်။

မေတ္တာကဲ့သို့ ချစ်ခြင်း၊ အကျိုးလိုလားခြင်းမျိုးမဟုတ်ဘဲ သနားစရာကောင်းသူ၊ ဒုက္ခဆင်းရဲနှင့် ကြုံတွေ့ရသူများကို အာရုံပြု၍ ကရုဏာပွားရမည်ဟုဆိုသည်။ အတိဒုက္ခရောက်၍ သနားစရာကောင်းသောသူကို မတွေ့သော် မကောင်းမှုအကုသိုလ်အမှုများဖြင့် ချမ်းသာနေသူကို သေဒဏ်အမိန့်ကျပြီး အသတ်ခံရမည့်သူနှင့် နှိုင်းယှဉ်၍ ကရုဏာပွားစေရမည်ဟု ဆိုပါသည်။ နှိုင်းယှဉ်ပုံမှာ ရှေးခေတ်များ၌ သေဒဏ်ကျပြီးသောသူကို သူသတ်သမားများက ကြိုးနှင့်ချုပ်နှောင်၍ မြို့တွင်းမှ သုသာန်သို့ခေါ်ဆောင်စဉ် လမ်းဆုံတိုင်းတွင် ရပ်တန့်စေပြီး ရိုက်ကြနှိပ်စက်ပြကြသည်။ ထိုသူကိုမြင်ကြရ၍ သနားကြသောသူများက စားသောက်ဖွယ်အကောင်းအမွန်များကို ပေးကမ်းရာ အသတ်ခံရမည့်သူသည် အခွင့်သာသည့်အချိန်ပိုင်းတွင် အမွန်အမြတ် စားသောက်ဖွယ်ရာများကို စားသုံးရ၍ ချမ်းသာကိုခံစားနေသည်ဟု လူအများက မြင်ရ၏။ သို့သော်လည်း မြင်ရသူလူအများအနေဖြင့် မကြာခင် သေရှာတော့မည့် ခြေလှမ်းတိုင်းသေရန်သာလှမ်းနေရရှာသည်ဟု သနားနေ၊ ကရုဏာသက်နေကြလေသည်။ ယနေ့ခေတ်တွင် ဒုက္ခရောက်သူများ များပြားနေရသည်ဟု သတင်းများတွင် တွေ့မြင်နေရရာ **"ဒုက္ခာ မုစ္စန္တု-** ဆင်းရဲမှ လွတ်ကြပါစေ"ဟု မပြတ်နှလုံးသွင်းပွားများနိုင်လျှင် ကရုဏာဗြဟ္မစိုရ်တရားပွားများနေခြင်းဟု ဆိုရမည်ပင်ဖြစ်ပါသည်။

လူသားအချင်းချင်း မိမိထက်ဂုဏ်အားဖြင့် သာလွန်မြင့်မြတ်သူ၊ စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာပြည့်စုံသူများကိုကြည့်၍ ဝမ်းမြောက်ခြင်း၊ မနာလိုမရှုဆိတ်မဖြစ်ခြင်းကို မုဒိတာဗြဟ္မစိုရ်ဟု ဆိုပါသည်။ **"ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု-** ရရှိထားပြီး စည်းစိမ်ဟူသမျှမှ မကင်းကွာ မဆုတ်ယုတ်ကြပါစေလင့်"ဟု ပွားများကြသည်။ ဝိသုဒ္ဓိမဂ်တွင်မူ "သူ့ကံနှင့်သူ အကျိုးပေးနေသော သတ္တဝါတို့သည် ရရှိထားသော စည်းစိမ်ဥစ္စာတို့မှ ဘယ်သူ့အလိုဖြင့်မျှ မဆုတ်ယုတ်ကုန်ပါလိမ့်နည်း၊ မဆုတ်ယုတ်မဆုံးရှုံးဘဲ ရှိကုန်လိမ့်နည်း"ဟု ဖွင့်ဆိုပါသည်။ သူ့ပြုမူဆောင်ရွက်ချက်များကြောင့် စည်းစိမ်ဥစ္စာပြည့်စုံနေသူတို့ကို တစ်စုံတစ်ခုသော ပယောဂကြောင့် မလျော့ပါး မပျက်စီးစေချင်သည့် စိတ်သဘောထားဖြစ်သည်။ စည်းစိမ်ချမ်းသာပြည့်စုံသူများကိုသာမက နေသာထိုင်သာ အသင့်အတင့် ပြီးပြည့်စုံသော သူများကိုလည်း အာရုံပြု၍ မုဒိတာဗြဟ္မစိုရ်ပွားများနိုင်ပါသည်။

စတုတ္ထမြောက် ဥပေက္ခာဗြဟ္မစိုရ်တရားအနေဖြင့် တစ်ဦးအပေါ်တစ်ဦး ချစ်ခြင်း မုန်းခြင်းမဖက် တည်ကြည်သော သဘောထားသက်သက်ကို ဥပေက္ခာဟုဆိုပါသည်။ ဤသဘောအရ တစ်ဖက်သားကို လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ပေးခြင်း၊ သူတစ်ပါးအပေါ် မိမိပြဋ္ဌာန်းချက်များကို အတင်းအကြပ် ချမှတ်ပေးမထားခြင်းဟု အဓိပ္ပာယ်သက်ရောက်နိုင်ပေသည်။ ဥပေက္ခာသည် ဗြဟ္မစိုရ်တရားလေးပါးတွင် ချမ်းသာပါစေဟူသော ချစ်ခြင်းမေတ္တာဖြင့် ကြောင့်ကြစိုက်မှု၊ ဆင်းရဲအပေါင်းမှ လွတ်ကင်းပါစေဟူသော သနားကရုဏာဖြင့် ကြောင့်ကြစိုက်မှု၊ မဆုတ်ယုတ်ဘဲ ချမ်းသာမြဲ ချမ်းသာကြပါစေဟူသော ဝမ်းမြောက်ခြင်းမုဒိတာဖြင့် ကြောင့်ကြစိုက်မှုများကို ဖယ်ရှား၍ ကြောင့်ကြမှုမပြု လျစ်လျူရှုသည့် သဘောပင်ဖြစ်သည်။ အားလုံးသော သတ္တဝါများအပေါ် **"သဗ္ဗေသတ္တာကမ္မဿကာ"** အားလုံး သတ္တဝါတွေအဖို့ ချမ်းသာခြင်း ဆင်းရဲခြင်းတို့ ကြုံတွေ့ရန်မှာ ကိုယ်တိုင်ပြုလုပ်ထားသော ကိုယ့်အမှု ကိုယ့်ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိနေကြသည်ဟု လျစ်လျူရှုခြင်းပင်ဖြစ်သည်။

ယနေ့ကမ္ဘာကြီးသည် နိုင်ငံရေး၊ လူမျိုးရေး၊ သာသာရေး၊ စီးပွားရေး စသော ကွဲပြားမှုအသီးသီးကို အကြောင်းပြုကာ လိုချင်တပ်မက်မှုလောဘ၊ ခက်ထန်ကြမ်းတမ်းမှုဒေါသ၊ စဉ်းစားတွေးခေါ်မှုကင်းမဲ့သည့် မသိမိုက်မဲမှုမောဟတို့ကို အခြေခံ၍ အကြမ်းဖက်မှုများ၊ ဆူပူသောင်းကျန်းမှုများ၊ ရက်စက်ကြမ်းကြုတ်မှုများ၊ စစ်မက်ဘေးအန္တရာယ်များ၊ ဆန်းပြားသော ရောဂါဘေးအန္တရာယ်များနှင့် ရေကြီးခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်း စသော သဘာဝဘေးအန္တရာယ်တို့အပြင် လူသားတို့ဖန်တီးတီထွင်ထားသော နျူကလီးယားစွမ်းအင်သုံး စက်ရုံပေါက်ကွဲမှု၊ ကျောက်မီးသွေးတွင်းပြိုကျမှု စသည့် ဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် လူသားတိုင်း လူသားတိုင်း စိုးရိမ်မှု၊ ထိတ်လန့်မှု၊ ကြောက်ရွံ့မှု၊ ငိုကြွေးမှု၊ ပူဆွေးမှု၊ စိတ်နှလုံး မသာယာမှုများကို နေ့စဉ် ထိတွေ့ခံစားနေကြရသည်။

လူသားတို့ နေ့စဉ်ကြုံတွေ့ခံစားနေရသော စိုးရိမ်မှု၊ ထိတ်လန့်ပူဆွေးမှု၊ ငိုကြွေးနေရမှု၊ အနိဋ္ဌာရုံသတင်းမြင်ကွင်းများကြောင့် စိတ်နှလုံးမသာယာမှုများမှ လွတ်မြောက်ရန် တစ်ခုတည်းသော နည်းလမ်းမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားများကို ကမ္ဘာသူ ကမ္ဘာသားများအားလုံး အားထုတ်ပွားများရန်သာဖြစ်ပါသည်။ ဗြဟ္မစိုရ်တရားများ ကျင့်သုံးပွားများကြရာတွင် အင်အားကြီးသူများသည် ကရုဏာဗြဟ္မစိုရ်တရားနှင့် ဥပေက္ခာဗြဟ္မစိုရ်တရားများကို ကျင့်သုံးသင့်ကြပြီး အင်အားနည်းသူများက မုဒိတာဗြဟ္မစိုရ်တရားကို ကျင့်သုံးကြရန် ဖြစ်ပါသည်။ မေတ္တာဗြဟ္မစိုရ်တရားကိုကား အင်အားကြီးသူ၊ အင်အားနည်းသူတို့ အပါအဝင် လူသားတိုင်း လူသားတိုင်း ကျင့်သုံးပွားများသင့်ပေသည်။

ထိုသို့ ကျင့်ကြံပွားများအားထုတ်ပါက ကမ္ဘာ့လူသားအားလုံး လိုလားတောင့်တလျက်ရှိသော ငြိမ်းချမ်းသာယာ၍ နေချင်စရာ သာယာအေးချမ်းသည့် ကမ္ဘာလောကကြီးတစ်ခုဖြစ်လာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဘာသာရေးခေါင်းဆောင် ပုဂ္ဂိုလ်များက ကမ္ဘာကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာရေးအတွက် ကမ္ဘာသူ ကမ္ဘာသားအားလုံး၏ ရင်ထဲနှလုံးသားထဲတွင် ဘုရားရှင် အဆုံးအမ ဗြဟ္မစိုရ်တရားတော်များ ရောက်ရှိကျင့်ကြံနေထိုင်ရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ဤဗြဟ္မစိုရ်တရားလေးပါးကို သေချာစွာနားလည်သဘောပေါက်ပြီး လက်ခံကျင့်သုံးကြပါက ကာယကံလွန်ကျူးမှု၊ ဝစီကံလွန်ကျူးမှုများ ချုပ်ငြိမ်းသွား၍ တစ်လောကလုံး သာယာငြိမ်းချမ်းမည်ဖြစ်ပါသောကြောင့် တစ်လောကလုံး ငြိမ်းချမ်းသာယာစေရေးအတွက် လူနတ်ပြဟ္မာသတ္တဝါအားလုံးတို့သည် ဗြဟ္မစိုရ်တရားလေးပါးကို ပွားများအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါသတည်း။

**ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ**
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက**
**ဥက္ကဋ္ဌဆရာတော်**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

***(ယခုဆောင်းပါးအား ၇-၇-၂၀၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန်ဖော်ပြထားပါသည်။)***

❐ **စာမျက်နှာ ၅ မှ**

အလုပ်သမားများ အလုပ်လက်မဲ့မဖြစ်ရေး၊ စက်ရုံ/အလုပ်ရုံများ ရပ်ဆိုင်းမသွားရေး၊ ငါးစားသုံးမှု မပြတ်လပ်ရေး၊ နိုင်ငံခြား ငါးခိုးဖမ်းရေယာဉ်များ ဝင်ရောက်ခိုးဖမ်းမှုကို ကာကွယ်နိုင်ရေးတို့အတွက် ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် ကမ်းဝေးငါးဖမ်းရေယာဉ်စင်းရေ၏ ၇၅ ရာခိုင်နှုန်းအား ဖမ်းဆီးခွင့်ပြုခဲ့သော်လည်း နှစ်စဉ်လျှော့ချ ဖမ်းဆီးခွင့်ပြုလျက်ရှိပြီး ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် ငါးဖမ်းကိရိယာ လုပ်ငန်းအမျိုးအစားအလိုက် ၄၀ ရာခိုင်နှုန်းသာ ဖမ်းဆီးခွင့်ပြုခဲ့ပါကြောင်း။

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးသယံဇာတ ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ခုနှစ် ငါးဖမ်းရာသီ၌ ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာသတ်မှတ်ခြင်းကို အလုပ်ရုံဆွေးနွေးပွဲရလဒ်များ၊ ငါးအမျိုးအစား၊ ငါးသားပေါက်ကာလ မတူညီသော်လည်း ငါးလုပ်ငန်းပညာရှင်များ၏ ကွင်းဆင်းလေ့လာ အကြံပြုတင်ပြချက်များအရ ၂၀၁၇ ခုနှစ် မေ၊ ဇွန်နှင့် ဇူလိုင်သုံးလအား ငါးမဖမ်းရကာလ၊ မိုးရာသီတွင် ရပ်နားထားသော ဝိုင်းချပ်ပိုက်၊ အင်္ဂလန်ကျားပိုက်၊ ကင်းမွန်နှင့် မြှုံး(ကဏန်း) ငါးဖမ်းရေယာဉ်များမပါ ကျန်ကမ်းဝေးငါးဖမ်းရေယာဉ်များအား လုပ်ငန်းအမျိုးအစားအလိုက် ရေယာဉ်စင်းရေ၏ ၃၀ ရာခိုင်နှုန်းကိုသာ ငါးဖမ်းဆီးခွင့်ပြုသွားမည်ဖြစ်ပါကြောင်း၊ နှစ်စဉ် သယံဇာတတည်ရှိမှုအပေါ်မူတည်၍ ငါးဖမ်းဆီးခွင့်အား ၀ ရာခိုင်နှုန်းသို့ လျှော့ချခြင်း၊ တိုးမြှင့်ခွင့်ပြုခြင်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ငါးမဖမ်းရကာလအတွင်း ခွင့်ပြုထားခြင်းမရှိဘဲ စည်းကမ်းဖောက်ဖျက် ဖမ်းဆီးသော ကမ်းဝေးငါးဖမ်းရေယာဉ်များကို ငါးဖမ်းလိုင်စင် ရာသက်ပန်ပိတ်သိမ်းသည်အထိ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးစိုးဝင်းနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် **စာချုပ်စာတမ်းများမှတ်ပုံတင်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအား ကော်မတီဝင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်က ဖတ်ကြားတင်ပြပြီး လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က **စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း**အား လွှတ်တော်မှ အတည်ပြုပေးနိုင်ရန် အဆိုတင်သွင်းရာ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်းက ထောက်ခံဆွေးနွေးသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ဇူလိုင် ၇ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရှိရသည်။

**သူရဇော်(သတင်းစဉ်)**

■

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဓာတ်အားခအလျှို ဝိုင်းလို့ကူ

**ဆွေယု**

ကျွန်တော်ဂျပန်မှာရှိနေတုန်း ၂၀၁၁ ခုနှစ်မှာ ပြင်းအား ပမာဏ ၉ ဒသမ ၁ ရှိတဲ့ ငလျင်ကြီးလှုပ်ပြီး နောက်ဆက်တွဲအနေနဲ့ ၃၅ ပေလောက်မြင့်တဲ့ ဆူနာမီလှိုင်းလုံးကြီးတွေ ရိုက်ခတ်မှုကြောင့် ဖူကူရှီးမားနျူကလီးယားဓာတ်အားပေးစက်ရုံရဲ့ အရေးကြီးဆုံး အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အအေးခံစနစ်ပျက်စီးပြီး ပေါက်ကွဲမှုတွေဆက်တိုက်ဖြစ်လာလို့ ၂၅ နှစ်အတွင်း ကမ္ဘာ့အဆိုးဆုံး nuclear meltdown ဖြစ်သွားပါတယ်။

နျူကလီးယားဓာတ်ပေါင်းဖိုတွေမှာ ယူရေနီယံလောင်စာချောင်းတွေ ထောင်နဲ့ချီပြီး ထည့်ထားတဲ့ဓာတ်ပေါင်းဖို/ဓာတ်ပြုအိမ်ဆိုတာရှိပါတယ်။ အအေးခံစနစ်အလုပ်မလုပ်တော့ရင် အဲဒီလောင်စာချောင်းတွေက အပူဟာ သူတို့ကိုယ်တိုင်နဲ့ ရေဒီယိုသတ္တိကြွမှုတွေကိုကာကွယ်ပေးထားတဲ့ ဓာတ်ပြုအိမ်ကို အရည်ပျော်သွားစေတာကို nuclear meltdown လို့ ခေါ်တာပါ။

ဒီလို nuclear meltdown ဖြစ်ရင် ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်တွေဟာ လေထု၊ ရေထု၊ မြေထုတွေထဲကို ပျံ့လွင့်စိမ့်ဝင်ပြီး ပတ်ဝန်းကျင်ရေမြေတောတောင်တွေကို ညစ်ညမ်းစေတဲ့အပြင် ဓာတ်ရောင်ခြည်နဲ့ထိတွေ့မှုများပြားပြင်းထန်ရင် လူအပါအဝင် သက်ရှိသတ္တဝါတွေကို ချက်ချင်းအသက်အန္တရာယ်အထိ ဖြစ်စေနိုင်ပြီး တစိမ့်စိမ့်နဲ့ ကာလရှည်ထိတွေ့နေမယ်ဆိုရင် ကင်ဆာဖြစ်စေခြင်း၊ ကလေးမရဘဲ မြုံခြင်း၊ ပုံသဏ္ဌာန်မမှန်တဲ့ သန္ဓေသားတွေမွေးလာခြင်းစတဲ့ ကျန်းမာရေးသက်ရောက်မှုတွေ ကြုံတွေ့ရမှာဖြစ်ပါတယ်။

ဒီတော့ အဲဒီဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုကို ပိတ်ပစ်လိုက်ရပါတယ်။ အခုခြောက်နှစ်ကြာပြီး နောက်မှာလည်း အဲဒီလောင်စာချောင်းတွေကို ဘယ်လိုစွန့်ပစ်ရမလဲဆိုတာ အဖြေရှာမရသေးတဲ့အပြင် နေရပ်ကိုစွန့်ခွာခိုင်းထားတဲ့ ဒေသခံတွေဟာ သူတို့ဇာတိကို မပြန်နိုင်သေးဘဲ ယာယီစတည်းချတဲ့ နေအိမ်တွေမှာ နေနေရဆဲဖြစ်ပါတယ်။

ဒီအဖြစ်အပျက်ကို နိဒါန်းချီနေတာဟာ အစိုးရသစ်က မီတာခတိုးကောက်မယ်လို့ ပြောနေတာနဲ့ပတ်သက်ပြီး ပြောစရာနှစ်ချက်ရှိလို့ပါ။

ပထမအချက်က ဂျပန်လူမျိုးတွေလျှပ်စစ်မလောက်ချိန်မှာ ညီညွတ်စွာနဲ့ ဘယ်လိုစည်းစနစ်ကျစွာ သုံးကြပုံကို နှိုင်းယှဉ်ပြချင်လို့ရယ်။

ဒုတိယအချက်က နိုင်ငံတိုးတက်ဖို့ လိုအပ်တဲ့လျှပ်စစ်ဓာတ်အားရဖို့လုပ်ဆောင်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်တဲ့အန္တရာယ်ဆိုတာ ရှောင်လွှဲလို့မလွယ်ကြောင်း ပြောချင်လို့ရယ်ပါ။

အခုအစိုးရသစ်လက်ထက်မှာ ဓာတ်အားခတွေဈေးတက်မယ်ဆိုတဲ့ အသံထွက်လာတိုင်း အရင်ဦးသိန်းစိန်အစိုးရခေတ်တုန်းကလိုပဲ ကန့်ကွက်သံတွေ ခပ်ညံညံထွက်လာဆဲပါ။ အရင်အစိုးရကတော့ ပြည်သူ့အသံနားထောင်တယ်ဆိုပြီး ရပ်ဆိုင်းလိုက်တော့ အမှတ်ရသွားပါတယ်။ မရပ်လို့လည်းမရဘူးလေ။ အမှတ်က ဒီလိုမှကြံဖန်မယူရင် မရနိုင်တာကိုး။

ဦးသိန်းစိန်အစိုးရလက်ထက်သာမက တပ်မတော်အစိုးရအဆက်ဆက်လက်ထက်တွေမှာပါ လျှပ်စစ်ကဏ္ဍဟာ အရှုံးခံလုပ်ကိုင်ခဲ့ရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ရှုံးနေတာကို ကာမိအောင် ဈေးတက်ချင်ပေမယ့် မတက်ခဲ့တာဟာ အပေါ်ယံကြည့်ရင်တော့ ဝင်ငွေနည်းတွေအသက်ရှူချောင်အောင်လုပ်ပေးသလိုမို့ သာဓုခေါ်စရာထင်ရပေမယ့် လက်တွေ့မှာတော့ ဒီလုပ်ရပ်ဟာ ထမင်းရည်ပူလျှာလွှဲခြင်း၊ ဖင်မနိုင်ဘဲ ပဲကြီးဟင်းစားခြင်းသာ ဖြစ်ပါတယ်။

ထမင်းရည်ပူလျှာလွှဲတယ်ဆိုတာကတော့. . .

အာဏာရှင်တွေအတွက်က ဝင်ငွေနဲ့ထွက်ငွေမလုံလောက်တဲ့ ဆင်းရဲသားနိုင်ငံသားတွေ အုံကြွမလာဖို့က ပိုအရေးကြီးနေလေတော့ သမဆိုင်တွေက ဆီပေး၊ ဆန်ပေးသလိုမျိုး အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်ကိုအရှုံးခံပေးပြီး လူထုဒေါသကို ထိန်းထားတဲ့နည်းကိုသာ ရွေးခဲ့ခြင်းကို ဆိုလိုပါတယ်။

ဖင်မနိုင်ဘဲ ပဲကြီးဟင်းစားတယ်ဆိုတာကျတော့. . .

ပြဿနာရဲ့အရင်းအမြစ်ကို မဖြေရှင်းဘဲ လတ်တလောနိုင်ငံရေးအကျိုးအမြတ်အတွက် အလွယ်လမ်းလိုက်လာခြင်းရဲ့အကျိုးဆက်အဖြစ်. . .

နှစ်စဉ်ရှုံးနေတဲ့ လျှပ်စစ်ဝန်ကြီးဌာနဟာ သူတို့ရရှိတဲ့ ဘတ်ဂျက်ခွဲတမ်းတွေကို လျှပ်စစ်မီတာခအရှုံးခံနေခြင်းတွေအတွက်ပါ မျှပြီး သုံးစွဲနေရတဲ့အတွက်. . .

လျှပ်စစ်မီးမရသေးတဲ့ ဒေသတွေကိုတိုးချဲ့ပြီး မီးပေးနိုင်ဖို့နေနေသာသာ မီးရပြီးသား ဒေသတွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေးလို မြို့ကြီးပြကြီးတွေမှာတောင် တိုးတက်များပြားလာတဲ့ လူဦးရေနဲ့အိမ်ထောင်စုတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ စက်ရုံတွေကို အလျှင်မီအောင် ဖြန့်ဝေမပေးနိုင်တော့လို့ မီးတွေပက်ပက်စက်စက်ပျက်ခြင်း. . .

အင်မတန် အိုမင်းဟောင်းနွမ်းနေတဲ့ ဓာတ်အားပေးစက်ရုံတွေနဲ့ အလွန်တရာစုတ်ပြတ်သတ်နေတဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ချိရေးကွန်ရက်တွေကို အဆင့်မြှင့်တင်မှု၊ အသစ်အစားထိုးမှုမလုပ်နိုင်ခြင်း. . .

လျှပ်စစ်ဓာတ်အားပိုမိုရရှိရေးအတွက် ရင်းနှီးမြှုပ်နှံမှုအသစ်တွေ လောက်လောက်လားလားလုပ်ဖို့ဘတ်ဂျက်မလောက်တော့တဲ့အပြင် ရှိစုမဲ့စုနဲ့ လုပ်ဆောင်ခဲ့ဖူးတဲ့ စီမံကိန်းတိုင်းမှာလည်း ခြစားမှုတွေ ကြီးကြီးမားမားရှိခဲ့ခြင်း

> **မြန်မာနိုင်ငံလိုဆင်းရဲတဲ့နိုင်ငံမျိုးမှာ တစ်ပြည်လုံး လျှပ်စစ်ရဖို့၊ လျှပ်စစ်ဖြန့်ဖြူးခြင်းကို အန္တရာယ်ကင်းအဆင့်မီလာအောင်လုပ်ဖို့ အစိုးရဟာ ငွေလိုပါတယ်။ အဲဒီလိုအပ်တဲ့ ငွေပင်ငွေရင်းရဖို့ကိုထားလို့ လက်ထဲရှိတဲ့ဘဏ္ဍာငွေကိုတောင် လူတစ်စုအတွက်မီတာခ အရှုံးခံရတဲ့အထဲ ထည့်ဝင်ပေးနေရတော့ မီးမရသေးတဲ့ဒေသတွေ မီးရအောင်၊ မီးရပြီးဒေသတွေ ဖူလုံအောင်လုပ်ပေးဖို့ ကြိုးစားနေတဲ့အစိုးရသစ်ကို အဟန့်အတားကြီးစွာ ဖြစ်စေပါတယ်။**

တွေကြောင့်. . .

မြန်မာနိုင်ငံရဲ့လျှပ်စစ်ကဏ္ဍဟာ "ရှိနေတဲ့ရောဂါသေးသေးလေးရဲ့ အရင်းအမြစ်ကို ထိထိရောက်ရောက် မကုစားခဲ့ဘဲ နှစ်ပေါင်းများစွာ အသပြာမက်တဲ့ သမားလိမ်တွေ ဆေးမြီးတိုတွေနဲ့ရမ်းကုခဲ့လို့ ရောဂါကျွမ်းနေပြီ" ဆိုတဲ့အဖြစ်မျိုး ရောက်နေခြင်းကိုဆိုလိုတာပါ။

အခု ဒီလို ရောဂါကျွမ်းနေတဲ့လူနာနဲ့တူတဲ့ လျှပ်စစ်ကဏ္ဍကို တကယ်ကုတတ်တဲ့ စေတနာသမားတော်နဲ့တူတဲ့ အစိုးရသစ်က ကုစားပါတော့မယ်။

တစ်ခါတစ်ရံမှာ ရောဂါပျောက်ဖို့ခါတ်ကြမ်းတိုက်ဖို့လိုတဲ့အခါလည်းရှိတတ်ပါတယ်။ အခုလျှပ်စစ်မီတာခတွေ ဈေးတက်မယ့်ကိစ္စဟာ အခြေခံလူတန်းစားတွေကို ကိုယ်စားပြုပြီးတက်လာတဲ့ အစိုးရသစ်အနေနဲ့ ဆင်းရဲသားတွေ၊ နင်းပြားတွေကို ဒုက္ခရောက်သထက်ရောက်အောင် ထပ်နင်းဖို့လုပ်တာမဟုတ်ပါဘူး။ တိုင်းပြည်အတွက် တကယ်ကို လုပ်သင့်လုပ်ထိုက်လို့သာ လူနာရဲ့ ရေရှည်ကောင်းကျိုးအတွက် ဓာတ်ကြမ်းတိုက်သလိုမျိုး လုပ်ရတာဖြစ်ပါတယ်။

နိုင်ငံအချို့မှာ အစိုးရက အကုန်အရှုံးခံပြီးစိုက်ထုတ်ပေးနေတာမျိုးရှိပေမယ့် အဲဒီနိုင်ငံတွေဟာ ရေနံ၊ သဘာဝဓာတ်ငွေ့ စတဲ့သယံဇာတတွေကြွယ်ဝလွန်းတဲ့၊ ချမ်းသာလွန်းတဲ့နိုင်ငံတွေဖြစ်ပြီး အဲဒီသူဌေး အစိုးရတွေဟာ တိုင်းပြည်ကို စီမံခန့်ခွဲတည်ဆောက်အုပ်ချုပ်ဖို့ ပြည်သူဆီကရမယ့် အခွန်အကောက်ကိုတောင် အားကိုးစရာမလိုဘဲ သယံဇာတရောင်းရငွေကတင် ဘတ်ဂျက်လိုအပ်တာထက်ပိုနေလို့ ပြည်သူတွေရဲ့ နေ့စဉ်သုံးအခြေခံလူမှုဘဝလိုအပ်ချက်တွေကိုပါအရှုံးခံပြီး လိုက်ဖြည့်ဆည်းပေးနိုင်တာဖြစ်ပါတယ်။

ဒါတွေကို အားကျပြီး ဆင်းရဲလွန်းတဲ့၊ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်တဲ့၊ အစိုးရတစ်ရပ်လည်ပတ်နိုင်ဖို့ မရှိမဖြစ်လိုအပ်တဲ့ ဘတ်ဂျက်ရဖို့အတွက် အခွန်အကောက်တွေကိုတောင် အပြည့်အဝရအောင် မကောက်ခံနိုင်သေးလို့ ဘတ်ဂျက်တောင်လိုငွေပြနေတဲ့ မြန်မာနိုင်ငံကအစိုးရသစ်ကို ဓာတ်အားသုံးစွဲခပါထပ်ပြီး အရှုံးခံပေးဖို့ တောင်းဆိုနေမယ်ဆိုရင် အဲဒါဟာ အင်မတန်မှားယွင်းတဲ့လုပ်ရပ်ဖြစ်ပါတယ်။

ဘာလို့လဲဆိုရင် အစိုးရကလျှပ်စစ်သုံးစွဲခအတွက် အရှုံးခံပေးနေတာဟာ နိုင်ငံအတွက်လိုအပ်တာတွေလုပ်ပေးဖို့ ပြည်သူဆီက ကောက်ခံရရှိတဲ့ဘဏ္ဍာငွေထဲကပဲဖြစ်တဲ့အတွက် ပြည်သူတွေဟာတစ်ဖက်မှာ မီတာခသက်သာတာတော့မှန်ပေမယ့်အခြားတစ်ဖက်မှာဒီငွေတွေကို အသုံးပြုပြီး နိုင်ငံတော်က ကိုယ့်အတွက်လုပ်ပေးမယ့် အခြားအရာတွေ ဥပမာ-ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံစတာတွေကို ဆုံးရှုံးလိုက်ရတော့အသားတင်အကျိုးအမြတ်မရှိဘဲ ဘဲစားဘဲချေဖြစ်နေလို့ ဖြစ်ပါတယ်။

ပိုဆိုးတာက သေချာစဉ်းစားကြည့်ရင် ဒီဘဲစားဘဲချေဆိုတဲ့ကိစ္စတောင်မှ ပြည်သူအားလုံးအတွက်အပြည့်အဝမမှန်ကန်ဘဲ ပြည်သူတစ်စုအတွက်သာ ဖြစ်နေတာတွေ့ရပါလိမ့်မယ်။

အကြောင်းကတော့ တကယ်တမ်းမှာ နိုင်ငံတော်က အရှုံးခံ ဖြန့်ဖြူးနေတဲ့လျှပ်စစ်ဓာတ်အားကို. . .

တစ်နိုင်ငံလုံးရှိ လူဦးရေစုစုပေါင်း ၅၁ သန်းကျော်ရဲ့ ၃၇ ရာခိုင်နှုန်းဖြစ်တဲ့ လူ ၁၈ သန်းကျော်လောက်ကသာ သုံးစွဲနိုင်တာဖြစ်ပြီး. . .

ကျန်တဲ့ ၆၃ ရာခိုင်နှုန်းဖြစ်တဲ့ လူဦးရေ ၃၃ သန်းလောက်ဟာ ဒီလိုအိုင်တီခေတ်ကြီးမှာတောင် အမှောင်ကမ္ဘာထဲမှာ နေကြရသူတွေမို့လို့ပါ။

ဒီတော့လျှပ်စစ်မီတာခ အရှုံးခံနေခြင်းကို စုစုပေါင်းလူဦးရေရဲ့သုံးပုံတစ်ပုံသော မီးရပြီးသား လူတွေကသာ အထက်ကပြောခဲ့သလို ဘဲစားဘဲချေသဘောမျိုးနဲ့အကျိုးခံစားရပြီး. . .

ကျန်မီးမလင်းတဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက စုစုပေါင်းလူဦးရေရဲ့သုံးပုံနှစ်ပုံသော လူထုကြီးကတော့ ဘာအကျိုးမှ မရရှိတဲ့အပြင် သူတို့ရဲ့လူနေမှုဘဝတွေ တိုးတက်မြင့်မားလာအောင် လုပ်ပေးနိုင်တဲ့ အခြေခံအဆောက်အအုံတွေတည်ဆောက်ဖို့ ဘဏ္ဍာငွေတွေပါ ဓာတ်အားခအရှုံးခံတဲ့အထဲပါသွားတာမို့ မိအေးနှစ်ခါနာတယ်လို့ ပြောရလောက်အောင်ကို ဇာတ်နာရှာပါတယ်။

ဥပမာအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်အစိုးရဟာ ကျပ် ၃၈၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၈၂ သန်း) စိုက်ထုတ်အရှုံးခံပြီး လျှပ်စစ်ဖြန့်ဖြူးပေးခဲ့ရပါတယ်။ မီးသိပ်မပျက်ဘူးဆိုတဲ့ ဦးသိန်းစိန်အစိုးရသက်တမ်း နောက်ဆုံးနှစ်ဖြစ်တဲ့ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်တုန်းကတော့ အမေရိကန်ဒေါ်လာ ၃၄ သန်းတောင် ပိုသုံးပြီး စုစုပေါင်း ၃၁၆ သန်း အရှုံးခံခဲ့ရပါတယ်။

ဒီငွေတွေကိုသာ အဲဒီအစိုးရတွေက အရှုံးမခံရဘူးဆိုရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၃၁၆ သန်းနဲ့ ၃၁၆ မီဂါဝပ်ဓာတ်အားပေး စက်ရုံတစ်ရုံ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၂၈၂ သန်းနဲ့ ၂၈၂ မီဂါဝပ်ဓာတ်အားပေး စက်ရုံတစ်ရုံ တည်ဆောက်ဖို့ ငွေတွေထွက်လာခဲ့မှာ ဖြစ်ပါတယ်။

ဒါဟာဘဏ္ဍာနှစ် နှစ်နှစ်စာသာရှိသေးပြီး အရင်ခေတ်အဆက်ဆက်က အရှုံးခံငွေတွေကိုသာ ပေါင်းလိုက်မယ်ဆိုရင် အခုခေတ်မှာ လျှပ်စစ်မီးလွှမ်းခြုံနိုင်တဲ့ဧရိယာ၊ လျှပ်စစ်မီးသုံးနိုင်တဲ့လူဦးရေဟာ အခုထက်အများကြီး ပိုပြီးကျယ်ပြန့်များပြားနေမှာ အသေအချာပါပဲ။

မြို့ကြီးပြကြီးတွေက လျှပ်စစ်ရနေသူအချို့က ရေခဲသေတ္တာထဲက ဘီယာပုလင်းဖောက်ပြီး အဲကွန်းခန်းထဲတီဗွီကြည့်ရင်း ဇိမ်ခံသောက်နေချိန်မှာ အစိုးရမီးမရလို့စာကျက်ဖို့မီးတောင်မရှိသေးတဲ့ဒေသတွေဟာ တိုင်းပြည်ရဲ့ ထမင်းရှင်တောင်သူလယ်သမားကြီးတွေနေထိုင်တဲ့ ကျေးလက်တောရွာတွေက အများစုဖြစ်နေတာ ရင်နာစရာပါ။

အချို့ဒေသတွေဆိုရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ မီးရပေမယ့် လျှပ်စစ်တစ်ယူနစ်ဈေး မယုံနိုင်လောက်အောင် မြင့်မားစွာပေးခြေနေရတာကို မြို့ကမီတာခ တစ်ယူနစ် ၃၅ ကျပ်ကို ဈေးကြီးလှပြီထင်နေသူတွေက မသိပါဘူး။ ဥပမာ ရေနံနဲ့သဘာဝဓာတ်ငွေ့ထွက်တဲ့ ရခိုင်ပြည်နယ်က မြို့နယ်အချို့နဲ့ မြိတ်၊ ထားဝယ်ဘက်တွေမှာ တစ်ယူနစ်ကို ၄၅၀ ကျပ်လောက်ကနေ ၆၀၀ ကျပ်လောက်အထိ ပေးခဲ့ရတဲ့ ကာလတွေတောင်ရှိခဲ့ဖူးပါတယ်။ အခုထိကို ၁၅၀ ကနေ ၃၀၀ ကျပ်အထိပေးပြီး သုံးစွဲနေရတုန်းလို့ သိရပါတယ်။

မြန်မာနိုင်ငံလို ဆင်းရဲတဲ့နိုင်ငံမျိုးမှာ တစ်ပြည်လုံး လျှပ်စစ်ရဖို့၊ လျှပ်စစ်ဖြန့်ဖြူးခြင်းကို အန္တရာယ်ကင်းအဆင့်မီလာအောင်လုပ်ဖို့ အစိုးရဟာ ငွေလိုပါတယ်။ အဲဒီလိုအပ်တဲ့ ငွေပင်ငွေရင်းရဖို့ကိုထားလို့ လက်ထဲရှိတဲ့ဘဏ္ဍာငွေကိုတောင် လူတစ်စုအတွက် မီတာခအရှုံးခံရတဲ့အထဲ ထည့်ဝင်ပေးနေရတော့ မီးမရသေးတဲ့ဒေသတွေ မီးရအောင်၊ မီးရပြီးဒေသတွေဖူလုံအောင်လုပ်ပေးဖို့ ကြိုးစားနေတဲ့ အစိုးရသစ်ကို အဟန့်အတားကြီးစွာ ဖြစ်စေပါတယ်။

ဒါတွေကို ထေမိဖို့ ဘတ်ဂျက်လိုငွေကို ဖြေရှင်းဖို့ ငွေစက္ကူတွေရိုက်ထုတ်ပြန်ရင်လည်း ငွေကြေးဖောင်းပွပြီး ကုန်ဈေးနှုန်းပိုတက်လာတာပဲ အဖတ်တင်ပါလိမ့်မယ်။

နောက်ထပ်အရေးကြီးတာတစ်ချက်က ဓာတ်အားခိုးယူသုံးစွဲမှု၊ မလိုအပ်ဘဲ ဖြုန်းတီးမှုစတာတွေကြောင့် ဓာတ်အား လေလွင့်ဆုံးရှုံးရခြင်းတွေပါ။

အရင်းအတိုင်းကျသင့်တဲ့ ဓာတ်အားခကို မပေးဆောင်ချင်ဘဲ အစိုးရကိုအရှုံးခံစေတာကတောင် တိုင်းပြည်ရဲ့တိုးတက်မှုကို နောက်ပြန်ဆွဲနိုင်တယ်ဆိုရင် ဓာတ်အားခိုးယူသုံးစွဲမှုတွေ၊ ပိုက်ဆံရှိတိုင်းမလိုအပ်ဘဲ ဖြုန်းတီးမှုတွေကတော့ ပိုဆိုးရွားတဲ့မီးမရတဲ့ပြည်သူတွေဆီက ခါးပြတိုက်တဲ့ လုပ်ရပ်တွေ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာ ဥရောပကုန်သည်ကြီးများအသင်း (EuroCham မြန်မာ)ကလည်း အစိုးရက အလွန်အမင်းထောက်ပံ့စိုက်ထုတ်ပေးထားလို့ ဓာတ်အားခဈေးနှုန်းနိမ့်ပါးနေတာကြောင့် ဓာတ်အားချွေတာသုံးစွဲတဲ့ အလေ့အထရစေဖို့ အဟန့်အတားတွေဖြစ်နေတယ်လို့ သုံးသပ်ထားပါတယ်။ ဒ့ါအပြင် ဒီလိုတစ်ယူနစ်ဈေးသက်သာနေလို့ စည်းစနစ်မဲ့ အလေအလွင့်ဖြစ်အောင် သုံးစွဲနေမှုတွေကို အရှုံးခံစိုက်ထုတ်နေမယ့်အစား အနာဂတ်စွမ်းအင်လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ရာမှာ ရင်းနှီးမြှုပ်နှံသင့်ကြောင်းလည်း အကြံပြုထားပါတယ်။

ခေတ်မမီတော့တဲ့ ဓာတ်အားဖြန့်ဖြူးရေးစနစ်ကြောင့်လည်း လေလွင့်ဆုံးရှုံးရတာတွေရှိပေမယ့် ဓာတ်အားခိုးယူသုံးစွဲမှုနဲ့ မလိုအပ်ဘဲဖြုန်းတီးမှုတွေကို အတိုင်းအတာတစ်ခုအထိ ရပ်တန့်ပစ်လိုက်နိုင်မယ်ဆိုရင် ဓာတ်အားတွေ ပိုထွက်လာမှာဖြစ်ပြီး လိုအပ်နေတဲ့ နေရာတွေကို ပေးဝေဖြန့်ဖြူးပေးနိုင်မှာဖြစ်တဲ့အပြင် အလေအလွင့်များနေတဲ့ ဓာတ်အားဖြန့်ဖြူးရေးစနစ်ကို ခေတ်မီလာအောင် အဆင့်မြှင့်တင်နိုင်ဖို့ ငွေပိုတွေပါထွက်လာမှာ ဖြစ်ပါတယ်။

ဓာတ်အားခိုးယူသုံးစွဲမှုကတော့ အစိုးရကတရားဥပဒေအရ တင်းကျပ်စွာကိုင်တွယ်ရမှာဖြစ်ပြီး ဖြုန်းတီးမှုတွေကိုတော့ ဓာတ်အားခတိုးကောက်ခြင်း၊ ပညာပေးခြင်းဖြင့် ချွေတာသုံးတတ်လာအောင် လမ်းကြောင်းစည်းရုံးရမှာဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၀။)**

**၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကိုဆိုသည်။"

၃။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်းအစားထိုးရမည် -

"(ဇ) **ပြည်တွင်းရေကြောင်း** ဆိုသည်မှာ နိုင်ငံတော်အတွင်းရေယာဉ်များ ခုတ်မောင်းသွားလာနိုင်သော ရေလမ်းကြောင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်သတ်မှတ်သော အခြားရေလမ်းကြောင်းတစ်ခုခုလည်း ပါဝင်သည်။"

၄။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၄ ၏ ခြေဆင်း၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၄။ အစိုးရအဖွဲ့သည် ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကြီးကြပ်ရန်အလို့ငှာ အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဥက္ကဋ္ဌ"

၅။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကြီးကြပ်ရေး ဗဟိုအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။"

၆။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဇ)တွင်ပါရှိသော "ဝန်ကြီးဌာနက" ဆိုသည့်စကားရပ်ကို "အစိုးရအဖွဲ့က" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာ့ကမ်းရိုးတန်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၀။ ကြီးကြပ်ရေးဗဟိုအဖွဲ့၏ ပုဒ်မ ၁၇ အရ ပြုလုပ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုတစ်ခုခုကိုမကျေနပ်သူသည် အရေးယူဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။"

၈။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၂၁။ အစိုးရအဖွဲ့သည် ပုဒ်မ ၂၀ အရ အယူခံခြင်းကိုစိစစ်ပြီး ကြီးကြပ်ရေးဗဟိုအဖွဲ့၏ အရေးယူဆောင်ရွက်မှုကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။"

၉။ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေပုဒ်မ ၂၄ ၏ ခြေဆင်းတွင်ပါရှိသော "ဝန်ကြီးဌာနသည်" ဆိုသည့်စကားရပ်ကို "ကြီးကြပ်ရေးဗဟိုအဖွဲ့သည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# (၂၁)ကြိမ်မြောက် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

(၂၁)ကြိမ်မြောက် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် Royal ACE Hotel ၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဦးဆောင်ပြီး အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား အိန္ဒိယနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထဲရေးအတွင်းဝန် Mr.Rajiv Gauba က ဦးဆောင်၍ ဆွေးနွေးကြသည်။

၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၁ ရက်က အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ လက်မှတ်ရေးထိုးခဲ့သော မြန်မာ-အိန္ဒိယ နယ်စပ် နယ်ဘက်အာဏာပိုင်များ၏ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာ-အိန္ဒိယ နယ်စပ် နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့် အစည်းအဝေးများကို မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၌ အလှည့်ကျကျင်းပခဲ့ရာ ယခုအကြိမ်သည် (၂၁)ကြိမ်မြောက် နိုင်ငံတော်အဆင့်စည်းဝေးဆွေးနွေးနိုင်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အဖွင့်အမှာစကားပြောကြားကြပြီး လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိစ္စရပ်များ၊ နယ်နိမိတ်စီမံခန့်ခွဲရေးကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံအကျဉ်းထောင်ရှိ ရေလုပ်သားများအပါအဝင် မြန်မာနိုင်ငံသားများကိစ္စနှင့် မြန်မာနိုင်ငံ အကျဉ်းထောင်ရှိ အိန္ဒိယနိုင်ငံသားများဆိုင်ရာကိစ္စရပ်များ၊ သဘာဝသားငှက်တိရစ္ဆာန် တရားမဝင်ရောင်းဝယ်မှုကိစ္စရပ်များစသည့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့် အထွေထွေကိစ္စရပ်များအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက်(၂၁)ကြိမ်မြောက် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့် အစည်းအဝေး သဘောတူညီမှုမှတ်တမ်းကို နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



(၂၁)ကြိမ်မြောက် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ နိုင်ငံတော်အဆင့်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)




# ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ရန်ကုန်မြို့ရှိ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ဌာနေကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၆**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr.Filippo Grandi သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နိုဗိုတယ် ဟိုတယ်၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့်လည်းကောင်း၊ **(အပေါ်ပုံ)** ညနေပိုင်းတွင် UN နှင့် ကုလသမဂ္ဂလက်အောက်ရှိ Humanitarian အေဂျင်စီများ၊ မြန်မာနိုင်ငံ၌ လူသားချင်းစာနာမှုအကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ပြည်တွင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း တွေ့ဆုံပြီး ၎င်း၏ခရီးစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပန်းဝါလမ်းရှိ ဦးသန့်၏နေအိမ်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ဒေါက်တာသန့်မြင့်ဦးနှင့်အတူ မြန်မာ့နိုင်ငံရေးကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စာရေးဆရာများ၊ ပညာတော်သင်များနှင့်တွေ့ဆုံကာ "ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များ ရင်ဆိုင်ကြုံတွေ့ရသော စိန်ခေါ်မှုများ"အကြောင်းကိုဆွေးနွေးခဲ့ကြသည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးနှင့်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

# နော်ဝေနိုင်ငံခြားရေးဝန်ကြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၆**

နေပြည်တော်၌ရောက်ရှိနေသည့် နော်ဝေနိုင်ငံခြားရေးဝန်ကြီး H.E.Mr. Borge Brende နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်မှ အဖွဲ့ဝင်များနှင့် သီးခြားစီတွေ့ဆုံသည်။

နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(ABSDF)ဥက္ကဋ္ဌ ဦးသံခဲနှင့် မွန်ပြည်သစ်ပါတီ(NMSP) ဗဟိုအလုပ်အမှုဆောင် နိုင်ဝင်းလှတို့နှင့် မွန်းလွဲ ၂ နာရီခွဲတွင် တွေ့ဆုံသည်။ **(အောက်ပုံ)**

ထို့နောက် နော်ဝေနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာသာလှရွှေနှင့် ဦးခင်မောင်လေးတို့နှင့် တွေ့ဆုံခဲ့သည်။ **(သတင်းစဉ်)**



# ပုဂံဒေသသို့ အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများအဖွဲ့ လာရောက်လေ့လာ



**ညောင်ဦး ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသသို့ အရှေ့တောင် အာရှတိရစ္ဆာန်ဆေးကု တက္ကသိုလ်ကျောင်းသားများအဖွဲ့ လာရောက်၍ ဇူလိုင် ၆ရက် နံနက်ပိုင်းက လေ့လာရေးခရီး လည်ပတ်ခဲ့ကြောင်း သိရသည်။


ရှေးဦးစွာ အရှေ့တောင် အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများအဖွဲ့သည် ယနေ့နံနက် ၉နာရီခွဲတွင် ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဖူးမြော်လေ့လာကြသည်။ ထို့နောက် ညောင်ဦးမြို့ အမှတ်(၅)ရပ်ကွက် နန်းကြည့်ကုန်းပေါ်ရှိ Mo Riding မြင်းစီးကလပ်သို့သွားရောက်၍ မြင်းများအား သွားရောက်ကြည့်ရှုလေ့လာကြပြီး မြင်းအလှစီးပြမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် ပုဂံဒေသရှိ တန်ခိုးကြီးဘုရားများဖြစ်သည့် အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရား၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ မြစေတီဘုရား၊ လောကနန္ဒာဘုရားများသို့ သွားရောက်ဖူးမြော်လေ့လာကြပြီး ညနေ ၄ နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း)သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အရှေ့တောင်အာရှ တိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများအဖွဲ့သည် ဇူလိုင် ၄ရက်က မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် တိရစ္ဆာန်များအား သန်ချဆေးတိုက်ကျွေးခြင်း၊ ရောဂါကာကွယ်ဆေးများထိုးနှံပေးခြင်း၊ ယင်းကျေးရွာများနေပြည်သူများအား အသိပညာပေး ဟောပြောခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့မှတစ်ဆင့် ညောင်ဦးမြို့သို့ လေ့လာရေးခရီးလာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း၊ အဆိုပါအဖွဲ့တွင် မြန်မာနိုင်ငံအပါအဝင်အရှေ့တောင်အာရှတိရစ္ဆာန်ဆေးကုတက္ကသိုလ်ကျောင်းသားများနှင့် အမေရိကန်၊ ကနေဒါ၊ ဂျပန် အစရှိသည့် နိုင်ငံများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၅ ဦး ပါဝင်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မြန်မာရေးရာအမှတ်-၄ ထွက်ရှိ




မြန်မာရေးရာလေ့လာရေးအဖွဲ့ (Centre for Myanmar Affairs Studies) က ထုတ်ဝေသော မြန်မာရေးရာအမှတ်-၄ (ဇူလိုင် ၂၀၁၇) အထူးထုတ်စာစောင် (Special Issue) ထွက်ရှိလာသည်။

ယခုစာစောင်မှာ မြန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်အတွက် အရေးကြီးမှတ်တိုင်တစ်ခုဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးခြင်း အထိမ်းအမှတ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

စာစောင်တွင် ငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်သော ဂယက်၊ အနက်အဓိပ္ပာယ်များအပေါ် ပြည်တွင်း၊ ပြည်ပတာဝန်ရှိသူများ၊ ပညာရှင်များနှင့် နိုင်ငံရေး ဝေဖန်သုံးသပ်သူများ၏ သဘောထားအမြင်များကို တတ်နိုင်သမျှ စုစည်းဖော်ပြထားရာ (၂၁) ရာစုပင်လုံ အထူးထုတ်စာစောင်ဟု ဆိုနိုင်ပါသည်။

ယခုထုတ်ဝေသည့် စာစောင်တွင် မြသန်းတင့်၊ သီလဝ၊ မောင်သာမည၊ ဒေါက်တာအောင်ကြီး၊ ဒေါက်တာမြင့်ဆန်း၊ ဇော်အောင်၊ ခင်ဇော်ဦး၊ အောင်နိုင်ဦး၊ ဒေါက်တာဆလိုင်းငွန်ကျုံးလျန်၊ ကျော်ဝင်း၊ ဒေါက်တာကျော်ဝင်း (ရန်ကုန်တက္ကသိုလ်)၊ အောင်ကျော်အေးချမ်း၊ တင်စိုးမင်း၊ ရဲထွန်း(သီပေါ)၊ ရဲမြင့်၊ မောင်းဆက်၊ နိုင်ထိုက်၊ ရဲမြင့်ကျော်၊ မောင်ဇေယျာ၊ ယမင်းမြတ်အေး၊ ကိုတာ၊ ချမ်းမြေ့၊ Sai Aung Tun၊ HNC Stevenson တို့၏ ဆောင်းပါးများပါရှိပါသည်။

မြန်မာရေးရာ လေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် မြန်မာရေးရာအမှတ်-၄ ကို ဓူဝံစာပေ အမှတ် (၂၁၂)၊ (၃၁) လမ်း (အထက်ဘလောက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်သို့ မှာယူနိုင်ပါသည်။

# စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ Mobile-Application မိတ်ဆက်လွှင့်တင်

**နေပြည်တော် ဇူလိုင် ၆**

သီးနှံ ၂၅ မျိုး၊ အင်းဆက်/ပိုးမွှား ၁၈၇ မျိုး၊ ရောဂါ ၁၃၇ မျိုး၊ လယ်/ယာ အမျိုး ၃၀ ၊ ကြွက်(Rodent) ၁၂ မျိုး၊ ရွှေခရု တစ်မျိုး၊ ဘက်စုံသီးနှံကာကွယ်ရေး နည်းလမ်းများ၊ ပိုးသတ်ဆေးနှင့် ပတ်သက်သည့် အချက်အလက်များ အသုံးဝင်သည့် Website များ ပါဝင်သည့် Application PP version 1.0 ကို လွှင့်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ Plant protection mobile Application PP version 1.0 မိတ်ဆက်လွှင့်တင်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမရှိ သီးနှံကာကွယ်ရေးဌာနခွဲရုံး၌ ဇွန် ၃၀ ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။

Application PP version 1.0, Android phone version 4.0 သည် စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူများ ပိုးမွှားရောဂါများနှင့် ကြွက်များအား အမျိုးအစား ခွဲခြားနိုင်ပြီး ကာကွယ်နှိမ်နင်းမည့် နည်းလမ်းကို သိရှိရမည့်အပြင် တရားဝင်မှတ်ပုံတင်ထားသည့် ပိုးသတ်ဆေးများကို မှန်ကန်စွာ ရွေးချယ်အသုံးပြုနိုင်သည်အထိ ချင့်ချိန်စဉ်းစားဆောင်ရွက်နိုင်ရန်၊ တရားဝင် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများနှင့် ကုမ္ပဏီများကို အလွယ်တကူ သိရှိနိုင်ရန် ဘက်စုံကာကွယ်ရေး နည်းလမ်းများကို သိရှိပြီး လိုက်နာဆောင်ရွက်ခြင်းအားဖြင့် ဘေးအန္တရာယ်ကင်းရှင်းသော သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်စေရန်၊ ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာ အသုံးပြုနိုင်စေရန်တို့ကို ရည်ရွယ်ထားကြောင်း၊ ပိုးသတ်ဆေးဘူး အရောင်းဆိုင်များအနေဖြင့်လည်း တရားဝင်မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများကို သိရှိပြီး ရောင်းဝယ်ဖောက်ကားနိုင်ရန်၊ သီးနှံတောင်သူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်တို့အတွက်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ရှင်းလင်းပြောကြားသည်။

အဆိုပါ အကြောင်းအရာများအား သိရှိနိုင်ရန် ယင်း Application ကို သီးနှံကာကွယ် ရေးဌာနခွဲ(ရုံးချုပ်) (http://www.ppdmyanmar.org)နှင့် နိုင်ငံအဝှမ်းရှိ စိုက်ပျိုးရေးဦးစီးမှူးရုံးများတွင် ရရှိနိုင်ပြီး Android phone version 4.0 နှင့်အထက်ဖုန်းများအားလုံးတွင် အသုံးပြုနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

**✻ ကျောဖုံးမှ**

ပြင်ဆင်ထားကာ အားကစားအဖွဲ့ ၁၆ ခုမှာ တရုတ်နိုင်ငံ၌လည်းကောင်း၊ အချို့အားကစားနည်းများမှာ ပြည်ပနိုင်ငံများ၌လည်းကောင်း သွားရောက်လေ့ကျင့်လျက်ရှိသည်။ မလေးရှားနိုင်ငံသည် ယခုဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ကိုးမျိုးတွင်သာ ယှဉ်ပြိုင်မည် မဟုတ်ဘဲ ကျန်အားကစားနည်းများတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့သည် ၂၀၁၅ ခုနှစ်က စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ ၁၂ ခု၊ ငွေ ၂၆ ခု၊ ကြေး ၃၁ ခု ရရှိခဲ့သည်။မလေးရှားနိုင်ငံသည် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ခြောက်ကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး မြန်မာအားကစားအဖွဲ့များအနေဖြင့် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ယခုအကြိမ်တွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများတွင် မြန်မာအားကစားအဖွဲ့ အားသာသည့် အားကစားနည်းအချို့ မပါဝင်သောကြောင့် အားနည်းနိုင်သော်လည်း ရွှေတံဆိပ်များ အပါအဝင် အောင်မြင်မှုများ ရယူနိုင်ဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**



**သယ်န်းကျွန်းမြို့နယ် (၂၅) ရပ်ကွက် သံသုမာလမ်း အထက(သုဝဏ္ဏ)ကျောင်းရှေ့တွင် ဇူလိုင် ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အစီအစဉ် ဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူမှောင်ခို/လူကုန်ကူး အသိပညာပေးဆောင်ရွက်စဉ်။** (ကြေးမုံ)

**✻ မြန်မာ့ရိုးရာမှ**

လူသစ်တန်း(၇၅)ကီလိုတန်းပြိုင်ပွဲ၌ မင်းမင်းစိုး(တနင်္သာရီ)က ဇော်လင်း(မကွေး)ကို ပထမအချီ ၂၈ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း၊ ကျော်မျိုးထွန်း(စစ်ကိုင်း)က အေးမျိုး(ရန်ကုန်)ကို ပထမအချီ ၂ မိနစ် ၅၈ စက္ကန့်တွင် အလဲထိုး၍လည်းကောင်း၊ (ဂ)အဆင့် (၆၇)ကီလိုတန်းပြိုင်ပွဲ၌ သန့်စင်ဦး(ကရင်)က သံလက်(ရှမ်း)ကို ပထမအချီ ၁ မိနစ် ၂၀ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ (ဂ)အဆင့်(၇၁)ကီလိုတန်းပြိုင်ပွဲများ၌ ဇင်ဖြိုးထွေး (ရန်ကုန်)က စွမ်းထက်(ရှမ်း)ကို အမှတ်ဖြင့် လည်းကောင်း၊ (ခ)အဆင့်(၄၈)ကီလိုတန်းပြိုင်ပွဲ၌ မိုးလေး(မန္တလေး)က မျိုးနိုင်(ကချင်)ကို ပထမအချီအလဲထိုးဖြင့်လည်းကောင်း၊ (ခ)အဆင့်(၅၄)ကီလိုတန်းပြိုင်ပွဲ၌ မောင်ဇော်(ပဲခူး)က စိုးအောင်(မွန်)ကို ပထမအချီ အလဲထိုးဖြင့်လည်းကောင်း၊ (ခ)အဆင့်(၆၁)ကီလိုတန်းပြိုင်ပွဲ၌ စိုးမိုးနိုင်(စစ်ကိုင်း)က စိန်အောင်မင်း(မွန်)ကို ပထမအချီအလဲထိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြပြီး ပြိုင်ပွဲများကို ဇူလိုင် ၇ ရက်တွင် သိမ်ဖြူအားကစားရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် ရိုးရာလက်ဝှေ့အားကစားဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❖ ကျောက်ဖြူမှ**

ဆောင်ရွက်ထားရှိသည်ဟု သိရပါကြောင်း။

မိမိဒေသသို့ ပြန်လည်နေထိုင်ရေးအတွက် နယ်မြေဒေသ၏အေးချမ်းမှုအခြေအနေနှင့် လုံခြုံမှုအခြေအနေကိုစောင့်ကြည့်၍ နေရပ်သို့ပြန်လည်အခြေချနေထိုင်နိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မကျိုင်းမွန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာသည် မြေနေရာ ကျယ်ဝန်းပြီး အဆောက်အအုံ လုံလောက်မှုရှိခြင်း၊ လုံခြုံစိတ်ချရသောကြောင့် မူကြိုအရွယ် ကလေးငယ်များအတွက် ကလေးပျော်နေရာများ ပြုလုပ်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ အတန်းပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ပညာဆက်လက်သင်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း၊ အတန်းပညာမသင်ကြားနိုင်သောကလေးများအား အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း ဖြေကြားသည်။

ထို့ပြင် ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီနှင့် စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်းတို့၏ သီလဝါ အထူးစီးပွားရေးဇုန်အတွင်းမှ ပြောင်းရွှေ့ခံတောင်သူများ ပြန်လည်နေရာချထားရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် မြေယာလျော်ကြေးကိစ္စ၊ ပင်လယ်နှင့်နီးစပ်သော ကျေးရွာများအတွက် မုန်တိုင်းဒဏ်ခံအဆောက်အအုံ ဆောက်လုပ်ပေးရေး၊ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကြားစခန်းများတွင် အမြဲတမ်းဝန်ထမ်းခန့်အပ်ပေးရေး၊ စစ်ကိုင်းမြို့ ရှောင်လမ်း ဖောက်လုပ်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်းနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တင်သွင်းသည့် "ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"အား လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊ အေးအေးသန့်(သတင်းစဉ်)**

# ဩစတြီးယားနိုင်ငံ ဗီယင်နာတက္ကသိုလ်မှ ပညာရှင်များ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)တွင် ဟောပြောပို့ချ

**ရန်ကုန် ဇူလိုင် ၆**

ဩစတြီးယားနိုင်ငံ ဗီယင်နာတက္ကသိုလ်မှ ပါမောက္ခ Andreas Moritz ဦးဆောင်သည့် ပညာရှင်သုံးဦးသည် ယနေ့နံနက် ၉ နာရီက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် တီထွင်ဆန်းသစ်ထားသော ခေတ်မီလေဆာရောင်ခြည်ကုထုံး (Innovative Technologies: Laser) နှင့် အပေါ်မေးရိုးအထက်ရှိ လေအိတ် အမြေးအောက်ခြေမြှင့်တင်ခြင်း (Digital Dentistry , The Maxillary Sinus Floor Elevation: Techniques and Case Presentations)ခေါင်းစဉ်တို့ဖြင့် ဟောပြောပို့ချခဲ့ကြကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

# ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့်တာတမံခွန်ဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

(ဆ) ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အဆုံးအဖြတ်ပြုခြင်း၊

(ဇ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှကာကွယ်နိုင်ရန် အစီအမံများရေးဆွဲတင်ပြခြင်းနှင့်သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

၁၁။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ)အရ ဖွဲ့စည်းထားသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဆည်၊ ကန်၊ ရေလှောင်တမံ၊ ရေတံခါးနှင့်ရေတင်လုပ်ငန်း တစ်ခုချင်းစီ၏နှစ်စဉ် အမှန်တကယ် ရေပေးဝေနိုင်သော ဧရိယာ၊ စိုက်ပျိုးရာသီနှင့် သီးနှံအလိုက် ရေရယူသုံးစွဲသည့်ဧရိယာတို့ကိုလည်းကောင်း၊ ရေဘေးကာကွယ်သည့်ဧရိယာအတွင်း နှစ်စဉ်အမှန်တကယ်သီးနှံစိုက်ပျိုးသည့် ဧရိယာကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကွင်းဆင်းတိုင်းတာ စာရင်းပြုစုခြင်း၊

(ခ) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိသူ သို့မဟုတ် စိုက်ပျိုးရာသီတွင် ရေရယူစိုက်ပျိုးလုပ်ကိုင်သူ အခွန်ထမ်းအမည်နှင့် ဦးပိုင်လုပ်ကွက်အလိုက် အမှန်တကယ်ရေရယူသုံးစွဲသည့် ဧရိယာ သို့မဟုတ် ရေဘေးကာကွယ်သည့်ဧရိယာအတွင်း သီးနှံစိုက်ပျိုးသည့်ဧရိယာတို့ကို အခြေပြု၍ သတ်မှတ်ချက်များနှင့်အညီရေခွန်နှင့် တာတမံခွန်စည်းကြပ်မှုစာရင်း စိစစ်ပြုစုခြင်းနှင့် မြို့နယ်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ ပေးပို့တင်ပြခြင်း၊

(ဂ) အခွန်ပြေစာများ လက်ခံရရှိသည့်အခါ မှတ်တမ်းတင်ပြီး အခွန်ငွေများကို သတ်မှတ်ကာလအတွင်း ကောက်ခံ၍ ကောက်ခံရရှိသော အခွန်ငွေကို သက်ဆိုင်ရာရုံးသို့ နှောင့်နှေးမှု မရှိစေဘဲ ပေးသွင်းခြင်း၊

(ဃ) အခွန်ပြေစာဖြစ်စေ၊ ကောက်ခံရရှိပြီးသည့် အခွန်ငွေဖြစ်စေ ပျက်စီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှုရှိခဲ့လျှင် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ တင်ပြခြင်း၊

(င) အခွန်ပြေစာများ လက်ခံရရှိမှု အခြေအနေကိုလည်းကောင်း၊ အခွန်ကောက်ခံရရှိမှု အခြေအနေကိုလည်းကောင်း မြို့နယ်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့နှင့် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လစဉ်တင်ပြခြင်း၊

(စ) အခွန်စည်းကြပ်ကောက်ခံရန် သတ်မှတ်ရက် ကုန်ဆုံးသည့်အခါ စည်းကြပ်ကောက်ခံရန် ကျန်ရှိသည့်အခွန်ပြေစာနှင့်ကောက်ခံမရသော အခွန်ပြေစာများကို စာရင်းပြုစု၍ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စနစ်တကျ ပြန်လည်အပ်နှံခြင်း၊

(ဆ) အခွန်ကြွေးကျန်များ ပေါ်ပေါက်ပါက မည်သည့်အတွက် ဖြစ်ပေါ်ရသည်ကို အထက်အဖွဲ့အစည်းအဆင့်ဆင့်မှ အခွန်သက်သာခွင့်ပြုနိုင်ရန် အကြောင်းအကျိုးခိုင်လုံစွာဖော်ပြ၍ တင်ပြခြင်း၊

(ဇ) သက်ဆိုင်ရာဒေသအတွင်းရှိ ပြည်သူများ၏ ရေရယူသုံးစွဲမှုဖူလုံမှုရှိစေရန်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများအတွက် ရေရရှိမှုလုံလောက်စေရန်၊ အဆင်ပြေလွယ်ကူစွာ ရယူသုံးစွဲနိုင်စေရန်နှင့် ရေဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် လိုအပ်ချက်များကို အကြံပြုတင်ပြခြင်း။

**အခန်း (၅)**
**အခွန်ကောက်ခံခြင်း**

၁၂။ ပုဒ်မ ၄ ပါရေခွန်နှင့်တာတမံခွန်များနှင့် ပုဒ်မ ၆ ပါ လျှပ်စစ်ရေတင်ခများကို ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့အဆင့်ဆင့်က မြေခွန်ကောက်ခံသည့် နည်းလမ်းများအတိုင်းကောက်ခံ၍ ကောက်ခံရငွေအား သတ်မှတ်ထားသည့် ဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။

၁၃။ အခွန်ထမ်းသည် အခွန်တောင်းခံလွှာတွင် သတ်မှတ်သည့်ရက်အတွင်း သို့မဟုတ် တိုးမြှင့်ပေးသည့်ရက်အတွင်း အခွန်ကိုပေးဆောင်ရန်ပျက်ကွက်လျှင် ပေးဆောင်ရန်ပျက်ကွက်သည့်ငွေကို အခွန်မပြေကျန်ငွေအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအခွန်ထမ်းကို ပျက်ကွက်သူအဖြစ်လည်းကောင်း မှတ်ယူပြီး အဆိုပါ ငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည့်အပြင် တရားဥပဒေအရ တရားစွဲဆိုခြင်းခံရမည်။

၁၄။ ပုဒ်မ ၅ ပါ ရေခွန်ရေခများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဦးစီးဌာနကကောက်ခံ၍ ကောက်ခံရငွေအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ ပေးသွင်းရမည်။ အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၆)**
**ကင်းလွတ်ခွင့်၊ သက်သာခွင့်၊ စာရင်းမှပယ်ဖျက်ခွင့်နှင့် ပိုငွေကိုပြန်အမ်းခြင်း**

၁၅။ ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် လယ်ယာမြေတစ်ရပ်ရပ်အတွက်ဖြစ်စေ၊ သီးနှံတစ်မျိုးမျိုးအတွက်ဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့က တင်ပြချက်ကိုစိစစ်ပြီး -

(က) ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖျက်ခြင်း သို့မဟုတ် အခြားမတားဆီးနိုင်သော သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံပျက်စီးဆုံးရှုံးသည့်အတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

(ခ) အခွန်မစည်းကြပ်ထိုက်ဘဲ စည်းကြပ်ထားခြင်း၊ အခွန်ပိုမိုစည်းကြပ်ထားခြင်း သို့မဟုတ်မှားယွင်းစည်းကြပ်ထားခြင်းများကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြင်ဆင်ခြင်း၊ကောက်ခံမရနိုင်တော့သည့် အခွန်ကို တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းက ပယ်ဖျက်ခြင်းနှင့် ပေးဆောင်ထိုက်သည့်အခွန်ကို လျှော့၍ စည်းကြပ်ထားခဲ့ကြောင်း တွေ့ရှိပါက ထပ်မံကောက်ခံခြင်းတို့ ပြုနိုင်သည်။

(ဂ) အခွန်ထမ်းသည် ဥပဒေအရ ပေးဆောင်ထိုက်သည့်အခွန်ထက် ပိုမိုပေးဆောင်ထားကြောင်းတွေ့ရှိပါက ပိုငွေကို ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်အမ်းခြင်းပြုရမည်။

**အခန်း (၇)**
**အယူခံခြင်း**

၁၆။ (က) မြို့နယ်ရေခွန်နှင့် တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဆ)အရ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့သည် မြို့နယ်ရေခွန်နှင့် တာတမံခွန်စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၇။ (က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ အယူခံဝင်နိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ရေခွန်နှင့်တာတမံခွန် စည်းကြပ်ကောက်ခံရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဂ) အခွန်စည်းကြပ်ကောက်ခံမှုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း (၈)**
**အထွေထွေ**

၁၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၉။ ရေခွန်နှင့်တာတမံခွန်ဥပဒေ(၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၁)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**ကျွန်းလှ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ငါးယူနစ်/ကျေးရွာ ခြောက်ရွာအား ဒုတိယအကြိမ်ထုတ်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆားတွင်းကျေးရွာအား ငွေကျပ်သိန်း ၃၅၀၊ သရက်ပင်ကျေးရွာအား ငွေကျပ်သိန်း ၃၅၀၊ ကန်ပေါက်ကျေးရွာအား ငွေကျပ် ၃၅၀ သိန်း၊ တင်ငုတ်ကြီးနှင့် ကုလားကုန်းကျေးရွာတို့အား ငွေကျပ် ၃၅၁ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ အဆိုပါကျေးရွာတို့တွင် မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ကြေးမုံ သတင်းတိုများ

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၆**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၄ ခုနှစ် စာပေဗိမာန်စာမူဆုဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ထွန်းလှိုင်(မြိုင်) ရေးသားသည့် "မထိုးတစ်ကျပ် ထိုးတစ်ကျပ်နှင့်ကိုယ်တွေ့ ဝတ္ထုတိုများ" စာအုပ်ကို စာအုပ်အသင်း၏ ၁၄၅ အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁)၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

## ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများတိုးချဲ့တည်ဆောက်

**အင်းမ ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး အင်းမမြို့လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ သီရိကန်သာရပ်ကွက် ရေပြာတွင် ဗို့အားပြည့်မီရေး ဓာတ်အားပေးစနစ် ပိုမိုကောင်းမွန်ရေးအတွက် တပ်နယ်(အထက)အနီးတွင် ၁၁ ကေဗွီလိုင်းပေ ၂၀၀ နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စွာလင်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ပြီးစီး၍ ဇူလိုင် ၁ ရက်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် အင်းမမြို့ သီရိကန်သာရပ်ကွက်တွင် ယခင်က လိုင်းအဖျား ဗို့အား ၈၀ ရှိရာမှ ယခုအခါ လိုင်းအရင်း ဗို့အား ၂၂၀ ဗို့နှင့်လိုင်းအဖျားဗို့အား ၂၀၀ ဖြင့် ဗို့အားပြည့်ဝစွာ ဓာတ်အားသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

## ရပ်/ကျေးပေါင်းစုံ(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**လယ်ဝေး ဇူလိုင် ၆**

လယ်ဝေးမြို့နယ် အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ရပ်/ကျေးပေါင်းစုံ အသက်(၁၈)နှစ်အောက်အမျိုးသား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၅ ရက် မွန်းလွဲပိုင်းက လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်း(၂)၌ ကျင်းပရာ နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်ဇော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အား/ကာမှူးနှင့် ဌာနဆိုင်ရာများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် ပထမပွဲစဉ်အဖြစ် ဝင်တဲကူးကျေးရွာနှင့် ရွှေဟသာ်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ လယ်ဝေးမြို့နယ် ရပ်/ကျေးပေါင်းစုံ(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဘောလုံးအသင်း ရှစ်သင်းပါဝင်ကာ ဇူလိုင် ၅ ရက်မှ ၂၂ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမ်း ဇူလိုင် ၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တတိယနှစ်စက်ဝန်းအရ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို နည်းပညာအကြံပေး ဦးမောင်မောင်ချစ်နှင့်အဖွဲ့သည် ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီက ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါအဖွဲ့သည် အမ်းမြို့နယ်အတွင်းရှိ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့် ပေ ၁၃၀၀× ခြောက်ပေ× ခြောက်လက်မရှိ ကောက်ကျေးရွာအုပ်စု ထန်းချောင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ၇၅ ရာခိုင်နှုန်းပြီးစီးသည့် ၃၆ ပေ× ၂၄ ပေ× ၁၂ ပေရှိ မွားကျေးရွာအုပ်စု ညောင်ချောင်းကျေးရွာ စာသင်ကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကျေးရွာအလိုက် ဘဏ္ဍာငွေကြီးကြပ်ရေးကော်မတီများက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **မင်းမြင့်မိုရ်(ငါန်းဇွန်)**

## မော်လိုက်မြို့နယ်တွင် စက်ချုပ်သင်တန်းဖွင့်လှစ်

**မော်လိုက် ဇူလိုင် ၆**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်း ဖွင့်ပွဲကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက မော်လိုက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းနောက် မော်လိုက်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ရွှေနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ခဲ့ကြရာ သင်တန်းသူတို့က လက်ခံခဲ့ကြသည်။ အဆိုပါ သင်တန်းကို မော်လိုက်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားစေရေး ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းသူ ၂၀ ကို သင်တန်းကာလ တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မော်လိုက်သားလေး**

# အိန္ဒိယနိုင်ငံ၌ကျင်းပသည့် အိန္ဒိယအထည်အလိပ်ကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို တက်ရောက်

**နေပြည်တော် ဇူလိုင် ၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ချိုသည် အိန္ဒိယနိုင်ငံ အထည်အလိပ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Mrs. Smriti Zubin Irani ၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် အမီဒါဘတ်မြို့၌ ဇွန် ၂၉ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပသည့် အိန္ဒိယ အထည်အလိပ်ကုန်စည်ပြပွဲ ၂၀၁၇ (Textiles India 2017)သို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၃၀ ရက် မွန်းလွဲပိုင်းတွင် အမီဒါဘတ်မြို့ Mahatma Mandir, Main Convention Hall ၌ကျင်းပသည့် Textiles India 2017 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် Mr. Narendra Modi, အထည်အလိပ်ဝန်ကြီးဌာနဝန်ကြီး Mrs. Smriti Zubin Irani, ဂူဂျာရတ် ပြည်နယ်အစိုးရဝန်ကြီးချုပ် Mr.Vijay Rupaniနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ဇူလိုင် ၁ ရက်တွင် ဂူဂျာရတ်ပြည်နယ်ရှိ Charanka Solar Parkသို့ သွားရောက်လေ့လာခဲ့ရာ Gujarat Power Corporaion Ltd. မှ Chief Project Officer Mr. Rajendra Mistry နှင့် တာဝန်ရှိသူများက Solar Park နှင့် သက်ဆိုင်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြကြပြီး ရှုရပ်မှနေ၍ Solar Park ဧရိယာအား ကြည့်ရှုလေ့လာသည်။

ယင်းနောက် Torrent Power Limited မှ ဆောင်ရွက်လျက်ရှိသည့် 50 MW Solar Power Station ၏ Solar Panel များ၊ Inverter Unit များနှင့် Control Panel များ တပ်ဆင်ထားရှိမှုများကို ကြည့်ရှုလေ့လာခဲ့သည်။



ဂူဂျာရတ်ပြည်နယ် (Gujarat) Charanka Solar Park တွင် အိန္ဒိယပြည်တွင်းနှင့် ပြည်ပမှ Developer များက တပ်ဆင်ထားရှိသည့် Station များမှထွက်ရှိ Solar Power စုစုပေါင်း 500 MW ကို National Grid သို့ ပေးပို့လျက်ရှိပြီး နေရောင်ခြည်ကောင်းစွာမရရှိသော မိုးသည်းထန်သည့်နေ့များတွင်ပင် 50MW ထွက်ရှိကြောင်း သိရသည်။ အဆိုပါ ဆိုလာဓာတ်အားပေးစက်ရုံတွင် ပုဂ္ဂလိက Developer အဖွဲ့ ၂၀ ဖွဲ့မှ အပိုင်းလိုက်ခွဲ၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်လျက်ရှိရာ ဈေးနှုန်းချိုသာစွာဖြင့် National Grid ကွန်ရက်စနစ်သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၂ ရက် နံနက်ပိုင်းက Helipad Ground, Gandhinagar Exhibition Hall No.10 ရှိ Conference Room ၌ ကျင်းပသည့် Conference on ASEAN-India Cooperation: Weaving Synergies for Enhancing Trade and Investment in Textiles သို့ အိန္ဒိယနိုင်ငံအစိုးရ အထည်အလိပ်ဝန်ကြီးဌာနဝန်ကြီး Mrs. Smriti Zubin Iraniနှင့်အတူ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး အထည်အလိပ်လုပ်ငန်းများ၊ Solar ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတိုးမြှင့်ရေး လုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဂူဂျာရတ်ပြည်နယ်အစိုးရ၊ Energy &Petrochemicals DepartmentrS Chief Secretary, Mr. Sujit Gulati နှင့်တွေ့ဆုံ၍ Solar Power Station တည်ဆောက်ရေးနှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံမှ နည်းပညာအကူအညီနှင့် အကြံဉာဏ်များပေးရေး၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရေး ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ ပြည့်မီစေရေး ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မတူကွဲပြားမှုများစွာရှိသဖြင့် ကျန်းမာရေး အသိပညာမြှင့်တင်ရာတွင် လုပ်ငန်းပုံစံတစ်ခုတည်းဖြင့် ဆောင်ရွက်၍ မရနိုင်ကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းသည် ကျောင်းကျန်းမာရေးလုပ်ငန်း၊ သူနာပြုသားဖွားကဏ္ဍတိုးတက်ရေးလုပ်ငန်းတို့နှင့်အတူ ဝန်ကြီးဌာန၏ အဓိကဦးစားပေးလုပ်ငန်းကြီး ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ (Standarized Health Messages) စာအုပ်ကို version 1 အနေဖြင့် မကြာမီ ထုတ်ဝေသွားမည်ဖြစ်ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများ အနေဖြင့် ပြည်သူလူထုကို အိမ်တိုင်ရာရောက် ကျန်းမာရေးအသိပညာပေးရာတွင် ကောင်းစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများ၏ ကျန်းမာရေးအသိပညာအဆင့်အတန်းမြင့်မားလျှင် ကျန်းမာသော ကျောင်းသား ကျောင်းသူများမှတစ်ဆင့် အနာဂတ်တွင် ကျန်းမာသော လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာမည့်အပြင် ကျောင်းသားများက မိမိတို့ မိဘဆွေမျိုးများသို့ ကျန်းမာရေးအသိပညာ မျှဝေပေးခြင်းဖြင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအသိပညာလည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ကျန်းမာရေးအသိပညာမြင့်မားလာသည်နှင့်အတူ စားသုံးရန်မသင့်တော်သော အစားအသောက်များ၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များ၊ ဆိုးဆေးပါသော အစားအသောက်များ၊ ထုတ်လုပ်သူအမည်၊ သက်တမ်းကုန်ဆုံးရက် မပါသော အစားအသောက်များကို ပြည်သူများစားသုံးခြင်းမှ ရှောင်ရှားနိုင်မည်ဖြစ်ပြီး အစားအသောက်ကြောင့် ဖြစ်ပွားလာမည့် ရောဂါများကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr.Stephan Paul Jost က အမှာစကားပြောကြားသည်။ အဆိုပါအစည်းအဝေးကို ဇူလိုင် ၆ ရက်အထိ သုံးရက်တာ ကျင်းပသွားမည် ဖြစ်သည်။



ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းကို ဦးစားပေးနယ်ပယ်တစ်ရပ်အဖြစ် သတ်မှတ်ကာ အားဖြည့်ဆောင်ရွက်ရာတွင် နိုင်ငံတကာမှ ပညာရှင်များပါဝင်သော ယခုကဲ့သို့ အစည်းအဝေးကျင်းပခြင်းအားဖြင့် မြန်မာနိုင်ငံအတွက် အတွေ့အကြုံများ၊ အတွေးအမြင်များရရှိကာ နိုင်ငံနှင့် လိုက်လျောညီထွေသည့် မဟာဗျူဟာများနှင့် စီမံကိန်းတို့ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပထမအကြိမ် ခေတ်ပေါ်ကဗျာ(မော်ဒန်ကဗျာ)စာတမ်းဖတ်ပွဲ ပြုလုပ်

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ကြီးမှူး၍ ပထမဆုံးအကြိမ် ဖတ်ကြားမည့် ခေတ်ပေါ်ကဗျာ(မော်ဒန်ကဗျာ) စာတမ်းဖတ်ပွဲကို ပညာရပ်နယ်ပယ်နှင့် မြန်မာစာ စာပေအတွက် အကျိုးရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၅ ရက် နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် တောင်ငူဆောင် မြန်မာစာခန်းမ၌ ပြုလုပ်ခဲ့သည်။

"အရင်တုန်းကတော့ မော်ဒန်ကဗျာဆိုတာ ဘာမှန်းမသိဘူး။ တကယ့်မော်ဒန်ကဗျာနဲ့ပတ်သက်ပြီး မော်ဒန်ကဗျာရေးနေတဲ့သူတွေ၊ သီအိုရီအနေနဲ့ ပတ်သတ်ပြီး လေ့လာတဲ့သူတွေကလွဲရင် သာမာန်အားဖြင့်တော့ မော်ဒန်ကဗျာဆိုတာ ဘယ်လိုမျိုးလဲ အသိရခက်တယ်။ ဘာမှန်းမသိတဲ့ ကဗျာပုံစံတစ်မျိုးဖြစ်တယ်။ ကာရန်စနစ်ချိုးဖောက်တယ်ဆိုတဲ့အမြင်ကနေ စနစ်တကျနဲ့ မော်ဒန်ကဗျာဆိုတာ ဘယ်လိုမျိုးလဲ၊ မော်ဒန်ကဗျာကို ဘယ်လိုအဓိပ္ပာယ်သတ်မှတ်နိုင်မလဲ၊ သူ့ရဲ့ သွင်ပြင်လက္ခဏာဘာတွေရှိလဲဆိုတာကို ဒီစာတမ်းဖတ်ပွဲကတစ်ဆင့် လေ့လာဖော်ထုတ်တာပါ"ဟု ဒေါက်တာအောင်မြင့်ဦး ပါမောက္ခ/ဌာနမှူး မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်က ပြောသည်။

ယင်းစာတမ်းဖတ်ပွဲအတွက် ပြင်ပမှ ကဗျာပညာရှင်များနှင့် တက္ကသိုလ်အသီးသီးမှ မြန်မာစာဆရာ ဆရာမများက စာတမ်း ခုနစ်စောင် ဖတ်ကြားခဲ့သည်။ မြန်မာမော်ဒန်ကဗျာခေတ်ဦး (၁၉၇၀-၁၉၉၀) လေ့လာချက်စာတမ်းကို ဇေယျာလင်းက လည်းကောင်း၊ ခေတ်ပေါ်မြန်မာကဗျာ၏ နည်းဗေဒတချို့ကို လေ့လာခြင်းစာတမ်းကို မျိုးသန့်က လည်းကောင်း၊ မြန်မာ့ခေတ်ပေါ်ကဗျာဆရာတို့ သုံးစွဲသောကဗျာဖွဲ့ပုံနည်းလမ်းများ စာတမ်းကို မောင်ပြည့်မင်းက လည်းကောင်း၊ ၁၉၇၀ ခုနှစ်ဝန်းကျင် မြန်မာကဗျာများ၏ ပြောင်းလဲမှုလက္ခဏာများ စာတမ်းကို ဒေါက်တာသန်းထွန်း ပါမောက္ခ/ဌာနမှူး မြန်မာစာဌာန ပုသိမ်တက္ကသိုလ်က လည်းကောင်း၊ ခေတ်ပေါ်ကဗျာနှင့် လူမှုအရှိတရားစာတမ်းကို ဒေါက်တာဇင်မာသန်း တွဲဖက်ပါမောက္ခ မြန်မာစာဌာန ဒဂုံတက္ကသိုလ်ကလည်းကောင်း၊ သုခမိန်လှိုင်၏ ခေတ်ပေါ်ကဗျာ ဖန်တီးပုံလေ့လာချက်စာတမ်းကို ဒေါက်တာခင်မာသက် ပါမောက္ခ/ဌာနမှူး၊ မြန်မာစာဌာန စစ်တွေတက္ကသိုလ်က လည်းကောင်း၊ မြန်မာခေတ်ပေါ်(မော်ဒန်)ကဗျာအချို့ကို ခံစားလေ့လာခြင်းစာတမ်းကို ဦးမင်းဇင် လက်ထောက်ကထိက မြန်မာစာဌာန ဒဂုံတက္ကသိုလ်က လည်းကောင်း အသီးသီးဖတ်ကြားခဲ့သည်။

စာတမ်းဖတ်ပွဲသို့ စာပေ၊ ကဗျာ နယ်ပယ်များမှ ပညာရှင်များ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မီဒီယာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ခင်ဇာလီ)**

# မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံလေ့လာရေးအစီအစဉ်အဆိုပြုလွှာတင်သွင်းခွင့်အမှတ် သတ်မှတ်ထုတ်ပြန်

**ရန်ကုန် ဇူလိုင် ၆**

"မြန်မာ-ဂျပန်အသင်း၏ ပညာရည်ထူးချွန်ဆု ဂျပန်နိုင်ငံ လေ့လာရေးအစီအစဉ် ၂၀၁၇" အတွက် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦးနှင့် ဝိဇ္ဇာ၊ ဝိပ္ပံဘာသာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၂၅ ဦး၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများ (နေပြည်တော်ကောင်စီအပါအဝင်) တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသူ ၁၈ ဦး စုစုပေါင်း ၆၈ ဦးနှင့် YUFLသတ်မှတ်အတန်းများမှ ပဏာမအဆင့်ရွေးချယ်မှုတွင် အောင်မြင်သူ ၆၀ စုစုပေါင်း ၁၂၈ ဦးသည် အဆိုပြုလွှာတင်သွင်းခွင့်ရှိကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်သည်။ သိပ္ပံဘာသာတွဲအတွက် စုစုပေါင်းအမှတ် ၅၄၇ မှတ်နှင့်အထက် ရရှိသူများ၊ ဝိဇ္ဇာ၊ ဝိပ္ပံဘာသာတွဲအတွက် စုစုပေါင်းအမှတ် ၄၉၂ မှတ်နှင့်အထက်ရရှိသူများနှင့် ပြည်နယ်/တိုင်းဒေသကြီးများ တစ်ခုချင်းအလိုက် အမှတ်အများဆုံးရရှိသူ တစ်ဦးစီသာလျှင် အဆိုပြုလွှာ တင်သွင်းခွင့်ရှိကြောင်းနှင့် အဆိုပြုလွှာများကို မြန်မာ-ဂျပန်အသင်း Central Tower: အမှတ် (၇၉-၈၁)၊ ပထမထပ် အခန်း (၁၀၂)၊ အနော်ရထာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၅၆၀၇၄၊ ၂၅၆၀၇၅၊ ၃၉၂၉၉၄၊ ၀၉-၄၂၁၁၆၂၃၁တို့တွင် ဆက်သွယ်၍ အခမဲ့ရယူနိုင်ပြီး ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်သည်။

အဆိုပြုလွှာတင်သွင်းခွင့် ရရှိသူများအနက်မှ ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးမှု ရရှိမည့်သူများနှင့် စပ်လျဉ်း၍ ဩဂုတ် ၁၅ ရက် မတိုင်မီ သက်ဆိုင်သူများထံ ဆက်သွယ်အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်၌ အိမ် ၂၇ လုံးခန့် မီးလောင်မှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၆**

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် (၅၄)လမ်းနှင့် ၅၅ လမ်းကြား၊ မြတ်လေးလမ်းနှင့် နှင်းဆီလမ်းကြားနေ ဇာတ်မင်းသား လှဝင်းအောင်၏ ပေ ၂၀ × ပေ ၃၀ သွပ်မိုးထရံကာ နှစ်ထပ်နေအိမ် အပေါ်ထပ်မှ ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်ခန့်က စတင်လောင်ကျွမ်းခဲ့ရာ အနီးဝန်းကျင်မှ အိမ်ခြေစိစစ်ဆဲ ၂၇ လုံးခန့် မီးကူးစက်လောင်ကျွမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒု-ညွှန်ကြားရေးမှူး ဦးဇော်ဝင်းဌေး၊ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး မျိုးအောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ မီးသတ်ယာဉ် ၅၅ စီးဖြင့် ရောက်ရှိငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်ကျွမ်းမှုအကြောင်းရင်းနှင့် အမှုဖွင့်အရေးယူဆောင်ရွက်မှုတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## မူဆယ်နယ်စပ်မှ ဝင်ရောက်လာသည့်ကန့်သတ်ကုန် တရုတ်နိုင်ငံထုတ် ဘီယာများ သိမ်းဆည်းရမိ

**မန္တလေး ဇူလိုင် ၆**

မူဆယ်မြို့မှတစ်ဆင့် မန္တလေးမြို့သို့ ဝင်ရောက်လာသည့် ကန့်သတ်ကုန်ဖြစ်သော တရုတ်နိုင်ငံထုတ် ဘီယာများ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် ဇူလိုင် ၅ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ဇူလိုင် ၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မူဆယ်မြို့မှ မန္တလေးမြို့သို့ ဝင်ရောက်လာသည့် Mitsubishi Fuso ၁၂ ဘီးယာဉ်အား တားဆီးစစ်ဆေးခဲ့ရာ ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် တရုတ်နိုင်ငံထုတ် "7 Arrows" ဘီယာ(2000)Pkgs နှင့် ပစ္စည်းသယ်လာသည့် ယာဉ်အပါအဝင် စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၃၄ သန်းခန့်အား သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။



တရားမဝင်ကုန်စည်များ တားဆီးစစ်ဆေးလျက်ရှိရာ မြန်မာနိုင်ငံအထက်ပိုင်းတွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် မြန်မာနိုင်ငံအောက်ပိုင်းတွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၅ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်တားဆီးနိုင်ခဲ့မှု နှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၃၄ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၆၂၅ သန်းခန့် စုစုပေါင်း တားဆီးနိုင်ခဲ့မှု သုံးမှု ခန့်မှန်းတန်ဖိုးကျပ် ၃၅ ဒသမ ၆၂၅ သန်းခန့် သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

**(၀၀၁)**

## မန္တလေးတွင် မူးယစ်ဆေးပြား ၁၂ သိန်းကျော် သိမ်းဆည်းရမိ

**မန္တလေး ဇူလိုင် ၆**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်( င)ရပ်ကွက် ညည(၂/၇၅)ရှိ ဂိုဒေါင်တစ်လုံးအား သတင်းအရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့က ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီခွဲတွင် ဝင်ရောက်ရှာဖွေရာ စိတ်ကြွမူးယစ်ဆေးပြား ၁၂ သိန်းကျော်ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ခွဲ(၁)မှ ဒုရဲမှူးကြီးကျော်ဆန်းဦးစီးသော မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် သတင်းအရ ပြည်ကြီးတံခွန်မြို့နယ်(၅၈)လမ်းနှင့် ဗညားဒလလမ်းထောင့် ညည ၁၄/၅၅နေ ကျော်ဝင်း(ခ) လျိုရှန်းချမ်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိမ်စောင့် အောင်မင်းထွန်းနှင့်အတူ ထမင်းချက် ဒေါ်မာမာရီ၊ ဧည့်သည် ငါးဦးတို့အား ပြည်ကြီးတံခွန်မြို့နယ်(င) ရပ်ကွက် ညည (၂/၇၅)ရှိ ဂိုဒေါင်အား လိုက်လံပြသစေခဲ့ရာ ဂိုဒေါင်မှာ သော့ပိတ်လျက်တွေ့ရသောကြောင့် သက်သေများနှင့်အတူ သော့ဖျက်ဝင်ရောက်ရှာဖွေခဲ့ရာမှ ဂိုဒေါင်အတွင်း မော်တော်ယာဉ်နှင့်အတူ စိတ်ကြွမူးယစ်ဆေးပြားများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။



အဆိုပါဂိုဒေါင်အတွင်းတွေ့ရှိသည့် မော်တော်ယာဉ်သုံးစီးအနက် တိုယိုတာဟိုက်အေ့စ် မီနီဘတ်စ်အဖြူရောင်ယာဉ်ပေါ်မှ အဝါရောင်အိတ်ဖြင့်ထည့်ထားသော (၈၈/၁) စာတန်းပါ ပန်းရောင်စိတ်ကြွမူးယစ်ဆေးပြား ၁၁၄၀၀၀၊ အပိုဘီးနှစ်ခုအတွင်းမှ ဆေးပြား ၄၅၀၀၀၀၊ တိုယိုတာဟိုင်းလပ်ဆပ်ဖ် အဖြူရောင်ယာဉ်ပေါ်ရှိ အပိုဘီးအတွင်းမှ ဆေးပြား ၂၅၆၀၀၀ စုစုပေါင်းဆေးပြား ၈၂၀၀၀၀ ကနဦး သိမ်းဆည်းရမိခဲ့သည်။ ယင်းနောက် နေအိမ်အား ဆက်လက်ရှာဖွေရာ အိမ်စီးကားနှစ်စီးနှင့်အတူ မြန်မာငွေကျပ်သိန်း ၃၆၀ ပါ မီးခံသေတ္တာ နှစ်လုံး၊ KBZ Bank ငွေစုစာအုပ် နှစ်အုပ်၊ မြန်မာ့စီးပွားရေးဘဏ် မန္တလေး(၁) ဘဏ်ခွဲအမည်ပါ ငွေထုတ်ချက်လက်မှတ်အုပ်၊ မြေယာအရောင်းအဝယ်စာချုပ်များ၊ တစ်တုံးလျှင် ၁၀ ကျပ်သားခန့်ရှိ ရွှေတုံး ၁၂ တုံး၊ ရွှေလက်ကိုင်အိတ်တစ်လုံးနှင့် ရွှေထည်မျိုးစုံတို့ကို ထပ်မံရှာဖွေတွေ့ရှိခဲ့ကာ သိမ်းဆည်းရမိသည့် မော်တော်ယာဉ်ငါးစီးအား အသေးစိတ်ဖြုတ်၍စစ်ဆေးရာမှ တိုယိုတာဟိုင်းလပ်ဆပ်ဖ်အဖြူရောင်ယာဉ်၏ ဆီတိုင်ကီအံ့ဝှက်အတွင်းမှ မူးယစ်ဆေးပြား ၄၄၄၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နေအိမ်နှင့် ဂိုဒေါင်ပိုင်ရှင် ဦးကျော်ဝင်း(ခ) လျိုရှန်းချမ်း အသက်(၅၂)နှစ်၊ ဇနီးဖြစ်သူ ဒေါ်ဖူးဝေခိုင် အသက်(၄၂)နှစ်နှင့် အိမ်စောင့် အောင်မင်းထွန်း အသက်(၃၂)နှစ်တို့အား မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)မှ ရဲအုပ်အောင်ဇော်မြင့်က တရားလိုပြုလုပ်တိုင်ကြားခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားပြီး တရားခံအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မင်းထက်အောင်)**

## အရှိန်မထိန်းနိုင်သော ၂၂ တွဲယာဉ် တစ်ဖက်ယာဉ်ကြောရှိ ၁၂ ဘီးယာဉ်အား ဝင်တိုက်မှုဖြစ်ပွား

**ညောင်လေးပင် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြောက်ဘက်အထွက် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၉၉/၄) နှင့် (၉၉/၅) အကြားတွင် ဇူလိုင် ၆ ရက် နံနက် ၇ နာရီခွဲခန့်က အရှိန်မထိန်းနိုင်သော ၂၂ ဘီးတွဲယာဉ်က တစ်ဖက်ယာဉ်ကြောရှိ ၁၂ ဘီးယာဉ်အား ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

မန္တလေးဘက်မှရန်ကုန်ဘက်သို့ ယာဉ်မောင်းဇော်မိုးသူ ကျောက်ဆည်မြို့နေသူ မောင်းနှင်လာသော ၂၂ ဘီးတွဲယာဉ်မှ တစ်ဖက်ယာဉ်ကြောအတွင်းသို့ အရှိန်လွန်ဝင်ရောက်ကာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ဝင်းနိုင်ထွန်း မြစ်သားမြို့နေသူ မောင်းနှင်လာသော ၁၂ ဘီးယာဉ်၏ဦးခေါင်းဝဲဘက်အား ဝင်တိုက်မိရာ ယာဉ်မောင်းဇော်မိုးသူတွင် ဒဏ်ရာများရရှိ၍ ညောင်လေးပင်ဆေးရုံတွင် အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဆေးကုသလျက်ရှိသည်။

ယာဉ်မောင်းဇော်မိုးသူအား ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

**နေလင်း(ညောင်လေးပင်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## ကော့သောင်းမြို့တွင် ယာဉ်စည်းကမ်းဆောင်ရွက်စဉ် လက်နက်များ သိမ်းဆည်းရမိ

**ကော့သောင်း ဇူလိုင် ၆**

ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် မြရည်ပုလဲလမ်းပေါ်တွင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဇူလိုင် ၅ ရက် နံနက်က မော်တော်ဆိုင်ကယ်တစ်စီးထံမှ ခြောက်လုံးပြူးသေနတ် နှစ်လက် သိမ်းဆည်းရမိသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက်ပိုင်းက နယ်ထိန်းအဖွဲ့ခေါင်းဆောင် ဒု-ရဲအုပ်သက်ပိုင်ဦးနှင့် အမှတ်(၇၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် တာဝန်ရှိအဖွဲ့အစည်းများက ရွှေဇင်ယော်ရပ်ကွက် မြရည်ပုလဲလမ်း နန္ဒဝန်ဈေးအနီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အေးရိပ်ငြိမ်ရပ်ကွက်ဘက်မှ မြို့တွင်းသို့ ဖောသုတ်ကျေးရွာနေ အေးသောင်းနှင့် လုံးဖောကျေးရွာအုပ်စု အေးမြမင်္ဂလာကျေးရွာနေသူ နိုင်လင်းတို့နှစ်ဦး မောင်းနှင်လာသည့် ယာဉ်အမှတ်မပါ ဟွန်ဒါ နီညိုရောင် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်ထိုင်ခုံ တူးဘောက်အတွင်းမှ အဝတ်အစားများဖြင့် ပတ်ထားသည့် ကျည် ခြောက်တောင့်ထည့်လျက် ၃၂ ဗို့ ခြောက်လုံးပြူး တစ်လက်နှင့် ကျည်ကတ်အတွင်း ကျည်ခြောက်တောင့်ထည့်ထားသည့် ဂျာမနီနိုင်ငံလုပ် ၄၅ ပစ္စတိုတစ်လက်နှင့် သီးခြားပစ္စတိုကျည် ခြောက်တောင့်အား သိမ်းဆည်းရမိခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လက်နက်များသိမ်းဆည်းရမိသူ အေးသောင်းနှင့် နိုင်လင်းတို့နှစ်ဦးအား ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့စခန်းက လက်နက်ဥပဒေဖြင့် ဆက်လက်စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**







## ဖားကန့်မြို့နယ်၌ ဘိန်းဖြူများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၆**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် နံနက် ၆ နာရီတွင် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာအုပ်စု ခကျန်ကျေးရွာနေ မအေးလု၏နေအိမ်ကိုရှာဖွေရာ နေအိမ်မှ ဘိန်းဖြူ ၁၂၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့နံနက် ၆ နာရီခွဲတွင် ၎င်းကျေးရွာနေ ကျိုးစောချန်၏နေအိမ်ကို ရှာဖွေရာ ကျိုးစောချန်နှင့် မထန်ရွှင်ရီတို့အား တွေ့ရှိပြီး နေအိမ်မှ ဘိန်းဖြူ ၄၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အားကစား**

# ဘောလုံးရာသီမစတင်မီ ပြန်လည်ပါဝင်လာရန် မန်စီးတီးကစားသမား ဂွန်ဒိုဂန်မျှော်လင့်

မန်စီးတီးကွင်းလယ်ကစားသမား ဂွန်ဒိုဂန်သည် အသင်း၏ ရာသီအကြိုလေ့ကျင့်ရေး အစီအစဉ်တွင် ပြန်လည်ပါဝင်လာရန်နှင့် ကြံခိုင်မှုပြည့်ဝရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။ အသက်(၂၆)နှစ်အရွယ်ရှိ ဂျာမနီကွင်းလယ်ကစားသမား ဂွန်ဒိုဂန်သည် ဒူးဒဏ်ရာပြဿနာကြုံတွေ့နေခြင်းကြောင့် ဒီဇင်ဘာလကတည်းက အသင်းတွင် ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့သူ ဖြစ်သည်။

သို့ရာတွင် ပြီးခဲ့သည့်လက အပေါ့စားလေ့ကျင့်မှုများ စတင်ပြုလုပ်နေခဲ့ပြီး ဘောလုံးရာသီမစတင်မီ အသင်းတွင် ပြန်လည်ပါဝင်လာရန် မျှော်လင့်လျက်ရှိသည်။ မန်စီးတီးအသင်းသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီ၏ ရာသီအဖွင့်ပွဲစဉ်အဖြစ် ဩဂုတ် ၁၂ ရက်တွင် ဘရိုက်တန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မန်စီးတီးအသင်းသည် ရာသီအကြိုပွဲစဉ်များကစားရန် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်မည်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် မန်ယူအသင်း၊ စပါးအသင်း၊ စပိန်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါပွဲစဉ်များတွင်ပါဝင်လာရန် ကွင်းလယ်ကစားသမား ဂွန်ဒိုဂန်အနေဖြင့် မျှော်လင့်လျက်ရှိပြီး လာမည့်သီတင်းပတ်ထဲတွင် မန်စီးတီးအသင်းမှ အသင်းဖော်များနှင့် အတူတကွလက်တွဲကစားမည်ဖြစ်ကြောင်း အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ■



© PA



© PA

# လူကာကူအား ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် ခေါ်ယူရန် မန်ယူအသင်းသဘောတူညီမှုရရှိ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် တိုက်စစ်မှူး လူကာကူအား ပြောင်းရွှေ့ကြေးပေါင် ၇၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ အသက်(၂၄)နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံတိုက်စစ်မှူး လူကာကူသည် ပြီးခဲ့သည့်ဘောလုံးရာသီက အဲဗာတန်အသင်းနှင့်အတူ ပရီမီယာလိဂ်သွင်းဂိုး ၂၅ ဂိုးအထိသွင်းယူထားနိုင်ခဲ့သူဖြစ်သည်။

မန်ယူအသင်းသည် အဲဗာတန်တိုက်စစ်မှူး လူကာကူအားခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်သောကြောင့် ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး မိုရက်တာအား ခေါ်ယူတော့မည်မဟုတ်ကြောင်း သိရသည်။ အဲဗာတန်အသင်းထံမှ လာသောသတင်းရင်းမြစ်များကမူ မန်ယူအသင်းနှင့် တိုက်စစ်မှူး လူကာကူတို့သည် သဘောတူညီမှုမရရှိသေးကြောင်း ဖော်ပြထားသည်။

နည်းပြမော်ရင်ဟိုကမူ တိုက်စစ်မှူးလူကာကူအား မန်ယူအသင်း၏ ရာသီအကြိုခရီးစဉ်ဖြစ်သည့် အမေရိကန်ပြည်ထောင်စုသို့မသွားမီ ခေါ်ယူမည်ဟုဆိုသည်။ တိုက်စစ်မှူးလူကာကူသည် မန်ယူအသင်းအမှုဆောင်ဒုတိယဥက္ကဋ္ဌ အက်ဒ်ဝုဒ်ဝက်ဒ်အား တင်ပြခဲ့သည့် နည်းပြမော်ရင်ဟို၏ တိုက်စစ်ကစားသမားခေါ်ယူမည့်စာရင်းတွင်လည်းပါဝင်ခဲ့ပြီး ယင်းမှာ ပြီးခဲ့သည့်ဘောလုံးရာသီမကုန်မီကတည်းကပင် သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

တိုက်စစ်မှူးလူကာကူသည် ၂၀၁၁ ခုနှစ်အတွင်းက အန်ဒါလက်ချ်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်ပြီး အသင်းဟောင်းချယ်လ်ဆီးအသင်းသို့လည်း တစ်ကျော့ပြန်ကစားလိမ့်မည်ဟုလည်း ထင်ကြေးပေးမှုများရှိခဲ့သည်။ နည်းပြမော်ရင်ဟို ချယ်လ်ဆီးအသင်းတွင် ကိုင်တွယ်စဉ်က တိုက်စစ်မှူးလူကာကူအား အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၂၈ သန်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။ နည်းပြမော်ရင်ဟိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပေါ့ဘာ၊ အီဘရာဟီမိုဗစ်နှင့် မစ်ခီတာယန်တို့ကို ခေါ်ယူထားခဲ့ပြီး ယခုနှစ်တွင် တိုက်စစ်အားသန် ကစားသမားဖြစ်သည့် လူကာကူကို ခေါ်ယူရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ❐

# ဆီဗီလာအသင်းခေါင်းဆောင် အီဘိုရာအား ပေါင် ၁၀ ဒသမ ၅ သန်းဖြင့် လက်စတာ ခေါ်ယူ

လက်စတာစီးတီးအသင်းသည် စပိန်ကလပ်ဆီဗီလာအသင်းခေါင်းဆောင် အီဘိုရာအား ပြောင်းရွှေ့ကြေးပေါင် ၁၀ ဒသမ ၅ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်ကြောင်းသိရသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား အီဘိုရာသည် ဆီဗီလာအသင်းအား ယူရိုပါလိဂ်ဖလား သုံးနှစ်ဆက်တိုက်ရယူနိုင်ရေး စွမ်းဆောင်ပေးခဲ့သူဖြစ်ပြီး ၂၀၁၃ ခုနှစ်က လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အီဘိုရာသည် ယခုတစ်ပတ် အစောပိုင်းက ဆီဗီလာအသင်းနှင့် လက်စတာစီးတီးအသင်းတို့ သဘောတူညီခဲ့ခြင်းဖြစ်ကြောင်း စပိန်ကလပ် ဆီဗီလာအသင်းက ထုတ်ပြန်ကြေညာခဲ့သည်။

အီဘိုရာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် လက်စတာစီးတီးအသင်း၏ ပြိုင်ဘက်အဖြစ် ဆီဗီလာအသင်းကစားသမားအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။

ကွင်းလယ်ကစားသမား အီဘိုရာသည် ဆီဗီလာအသင်းနှင့်အတူ ပွဲပေါင်း ၁၇၂ ပွဲအထိ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး ၃၀ သွင်းယူနိုင်ခဲ့သည်။

ဆီဗီလာအသင်းသည် အင်တာမီလန်အသင်းမှ ဘာနီဂါအားခေါ်ယူခဲ့ပြီးနောက် ကွင်းလယ်ကစားသမား အီဘိုရာကို အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ခြင်းဖြစ်ပြီး အီဘိုရာသည် ဆီဗီလာအသင်သို့မရောက်ရှိမီက လီဗန်တေးအသင်းတွင် ကစားခဲ့သူဖြစ်သည်။





# ဖီဖာကမ္ဘာ့အဆင့်သတ်မှတ်ချက်အမြင့်ဆုံးသို့ မြောက်အိုင်ယာလန်အသင်း ရောက်ရှိ

ဂျာမနီအသင်းသည် ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ပထမနေရာရရှိခဲ့ပြီး မြောက်အိုင်ယာလန်အသင်းသည်လည်း ၎င်းတို့အတွက် အမြင့်ဆုံးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

မြောက်အိုင်ယာလန်အသင်းသည် ဇွန်လအတွင်းက နယူးဇီလန်အသင်းနှင့် အဇာဘိုင်ဂျန်အသင်းတို့ကို အနိုင်ရရှိခဲ့သည့်မှတ်တမ်းတစ်ရပ်စိုက်ထူနိုင်ခဲ့ခြင်းကြောင့် အဆင့်(၂၂)သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျာမနီအသင်းသည် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ကိုပါအမေရိကချန်ပီယံ ချီလီအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် နှစ်နှစ်တာကာလအတွင်း ဘရာဇီးအသင်းနှင့် အာဂျင်တီးနားအသင်းတို့ကို ကျော်ဖြတ်ကာ အဆင့်(၁)နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။

အင်္ဂလန်အသင်းမှာ ကမ္ဘာ့အဆင့်(၁၃)တွင် ရပ်တည်လျက်ရှိပြီး ဝေလအသင်းမှာမူ အဆင့်(၁၃)နေရာမှ အဆင့်(၂၀)သို့ လျော့ကျသွားခဲ့သည်။ စကော့တလန်အသင်းမှာမူ အဆင့်(၅၈)တွင် ရပ်တည်လျက်ရှိသည်။

မြောက်အိုင်ယာလန်အသင်းသည် သုံးပွဲကစားခဲ့ရာတွင် ပေးဂိုးလုံးဝမရှိခဲ့ဘဲ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်တွင်လည်း အုပ်စုအဆင့်ဒုတိယနေရာဖြင့် ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့သည်။ ဂျာမနီအသင်းသည် အဆင့်(၁)၊ ဘရာဇီးအသင်းသည် အဆင့်(၂)နှင့် အာဂျင်တီးနားအသင်းမှာ အဆင့်(၃) စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။

**ငွေကြယ် - ရေးသားသည်**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*



# အဓိကစစ်မေးခြင်းပညာ

**မောင်စာဂ**

သက်သေတင်ပြသည့် အမှုသည်က မိမိ၏သက်သေအား စစ်ဆေးမေးမြန်းခြင်းကို ပထမစစ်မေးခြင်း သို့မဟုတ် အဓိကစစ်မေးခြင်း (Examination-in-Chief) ဟု ခေါ်ဆိုကြောင်း ပြဆိုခဲ့ပြီးဖြစ်သည်။

**အဓိကစစ်မေးရခြင်း၏ ရည်ရွယ်ချက်**

အမှုနှင့်စပ်လျဉ်း၍ မိမိ၏အမှုသည်ဘက်မှ တင်ပြရန်ရှိသည့် အချက်အလက်များကို ထင်ထင်ရှားရှားရှိစေရန်နှင့် ဥပဒေကြောင်းအရ ခိုင်ခိုင်လုံလုံဖြစ်စေရန် ရည်ရွယ်၍ စစ်မေးခြင်းဖြစ်သည်။

**အဓိကစစ်မေးခြင်း၏ အတတ်ပညာ**

အဓိကစစ်မေးခြင်း အတတ်ပညာသည် ပြန်လှန်စစ်မေးခြင်း အတတ်ပညာနှင့် တူညီခြင်းမရှိပါ။ အဓိကစစ်မေးခြင်းသည် စစ်မေးသူက ၎င်း၏ရည်ရွယ်ချက်နှင့်အကြံကို လိမ္မာစွာ ဖော်ထုတ်၍ မေးရသည့်အတတ်ပညာဖြစ်သည်။ ပြန်လှန်စစ်မေးခြင်း အတတ်ပညာသည်ကား စစ်မေးသူက ၎င်း၏ရည်ရွယ်ချက်နှင့်အကြံကိုလိမ္မာစွာ ဖုံးကွယ်၍ မေးမြန်းရခြင်းဖြစ်သည်။ ဤသို့ ကွဲပြားခြားနားချက်ကို သေချာစွာ နားလည်သဘောပေါက်ထားကြရသည်။ ရာဇဝတ်မှုခင်းများကို စစ်ဆေးစီရင်ကြသည့်အခါ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိ သို့မဟုတ် ရှေ့နေများသည် အဓိကစစ်မေးခြင်း အတတ်ပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားကြဖို့ လိုအပ်သည်မှာအမှန်ပင်။

**အဓိကစစ်မေးခြင်းအရေးကြီးပုံ**

အဓိကစစ်မေးခြင်းနှင့် ပြန်လှန်စစ်မေးခြင်းတို့ မည်သည်ကအရေးကြီးပါသနည်းဟုမေးလျှင် ပြန်လှန်စစ်မေးခြင်းက ပို၍အရေးကြီးသည်ဟု အများစုကဖြေကြပါမည်။ သို့ကြောင့်ပင် ပြန်လှန်စစ်မေးခြင်းအတတ်ပညာနှင့်စပ်လျဉ်း၍ ရေးကြ၊ ပြောကြ၊ ဆိုကြသည်ကို အမြဲတစေ ကြားသိတွေ့မြင်နေရသည်။ အဓိက စစ်မေးခြင်းအတတ်ပညာနှင့်စပ်လျဉ်း၍ ရေးကြ၊ ပြောကြ၊ ဆိုကြသည်များ လွန်စွာမှနည်းပါးလှသည်။

မိမိ၏သဘောမှာမူ ပြန်လှန်စစ်မေးခြင်း အတတ်ပညာက အရေးကြီးသလို အဓိကစစ်မေးခြင်း အတတ်ပညာသည်လည်း အရေးကြီးလှသည်။ ပိုလို့ပင် အရေးကြီးသည်ဟု ဆိုလိုက်ချင်ပါသေးသည်။ အဘယ်ကြောင့်ပါနည်း။ အတွေ့အကြုံများအရဆိုရသော် တရားလိုနှင့် သက်သေများကို အဓိကစစ်မေးခြင်းဖြင့် တရားလို၏ရှေ့နေက ကောင်းစွာမကိုင်တွယ် မထိန်းသိမ်းတတ်၍သာ အမှုများရှုံးနိမ့်သွားကြရသည်။ ပြန်လှန်စစ်မေးခြင်းကောင်း၍ အမှုရှုံးရခြင်း မဟုတ်ပါ။ အဓိကစစ်မေးခြင်းဖြင့် သက်သေများကို ကောင်းမွန်ပိုင်နိုင်စွာ စစ်ဆေးမေးမြန်းနိုင်မည်ဆိုပါက ပြန်လှန်စစ်မေးခြင်းဖြင့် အမှုကိုအနိုင် ရရှိသွားနိုင်ခြေ နည်းပါးပါလိမ့်မည်။ သို့ဖြစ်ရာ အဓိကစစ်မေးခြင်းသည် အမှုတစ်ခုကို အောင်မြင်ရေးအတွက် အဓိကပင်မကျောရိုးကြီးဖြစ်သည်ဟုဆိုနိုင်သည်။

**အဓိကစစ်မေးခြင်း၏သဘော၊ သဘာဝ**

အဓိကစစ်မေးခြင်းသည် မေးချင်တိုင်းမေး၍မရ။ ပိတ်ထားမှုများရှိသည်။ ဖွင့်မေး၍မရ။ လွတ်လွတ်လပ်လပ်မေး၍မရ။ ပြန်လှန်စစ်မေးခြင်းမှာမူ ပိတ်၍မထား၊ ဖွင့်မေး၍ရသည်။ မည်သည့်မေးခွန်းဖြင့်မဆို သက်သေကိုဆွယ်၍ မေးသွားနိုင်သည်။ အဓိက စစ်မေးခြင်းကပို၍ခက်သည်ဟု ဆိုနိုင်သည်။ ဥပမာဆိုရသော် အဓိကစစ်မေးခြင်းတွင် နိမိတ်ပြမေးခွန်းများမေး၍မရ။ ပိတ်ထားသည်။ သည်တော့ မေးခွန်းကို "ဘာ"၊ "ဘယ်" ဖြင့်အစပြုကာ "လဲ" ဖြင့် အဆုံးသတ်၍ မေးကြရသည်။ လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှု၊ ခိုးမှု၊ မူးယစ်ဆေးဝါးမှု စသည်ဖြင့် ဖြစ်ပွားသော မှုခင်းဖြစ်စဉ်ကို အခြေပြုကာ "ဘယ်နေ့ကဖြစ်သလဲ၊ ဘယ်နေရာမှာလဲ၊ ဘယ်လိုတွေ့လဲ၊ ဘယ်လိုမြင်လဲ၊ ဘယ်သူတွေရှိသေးလဲ၊ ဘယ်လိုဖြစ်သလဲ၊ ဘာလုပ်ပေးရသလဲ၊ ဘယ်သူရောက်လာသေးသလဲ၊ ဘာဆက်လုပ်သလဲ၊ ဘာပြောသလဲ၊ ဘယ်ကိုသွားသလဲ၊ ဘယ်ကလာသလဲ၊ ဘာတွေတွေ့ သလဲ၊ ဘာတွေသိမ်းဆည်းသလဲ၊ ဘယ်လောက်ဝေးသလဲ၊ ဘာကြောင့်မပြောသလဲ၊ ဘာကြောင့် မတိုင်သလဲ၊ ဘာပြောစရာရှိသေးလဲ ဤသို့ဖြင့် သက်သေ၏ဖြေဆိုမှုအပေါ် လိုက်၍မေးမြန်းကြရသည်။ ယေဘုယျအားဖြင့် သက်သေနောက်သို့လိုက်၍ မေးခြင်းနှင့် ရှေ့နေနောက်သို့လိုက်ပါလာအောင် မေးခြင်းဟူ၍နှစ်မျိုးတွေ့ရသည်။

**သက်သေနောက်သို့လိုက်၍မေးခြင်း**

အမှုအဖြစ်အပျက်ကို သိရှိခြင်းမရှိသည့်အခါ သို့မဟုတ် သက်သေ၏အခြေအနေ၊ သဘောကို မသိရှိသည့်အခါ ဘာတွေ့သလဲ၊ ဘာမြင်သလဲ၊ ဘာဖြစ်သလဲ၊ ဘာလုပ်သလဲ၊ ဘာပြောသလဲ၊ ဘယ်နေရာလဲ၊ ဘယ်သူတွေလဲ၊ ဘယ်အချိန်လဲ၊ ဘယ်သွားသလဲ၊ ဘယ်သူနဲ့လဲ၊ ဘယ်လိုလုပ်သလဲ စသည်ဖြင့် မေးခွန်းများထုတ်၍ မေးမြန်းခြင်းသည် သက်သေနောက်သို့လိုက်၍ မေးမြန်းခြင်းဖြစ်သည်။ သက်သေ၏နောက်သို့လိုက်၍ မေးရသဖြင့် ဦးတည်ချက်မရှိ ဖြစ်တတ်သည်။ ရှည်လျားနေတတ်သည်။ အမှုနှင့်မစပ်ဆိုင်သောအချက်၊ စပ်ဆိုင်သောအချက်တွေ ရောပြွန်းနေတတ်သည်။ လိုရင်းကို မရောက်နိုင်ဖြစ်တတ်သည်။ တစ်ဖက်ရှေ့နေက အလွယ်တကူချေဖျက်နိုင်ပြီး အမှု၏အောင်မြင်မှု အားနည်းသွားတတ်သည်။

**ရှေ့နေနောက်သို့လိုက်ပါလာအောင်မေးခြင်း**

အမှုအဖြစ်အပျက်ကို စေ့စပ်စုံလင်၍ သိနေသောအခါ သို့မဟုတ် သက်သေ၏အခြေအနေသဘောကို အကဲခတ်တတ်သောအခါ မေးခွန်းများမေးမြန်းရင်းနှင့် လိုအပ်သည့်နေရာများတွင် သင်ကဘယ်နေရာမှာရှိနေသလဲ၊ သင်နှင့်အချင်းဖြစ်ပွားသည့်နေရာ ဘယ်လောက်ဝေးကွာသလဲ၊ အခင်းဖြစ်ပွားရာနေရာသို့ သင်၏အရင် မည်သူတွေ ရောက်နေပါသလဲ၊ အခင်းဖြစ်ပွားရာနေရာသို့ သင်ရောက်သွားပြီးနောက် မည်သူတွေရောက်လာပါသလဲ၊ ဘာတွေကို သင်တွေ့မြင်ရသလဲ၊ သင်က ဘာတွေလုပ်ပေးခဲ့သလဲ၊ ဘာတွေကူညီပေးခဲ့သလဲ၊ တခြားသူတွေကလည်း ဘာတွေကူညီပေးကြသလဲ စသည်ဖြင့် မေးခွန်းများထုတ်၍ မေးမြန်းခြင်းသည် ရှေ့နေ၏နောက်သို့ သက်သေကလိုက်ပါလာအောင် မေးမြန်းခြင်းဖြစ်သည်။

ဤသို့သော မေးမြန်းခြင်းသည် သက်သေ၏နောက်သို့ ရှေ့နေက လိုက်ပါလိုက်၊ ရှေ့နေ၏ နောက်သို့ သက်သေက လိုက်ပါနှင့် မေးမြန်းခြင်း ဖြစ်သဖြင့် လိုရင်းကိုရောက်သည်။ ထိထိမိမိရှိသည်။ ခိုင်ခိုင်မာမာဖြစ်စေသည်။ တစ်ဖက်ရှေ့နေက လွယ်လွယ်ကူကူနှင့် ပြန်လည်ချေဖျက်နိုင်မည်မဟုတ်။ အမှု၏အောင်မြင်မှု အားကောင်းစေသည်။

**ကြိုတင်ဆောင်ရွက်ထားသင့်သည်များ**

အမှုအဖြစ်အပျက်အလုံးစုံကို ကြိုတင်သိရှိထားရမည်။ အမှုအဖြစ်အပျက်၏ မည်သည့် အစိတ်အပိုင်းက အမှုအတွက် အဓိကလိုအပ်သည်၊ မည်သည့်အစိတ်အပိုင်းက အမှုအတွက် မလိုအပ်ဟု ခွဲခြားသိရန်လိုသည်။ အမှုနှင့်သက်ဆိုင်သည့် ဥပဒေပုဒ်မပါ အင်္ဂါရပ်များကို သေချာလေ့လာထားရမည်။ ဥပဒေပုဒ်မပါ အင်္ဂါရပ်များတွင် အကျုံးဝင်စေမည့် အချက်အလက်များကို ရှာဖွေထားရမည်။ သက်သေတစ်ဦးနှင့်တစ်ဦးအကြား ဆက်စပ်ပေးနိုင်သည့် ကွင်းဆက်သက်သေခံချက်များကို ထုတ်နုတ်ထားရမည်။ သက်သေ၏အခြေအနေနှင့် အဆင့်အတန်းကို အကဲခတ်ထားရမည်။ သိမ်းဆည်းထားသော သက်သေခံပစ္စည်းများနှင့် ယင်းသက်သေခံပစ္စည်းတစ်ခုစီ၏ အရေးပါမှုကို သိရှိထားရမည်။ တင်ပြထားသော သက်သေများနှင့် ယင်းသက်သေတစ်ဦးစီ၏ အရေးပါသောထွက်ဆိုချက်များကို မှတ်မှတ်သားသား ရှိထားရမည်။

**ဆောင်ရန်အဓိကအချက်များ**

သက်သေကဖြေမည့်အဖြေကို သင်သိထားရမည်။ ကြိုတင်ခန့်မှန်းတွက်ချက်ထားဖို့လိုသည်။ အမှုဖြစ်ရပ်အစီအစဉ်အတိုင်း သက်သေကိုပြောပြပါစေ။ သက်သေ၏ စိတ်ကြိုက်ကိုယ်ပိုင်စကားလုံးများအတိုင်း ပြောတတ်သလိုပြောပါစေ။ အမှုအဖြစ်အပျက်တစ်ခုလုံးကို သိသောသက်သေ သို့မဟုတ် အမှု၏အစိတ်အပိုင်း တစ်ခုကိုသာ သိသောသက်သေဟူ၍ ခွဲခြားသိပြီး ကွင်းဆက်ဖြစ်သွားအောင် မေးရမည်။ သက်သေတစ်ဦးကို စစ်ဆေးစဉ်က ကျန်ရှိခဲ့သောအချက်များ သို့မဟုတ် ထပ်မံဖြည့်စွက်လိုသောအချက်များ ရှိနေခဲ့လျှင် နောက်ထပ် စစ်ဆေးမည့်သက်သေများကို စစ်မေးသည့်အခါ ဖြည့်စွက်နိုင်အောင်မေးရမည်။ သက်သေကို မိမိက ဦးဆောင်ဦးရွက်ပြုနိုင်ရမည်။ သက်သေ၏ ထွက်ဆိုချက်သည် ဦးတည်ချက်နှင့်လွဲသွားလျှင် ပြန်လည်တည့်မတ်ပေးနိုင်ရမည်။ ဆန့်ကျင်ဘက်သက်သေဖြစ်သွားခဲ့လျှင်၊ မယုံကြည်ထိုက်သော သက်သေဖြစ်သွားလျှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။ သက်သေခံပစ္စည်းအဖြစ် တင်ပြရန်ရှိသည်များ မကျန်စေရပါ။

**ရှောင်ရန်အဓိကအချက်များ**

အဆင်သင့်မဖြစ်သေးဘဲနှင့် သက်သေကို မေးမြန်းခြင်းမျိုး မဖြစ်ပါစေနှင့် ရည်ရွယ်ချက်မရှိဘဲ မေးခွန်းမထုတ်ပါနှင့်၊ အကန့်အကွက်ခံရမည့်မေးခွန်းမျိုး မမေးပါနှင့်၊ သက်သေက ဘက်လိုက်ထွက်ဆိုနေပြီး အမှုအတွက် အရေးမပါလျှင် ဆက်၍မမေးပါနှင့် ရပ်လိုက်ပါ။ သက်သေက ဘက်လိုက်နေသည်ကို တစ်ဖက်ရှေ့နေ သိမသွားစေပါနှင့်၊ သိသွားလျှင် တစ်ဖက်ရှေ့နေ၏ သက်သေကဲ့သို့ ဖြစ်သွားတတ်သည်။ သက်သေက သင့်အား မျက်နှာသာမပေးလျှင် သင်၏အမှုအရာ ပြောင်းလဲမသွားပါနှင့်၊ သက်သေကအစီအစဉ်တကျ ဖြေဆိုနေစဉ် မလိုအပ်ဘဲ ကြားဖြတ်၍ဝင်ပြီး မမေးပါနှင့်၊ မလိုအပ်ဘဲ ဝင်မေးခြင်းဖြင့် သက်သေက ထွက်ဆိုမည့် အဓိကအရေးပါသော အချက်များပျောက်သွားတတ်သည်။ မိမိက ဘာမျှမေးခွန်းမထုတ်ဘဲ သက်သေ၏နောက်သို့ မျောလိုက် မသွားပါနှင့်။ မျောလိုက်သွားခြင်းဖြင့် အမှုအတွက် အဓိကအရေးပါသောအချက်များ ကျန်ခဲ့သွားတတ်သည်။ ဤနှစ်ချက်ကို ပိုင်နိုင်စွာ ကိုင်တွယ်ထိန်းသိမ်းတတ်ရမည်။

**ဥပဒေပညာရှင် (S.C. SARKAR ၏အဆို)**

(က) ကြောက်တတ်သောသက်သေ၊ မိုက်မဲသောသက်သေ၊ စကားပေါသောသက်သေ စသည်ဖြင့် အခြေအနေအမျိုးမျိုး တွေ့ရှိတတ်ရာ သက်သေ၏အခြေအနေအလိုက် သင့်တော်မည့် နည်းလမ်းများကို ရွေးချယ်လျက် သက်သေအား ကိုင်တွယ်တတ်ရမည်။

(ခ) ကြောက်တတ်သောသက်သေအား သတ္တိရှိလာအောင် လုပ်ပေးရမည်။

(ဂ) စကားပေါသော၊ စကားများများပြောသော၊ သက်သေအား ထိန်းကွပ်ထားနိုင်ရမည်။

(ဃ) ဘက်လိုက်၍ထွက်ဆိုသောသက်သေအား တားဆီးထားရမည်။ ထိုသက်သေက မည်သို့ ထွက်ဆိုမည်ကို ကြိုတင်စဉ်းစားထားရမည်။

(င) ရိုးသားသောသက်သေအား လွှတ်ပေးထားလိုက်ပါ။ ၎င်း၏သဘောအလျောက် အမှုအဖြစ်အပျက်ကို ပြောသွားပါစေ။ လိုအပ်မှသာ ထောက်၍ ထောက်၍ မေးပါ။

(စ) အသိဉာဏ်နည်းပါးသောသက်သေအား လွှတ်မထားနှင့်။

(ဆ) မိုက်မဲသောသက်သေ သို့မဟုတ် ဆင်ခြေများသော သက်သေအား အရိပ်အမြွက် မေးခွန်းမျိုးမေးပါ။

**ဆန္ဒ**

အဓိကစစ်မေးခြင်းပြုရာတွင် သိရှိထားရန် လိုအပ်သည့်အချက်များ၊ ဆောင်ရန် ရှောင်ရန် အချက်များကို အစိတ်အပိုင်းတစ်ရပ်အနေဖြင့်သာ ဖော်ပြခြင်းဖြစ်သည်။ ဤပညာသည် ကျယ်ပြန့်သော၊ ကျယ်ဝန်းသော၊ နက်နဲသော ပညာရပ်ဖြစ်သည်။ ပြီးပြည့်စုံအောင် ဖော်ပြနိုင်စွမ်းရှိမည် မဟုတ်ပါ။ မည်သို့ပင်ဖြစ်စေ ဤဖော်ပြချက်များသည် ကောင်းမွန်သော အဓိကစစ်မေးခြင်းတစ်ရပ်ဖြစ်စေရေးအတွက် "အား" ဖြစ်စေလိမ့်မည်ဟု ယုံကြည်မိသည်။ ကောင်းမွန်သော အဓိကစစ်မေးခြင်းဖြင့် အမှုများကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ တည်ဆောက်နိုင်ကြပါစေ။

**ကိုးကားချက်။ သက်သေခံအက်ဥပဒေနှင့်**

THE LAW OF EVIDENCE (SARKAR)

❖ အဓိကစစ်မေးခြင်းသည် မေးချင်တိုင်းမေး၍မရ။ ပိတ်ထားမှုများရှိသည်။ ဖွင့်မေး၍မရ။ လွတ်လွတ်လပ်လပ်မေး၍မရ။ ပြန်လှန်စစ်မေးခြင်းမှာမူ ပိတ်၍မထား၊ ဖွင့်မေး၍ရသည်။ မည်သည့်မေးခွန်းဖြင့်မဆို သက်သေကိုဆွယ်၍ မေးသွားနိုင်သည်။ အဓိကစစ်မေးခြင်းကပို၍ခက်သည်ဟုဆိုနိုင် . . .

❖ အဓိကစစ်မေးခြင်းပြုရာတွင် သိရှိထားရန် လိုအပ်သည့်အချက်များ၊ ဆောင်ရန် ရှောင်ရန် အချက်များကို အစိတ်အပိုင်း တစ်ရပ်အနေဖြင့်သာ . . .



# ဧရာဝတီမြစ်ရေတိုးနေသည့်အတွက် ဂေါဝိန်ဆိပ်ကမ်းတွင် ကုန်တင်ကားများ ရေထဲအထိဆင်းကာ ကုန်တင်နေရ

**မန္တလေး ဇူလိုင် ၆**

ဧရာဝတီမြစ်ရေတိုးနေသည့်အတွက် ဂေါဝိန်ဆိပ်တွင် ကုန်တင်သည့်ကားများရေထဲအထိ ဆင်းကာ ကုန်စည်များအတင်အချပြုလုပ်နေရသည်။

မန္တလေးမြို့သို့ ကုန်စည်များသယ်ယူပို့ဆောင်မှုတွင် ကုန်းလမ်းနှင့်ရေလမ်းတို့ကို အဓိကထားကာ သယ်ယူပို့ဆောင်လေ့ရှိသည်။ ရေလမ်းဖြင့် မြန်မာနိုင်ငံနေရာအနှံ့အပြားသို့ ကုန်စည်များကို တင်ပို့လေ့ရှိသည်။ ထိုသို့တင်ပို့ရာတွင် ဂေါဝိန်ဆိပ်၊ ချော်ဆိပ်၊ ပေပင်ဆိပ်၊ မရမ်းခြံဆိပ်နှင့် အခြားကုန်တင်ဆိပ်ကမ်းများအပါအဝင် ဒေသအလိုက်ကုန်ပစ္စည်းအလိုက်တင်ပို့လေ့ရှိကြသည်။

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဂေါဝိန်ဆိပ်သည် လူသုံးကုန်ပစ္စည်းများစွာကို အားထားသယ်ဆောင်သော ဆိပ်ကမ်းဖြစ်ပြီး အများစုသော ကုန်စည်များကို ထိုဆိပ်ကမ်းမှသယ်ကြသည်။

မန္တလေးမြို့အတွက် ဧရာဝတီမြစ်ဆိပ်ကမ်းများသည် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလေ့ရှိသည်။ ဂေါဝိန်ဆိပ်မှ သင်္ဘောများသည် အထက်ပိုင်း ဗန်းမော် ကသာပြေးဆွဲသလို အခြားဒေသများသို့လည်း ပြေးဆွဲလျက်ရှိသည်။

လက်ရှိကာလတွင် ဧရာဝတီမြစ်ရေတိုးနေသည့်အတွက် ကုန်စည်များအတင်အချပြုလုပ်ရာတွင် ရေထဲအထိကားများဆင်းကာ ကုန်တင်၊ ကုန်ချပြုလုပ်နေရကြောင်းသိရသည်။

**(တိမ်တမန်)**

# အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆွေးနွေး

**ချမ်းအေးသာစံ ဇူလိုင် ၆**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ရတနာပုံ တယ်လီပို့တို့ပူးပေါင်း၍ ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် ချိတ်ဆက်ထောက်ပံ့ပေးနိုင်ရန်နှင့် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားစက်မှုကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက် အတွေ့အကြုံကောင်းများဖလှယ်နိုင်ရန်အတွက် Supporting & Networking for Myanmar SME Strengthening ဟောပြောပွဲကို ဇူလိုင် ၅ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာစတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန အသေးစားနှင့်အလတ်စားဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါ်အေးအေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးအောင်စိုးရက Supply Chain တစ်ခုလုံးတွင်ပါဝင်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ချိတ်ဆက်ထောက်ပံ့မှုများနှင့် ပတ်သက်၍ရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံလက်ဖက်အသင်းဒုတိယဥက္ကဋ္ဌ ဦးသီဟကျော်၊ စက်မှုလုပ်ငန်းမှ ဦးအောင်အောင်၊ စားသောက်ကုန်လုပ်ငန်းမှဒေါ်သက်စုဌေးနှင့် ဒေါ်သိင်္ဂီအောင်တို့က လက်တွေ့တီထွင်ထုတ်လုပ်မှုအခြေအနေများ၊ ကြုံတွေ့ရသည့်အခက်အခဲများ၊ အခွင့်အလမ်းများနှင့် ပြည်တွင်းကုန်ကြမ်းများအသုံးပြု၍ ထုတ်ကုန်များထုတ်လုပ်ရောင်းချနေမှုများအား စကားဝိုင်းဆွေးနွေးကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး ကွင်းဆင်းဆောင်ရွက်

**စဉ့်ကိုင် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု လျော့နည်းကျဆင်းရေးအတွက် ဇူလိုင် ၆ ရက် နံနက်ပိုင်းမှစတင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘယ်လင်းပင်မဓာတ်အားခွဲရုံမှ ပို့လွှတ်ပေးနေသော (၃၃)ကေဗွီ ဓာတ်အားလိုင်း တစ်လျှောက်ရှိ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့မှဦးစီး၍ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်အန္တရာယ်အကြောင်း သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့သည်။

ယင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ ဓာတ်အား မပျက်ရရှိနိုင်မည်ဖြစ် ကြောင်းသိရသည်။

**(ဝင်းဝင်းသန်း)**

# တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများအား Moible Team အဖွဲ့ဖြင့် ကွင်းဆင်းထုတ်ပေး

**ကျောက်ပန်းတောင်း ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများကို မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန (နေပြည်တော်)မှ Mobile Team အဖွဲ့ဖြင့် ဇူလိုင် ၅ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ တစ်နေ့တာဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ Mobile Team အဖွဲ့ကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (နေပြည်တော်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးအုံ့မောင်ဦးဆောင်၍ ကျောက်ပန်းတောင်းမြို့နယ်မှ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူဖြစ်စေ၊ ကျရှုံးသူဖြစ်စေ မိမိတို့ အမှတ်စာရင်းများကို အလွယ်တကူသိရှိစေနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ Mobile Team အနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများကို တစ်စောင်လျှင်ငွေကျပ် ၄၀၀ နှုန်းဖြင့် ထုတ်ပေးခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ လာရောက်ထုတ်ယူသူ ၂၇၄ ဦးတို့အား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(နေပြည်တော်)မှ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများကို တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူများ အလွယ်တကူ တောင်းယူသိရှိနိုင်စေရန်အတွက် Mobile Team အဖွဲ့ ခုနစ်ဖွဲ့ဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ လှည့်လည်ကွင်းဆင်းထုတ်ပေးနေခြင်းဖြစ်ကြောင်းသိရပြီး တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းထုတ်ယူလိုခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ထုတ်ယူလိုခြင်းတို့နှင့်ပတ်သက်၍ သိရှိလိုပါက ဦးအုံ့မောင် (ဒုတိယညွှန်ကြားရေးရေးမှူး) မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(နေပြည်တော်)၊ ဖုန်း ၀၉-၅၅၀၁၈၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**



# မန္တလေးဆိပ်ကမ်းရှိရေယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်များအား စိစစ်၍အရေးယူမှုများစတင်လုပ်ဆောင်

**မန္တလေး ဇူလိုင် ၆**

မန္တလေးဆိပ်ကမ်း၌ ဧရာဝတီမြစ်အတွင်းရှိ ရေယာဉ်များကို အဝင်အထွက်မှတ်တမ်းများ စတင်ကောက်ယူ၍ ရေယာဉ်လိုင်စင် စည်းကမ်းတကျဖြစ်စေရန် အရေးယူမှုများ စတင်လုပ်ဆောင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များကြီးကြပ်ရေးကော်မတီရုံးမှသိရသည်။

"အခုကကတော့ ရေယာဉ်လိုင်စင်တွေစည်းကမ်းတကျဖြစ်ဖို့ ရည်ရွယ်ပြီး လုပ်ဆောင်တာပါ။ ရေယာဉ်လိုင်စင်ရှိဖို့နဲ့ လုပ်ငန်းလိုင်စင်ရှိဖို့နှစ်မျိုးပါပဲ။ ရေကြောင်းဦးစီးဌာနက ခွင့်ပြုထားတဲ့လိုင်စင်နဲ့ ညီ၊ မညီထွက်တယ်ဆိုရင်ကျွန်တော်တို့လည်းဆင်းစစ်ရမယ်။ Load Line (ရေယာဉ်အများဆုံးတင်နိုင်ဝန်) အမှတ်အထက်ကျော်ရင် ကျွန်တော်တို့ကော်မတီကထွက်ခွာခွင့်ကိုကန့်ကွက်ရမယ်" ဟုအဆိုပါကော်မတီရုံးမှ တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောသည်။

အဆိုပါရေယာဉ်များသည် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိပါက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ထုတ်ပြန်ထားသောဒဏ်ကြေးများအရ မြင်းကောင်ရေပေါ်မူတည်၍ သတ်မှတ်ထားသော ဒဏ်ကြေးများ အတိုင်းပေးရမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရေယာဉ်အသင်ဝင်မှတ်ပုံတင်ကြေး၊ ရေယာဉ်စည်းကြပ်ခ၊ ဒဏ်ကြေးများကို ၂၀၁၇ ခုနှစ် မေ ၂၆ ရက်မှ စတင်ခွင့်ပြုခဲ့ပြီး နှစ်စဉ်အသင်းမှတ်ပုံတင်ကြေး (ခရီးသည်တင်ရေယာဉ်အသင်း၊ ကုန်တင်ရေယာဉ်အသင်း)များကို အသင်းကြီးရေယာဉ်စီးရေ ၃၀ နှင့်အထက် တစ်သိန်း၊ အသင်းလတ်စီးရေ ၂၀ နှင့် ၃၀ ကြား ခုနစ်သောင်း၊ အသင်းသေးစီးရေ ၂၀ အောက်ငါးသောင်း၊ ကူးတို့ရေယာဉ်လိုင်း သုံးသောင်း သတ်မှတ်ပေးထားကြောင်း ယင်းကော်မတီစာရင်းများအရသိရသည်။

"ကျွန်တော်ဒီမှာက ရေယာဉ်တွေကိုသုံးမျိုးခွဲခြားထားတယ်။ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်၊ ခရီးသည်နှင့် ကုန်တင်ယာဉ်ဆိုပြီးတော့ပေါ့။ သူတို့ကထွက်ခွာတာပဲဖြစ်ဖြစ် ဝင်လာတာပဲဖြစ်ဖြစ် ရုံးကိုသတင်းပို့ရမယ်။ မန္တလေးမြို့ကနေဘာကုန်တွေ တစ်နေ့ဘယ်လောက်ဝင်တယ်။ ဘယ်လောက်ထွက်သွားတယ်ဆိုတဲ့ စာရင်းလိုချင်တာပေါ့။ လူအဝင်အထွက်စာရင်းလည်းရှိရမယ်။ ကုန်တင်ပြီးတော့ဒီကနေထွက်ရင် ရေယာဉ်တွေကအခွန်ပေးဆောင်ရမယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းကော်မတီရုံးမှ ကုန်တင်ရေယာဉ်အကြီးများကို တစ်စီးလျှင် နှစ်သောင်းကျပ်၊ အလတ်ကို တစ်သောင်းကျပ်၊ အသေးကိုငါးထောင်ကျပ်နှင့် မန္တလေး-ကသာ၊ မန္တလေး-ဗန်းမော် မော်တော်ရှပ်ပြေးများကို နှစ်ထောင်ကျပ် ကောက်ခံလျက်ရှိကြောင်း ၎င်းရုံး၏စာရင်းများအရသိရသည်။

ထိုကော်မတီရုံးသည် ယခုနှစ် ဇူလိုင် ၁ ရက်မှ အဆိုပါ လုပ်ငန်းများကို စတင်လုပ်ဆောင်လျက်ရှိပြီး ရေယာဉ်အစီးရေ ၂၀၀ ခန့်စာရင်းများကောက်ယူထားပြီးဖြစ်ကာ ချမ်းအေးသာစံမြို့နယ် မရမ်းခြံဆိပ်ကမ်းတွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

**(နဒီလှိုင်း)**

# မြစ်ကမ်းပါးတစ်လျှောက်နေသူများကိုကြိုတင်သတိပေးမှု တိုင်းဒေသကြီးအစိုးရထုတ်ပြန်

**မုံရွာ ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ချင်းတွင်းမြစ်တစ်လျှောက် မြို့နယ်နှင့်ခရိုင်စီမံခန့်ခွဲမှုကော်မတီများအနေဖြင့် မြစ်ကမ်းဘေးတစ်လျှောက်နေထိုင်ကြသော ပြည်သူများကို ကြိုတင်သတိပေးခြင်း၊ အန္တရာယ်ဖြစ်ပေါ်လာနိုင်သည့်နေအိမ်များကို ကြိုတင်ရွှေ့ပြောင်းခြင်း၊ ရေဘေးလွတ်ရာကုန်းမြင့်နေရာနှင့် လမ်းကြောင်း ကြိုတင်ရွေးချယ်ထားရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဇူလိုင် ၄ ရက်ကထုတ်ပြန်ထားသည်။

"အခုချိန်က မိုးကာလဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီးထဲကမြစ်ရေကြီးတာ၊ ရေကြီးရေလျှံတာ၊ ကမ်းပါးပြိုတာတွေ ဖြစ်လာနိုင်ပါတယ်။ သဘာဝဘေးအန္တရာယ်တွေဖြစ်လာရင် ထိထိရောက်ရောက်ကာကွယ်နိုင်ဖို့နဲ့ မလွှဲမရှောင်သာတွေ့ကြုံခံစားခဲ့ရရင် ပျက်စီးတာတွေ လျော့နိုင်သမျှလျော့လာစေဖို့ ကြိုတင်ဆောင်ရွက်တာပါ" ဟုစစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးဦးညီညီလွင်ကပြောကြားသည်။

အကယ်၍သဘာဝဘေးဖြစ်ပေါ်လာပါက ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရိက္ခာ၊ ဆေးဝါးများကြိုတင်စုဆောင်းလျက်ရှိသလို အရေးပေါ်ပြောင်းရွှေ့ရေး၊ တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြိုတင်ဇာတ်တိုက်လေ့ကျင့်လျက်ရှိကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ၁၀ ခု သဘာဝဘေးအတွက် တစ်ခရိုင်လျှင် ကျပ်သိန်း ၁၀၀ စီကို တိုင်းဒေသကြီးအစိုးရက ထောက်ပံ့ပေးထားကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## အာဇာနည်နေ့အထိမ်းအမှတ်အကြိုလှူပ်ရှားမှု ဗိုလ်ချုပ်ကြေးရုပ်တွင် ဆရာ၊ ဆရာမများနှင့် မူကြိုကလေးငယ်များသွားရောက်အလေးပြု

**ကလေး ဇူလိုင် ၆**

နှစ် (၇၀) မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ်လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း မှ ဆရာ၊ ဆရာမများနှင့် မူကြိုကလေးသူငယ်များသည် ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက် ကလေး- ကလေးဝလမ်းဘေးရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်နှင့် အာဇာနည်ကျောက်တိုင်တည်ရှိရာနေရာတွင် ဗိုလ်ချုပ်ကြေးရုပ်အား သွားရောက်အလေးပြုကြကြောင်း သိရသည်။

"နောင်အနာဂတ်ကြယ်ပွင့်ကလေးများဖြစ်တဲ့ မူကြိုကလေးငယ်တွေရဲ့စိတ်ဓာတ်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးဖခင်ကြီးဖြစ်တဲ့ဗိုလ်ချုပ်ကို လေးစားအားကျအတုယူလိုတဲ့စိတ်ဓာတ်တွေပေါ်ပေါက်လာစေဖို့ ငယ်ရွယ်စဉ်အခါမှစလို့ မိမိတို့ရဲ့ ရည်မှန်းချက်ကိုသတ်မှတ်တတ်စေဖို့အတွက် ပညာသင်ကြားပြီး အနာဂတ်မှာ ဗိုလ်ချုပ်အောင်ဆန်းလိုသူရဲကောင်းတွေပေါ်ထွန်းလာစေဖို့ ဉာဏ်ပညာမြင့်မားပြီး အားထားရတဲ့ သားကောင်းသမီးကောင်းရတနာလေးတွေ ဖြစ်ပေါ်လာစေဖို့နဲ့ အတွေးအခေါ်ရှင်သန်ပြီး မိမိဘဝကို မိမိဖွဲ့၊ လုံ့လမလျှော့ဘဲ ဘဝကိုရည်မှန်းချက်ကြီးကြီးနဲ့ ရပ်တည်လိုတဲ့စိတ်ဓာတ်တွေ မွေးဖွားလာစေဖို့စတဲ့ အဲဒီရည်ရွယ်ချက်တွေကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုပြီး ကျဆုံးခဲ့တဲ့ဗိုလ်ချုပ်နဲ့အတူ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဆရာ ဆရာတွေနဲ့ မူကြိုကလေးသူငယ်တွေက အခုလိုအာဇာနည်နေ့ကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေနဲ့ အကြိုလှုပ်ရှားမှုကို ပြုလုပ်ရခြင်းဖြစ်ပါတယ်" ဟု ကလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆန်းမြင့်ကပြောကြားသည်။

အဆိုပါလူမှုဝန်ထမ်းဦးစီးဌာနမှ ဆရာ ဆရာမများနှင့် မူလတန်းကြိုကလေးများ၏အာဇာနည်နေ့ကို ကြိုဆိုဂုဏ်ပြုပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်အားအလေးပြုခြင်း၊ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆန်းမြင့်က ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝသမိုင်းကြောင်းများရှင်းပြခြင်းတို့ဖြင့် လှုပ်ရှားမှုတစ်ရပ်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(ဂျိုးနက်)

## မြန်မာ–ထိုင်း နှစ်နိုင်ငံ ပြည်သူများ ချစ်ကြည်ရင်းနှီးမှု အပြန်အလှန်ကောင်းမွန်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**တာချီလိတ် ဇူလိုင် ၆**

မြန်မာ-ထိုင်းနှစ်နိုင်ငံမှ အစိုးဌာနများ၊ ပြည်သူများ ချစ်ကြည်ရင်းနှီးမှု အပြန်အလှန်ကောင်းမွန်ရေးနှင့် နှစ်နိုင်ငံနယ်စပ်ဒေသယှဉ်တွဲကျေးရွာ တောင့်တင်းခိုင်မာရေး အစီအစဉ်တွင် ပါဝင်သော အာဆီယံ သစ်တောစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၅ ရက် နံနက် ၁၁ နာရီက တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာအနီးတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးပွဲအား ထိုင်းနိုင်ငံမှ ဖာမိန်းစစ်ကြောင်းမှူး ဗိုလ်ချုပ်ကြီးရဒိတ်ကမုံးဖိတ်နှင့် မြန်မာနိုင်ငံမှ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးဗိုလ်ချုပ်အောင်ဇော်အေးတို့က နှစ်နိုင်ငံစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးမည့်သစ်ပင်များအား အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံမှ တာဝန်ရှိသူများ၊ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ တာချီလိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများပါဝင်သော အင်အား ၇၀၀ ကျော်တို့က ကျွန်းအပင် ၁၅၀၀ အား စုပေါင်းစိုက်ပျိုးခဲ့သည်။ ထို့အတူ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို နံနက် ၈ နာရီခွဲက ထိုင်းနိုင်ငံ၊ ချင်းရိုင်းခရိုင်၊ မယ်ဆိုင်မြို့နယ်၊ ဘန့်ပန်းဟကျေးရွာအနီး နယ်မြေတွင် မြန်မာ-ထိုင်းနှစ်နိုင်ငံမှ တာဝန်ရှိသူများနှင့် ထိုင်းပြည်သူများပါဝင်ကာ ကျွန်း၊ ပိတောက်၊ စွယ်တော် အပင် ၂၀၀၀ ကျော်အား စုပေါင်းစိုက်ပျိုးခဲ့သည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကိုနှစ်နိုင်ငံနယ်စပ်ဒေသယှဉ်တွဲကျေးရွာ တောင့်တင်းခိုင်မာရေးအစီအစဉ်တွင်ပါဝင်သော အာဆီယံသစ်တောစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မှုအပြင် နှစ်နိုင်ငံရှိ အစိုးရဌာနများနှင့် ပြည်သူများအကြား ရှိရင်းစွဲချစ်ကြည် ရင်းနှီးမှုများထက် ပိုမိုခိုင်မြဲသောချစ်ကြည်ရင်းနှီးမှု ရရှိနိုင်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက် လုပ်ကိုင်ရသည့် ကများတွင် ပိုမိုအောင်မြင်မှုများ ရရှိလာနိုင်မည်ဖြစ်ခြင်း၊ နယ်စပ်ဒေသတစ်လျှောက် ဆက်စပ်မှုရှိသော သစ်တောများမှ နှစ်နိုင်ငံပြည်သူများအတွက် တန်ဖိုးရှိသည့် သဘာဝသစ်တောသယံဇာတအဖြစ် တည်ရှိစေခြင်းနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်းဖြင့် ရာသီဥတုဖောက်ပြန်မှု၊ ရေအရင်းအမြစ်ရှားပါးမှု စသည့် သဘာဝဘေးအန္တရာယ်တို့မှ ကြိုတင်ကာကွယ်မှုအဖြစ် စုပေါင်းသစ်ပင်စိုက်ပျိုးခြင်းလည်း ဖြစ်ကြောင်း သိရသည်။

ဝေယံလင်း(မြန်/ဆက်)



## ကျေးရွာများတွင် စပ်ဆေးရောင်းချမှု စစ်ဆေး

**မကွေး ဇူလိုင် ၆**

မကွေးမြို့ပေါ်ရှိဆေးဆိုင်များတွင် စပ်ဆေး ရောင်းချမှုကိုစစ်ဆေးတွေ့ရှိခြင်းမရှိတော့သော်လည်း ကျေးရွာများတွင် စပ်ဆေးရောင်းချမှုများရှိနေခြင်းကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ စုစည်းကာ ခရိုင်အလိုက် လျာထားစီမံချက်များဖြင့် စစ်ဆေးနေကြောင်း မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန FDA တိုင်းဒေသကြီးတာဝန်ခံ ဒေါက်တာပြည့်ထူးထံမှ သိရသည်။

ဆေးဆိုင်များကို တစ်နှစ်လျှင် အကြိမ် ၂၀ နှုန်းဖြင့် နှစ်နှစ်တာကာလအတွင်း အကြိမ် ၄၀ စစ်ဆေးနိုင်ခဲ့ပြီး တစ်ကြိမ် စစ်လျှင် ဆိုင် ၁၅ ဆိုင်မှ ၂၀ ထိစစ်ဆေးနိုင်သည့်အတွက် ဆိုင်စစ်ဆေးမှု အရေအတွက် ၆၀၀ ကျော် စစ်ဆေးနိုင်ခဲ့ကြောင်း၊ ဥပဒေပြစ်ဒဏ် ထောင်ဒဏ် သုံးနှစ်၊ ငွေဒဏ် ငါးသိန်း ချမှတ်နိုင်သည့် အမျိုးသားဆေးဝါးဥပဒေဖြင့် မင်းဘူးမြို့တွင် တစ်ဆိုင်၊ မကွေး လေးဆိုင်၊ အောင်လံ တစ်ဆိုင်၊ ပခုက္ကူ တစ်ဆိုင်တို့အား အရေးယူပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာနမှ သိရသည်။

ဓေယျတု(မကွေး)



## ရေဝတီမြစ်ရေဝင်သော ကျေးရွာများအတွင်းသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ဗန်းမော် ဇူလိုင် ၆**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း ဧရာဝတီမြစ်၏ တစ်ဖက်ကမ်းရှိ ကျေးရွာများတွင် မြစ်ရေတိုးဝင်နစ်မြုပ်လျက်ရှိကြောင်း သတင်းအရ ဇူလိုင် ၅ ရက် နံနက် ၉ နာရီက ဆိပ်ကမ်းရဲကင်းမှူး ရဲအုပ်ဇော်ကိုကိုထွန်းနှင့်အဖွဲ့၊ ဗန်းမော်ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗိုလ်မှူးကျော်သီဟနှင့်တပ်ဖွဲ့ဝင်များသည် ဗန်းမော်မြို့မှ ရေယာဉ်ဖြင့် ရေနီကျေးရွာ၊ ကံသာကျေးရွာ၊ လက်ပန်တန်းကျေးရွာ၊ နောင်ကာကျေးရွာ၊ သပြေကုန်းကျေးရွာတို့သို့ သွားရောက်၍ မြစ်ရေမြင့်တက်လာချိန်တွင် သတိပြုနေထိုင်ကြရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာသို့ အချိန်မရွေး ဆက်သွယ်အကူအညီတောင်းခံကြရန် လိုက်လံသတိပေးဆော်ဩခဲ့သည်။ မွန်းလွဲ ၁ နာရီတွင် ဗိုလ်မှူးဇော်ထွန်းလှိုင်နှင့် တပ်မတော်သားများ၊ အမှတ်(၉၃၃)စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တပ်မတော်သားများ၊ အမှတ်(၁၁)စစ်မြေပြင်ဆေးတပ်ရင်းမှ တပ်မတော်သားများ၊ ဗန်းမော်မြို့မရဲစခန်းမှ ဒုရဲအုပ်အောင်မြတင်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ရေနီကျေးရွာ ဘုန်းတော်ကြီးကျောင်းနှင့် သပြေကုန်းကျေးရွာမှ လူနေအိမ်များ၊ ပစ္စည်းများနှင့် တိရစ္ဆာန်များအား စက်ရေယာဉ်များဖြင့် ရေဘေးလွတ်ကင်းသော ညောင်ပင်သာကျေးရွာအနီးရှိ ရေနီနှင့် သပြေကုန်း ကျေးရွာသစ်သို့ ကူညီရွှေ့ပြောင်းပေးခဲ့ပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မုံရွာမြို့နယ် ချင်းတွင်းမြစ်ရေကြီးမြင့်မှု ရေကင်း(၂၄)ခုဖြင့် စောင့်ကြည့်သွားမည်

**မုံရွာ ဇူလိုင် ၆**

ချင်းတွင်းမြစ်သည် နှစ်စဉ်မိုးရာသီတွင် မြစ်ရေကြီးမြင့်မှုကြောင့် ချင်းတွင်းမြစ်ဖြတ်သန်းစီးဆင်းရာ မြို့နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ မုံရွာမြို့နယ်အတွင်း ယခုနှစ်မိုးရာသီမြစ်ရေကြီးမြင့်မှုကို ရေကင်း ၂၄ ခုဖြင့် စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံးမှ သိရသည်။

မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေသည် ဇူလိုင် ၆ ရက် နံနက် ၉ နာရီက ၉၆၉ စင်တီမီတာသို့ ရောက်ရှိလျက်ရှိရာ ဆက်လက်တက်နိုင်သဖြင့်ရေကင်းများဖြင့် စောင့်ကြပ်သွားခြင်းဖြစ်ကြောင်းနှင့် ရေဘေးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် သဲအိတ်၊ မြေသယ်ယူရန် တောင်းများ၊ ပေါက်ပြား၊ ဂေါ်ပြား၊ တူရွင်း၊ မျှောတိုင်၊ သစ်သားတိုင်၊ ဝါး၊ ကြိုး၊ သဲ၊ သံ၊ ဝါးထရံကပ်များကိုလည်း စုဆောင်းထားရှိရန် နှိုးဆော်ထားကြောင်း သိရသည်။

မုံရွာမြို့နယ်တောင်ဘက်အခြမ်း သစ်ဆိမ့်ကျေးရွာရေကင်းအမှတ်(၁)မှ မုံရွာမြို့ပေါ်ရုံးကြီးရပ်ကွက် နန်ချွန်ဆိပ်ကမ်းအထိ ရေကင်းအမှတ် (၁၄) ထိလည်းကောင်း၊ မုံရွာမြို့မြောက်ဘက်ခြမ်းဖြစ်သော ရုံးကြီးရပ်ကွက် သလ္လာဝတီဆိပ်မှ ရေကင်းအမှတ်(၁၅)မှ စစ်ပင်ရပ်ကွက်အထိ ရေကင်းအမှတ် (၂၄) အထိ ဌာနဆိုင်ရာများမှ ကြီးကြပ်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ စောင့်ကြည့်သွားမည် ဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဓေယျာတိုင်း)

## နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မြစ်ကြီးနား ဇူလိုင် ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြစ်ကြီးနားခရိုင် ဦးစီးမှူးရုံးမှ အနီးကပ်ကြီးကြပ်၍ သစ္စာစီမံချက်ဖြင့် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ဇူလိုင် ၅ ရက်အထိ ကျောင်းသား ကျောင်းသူ ၇၄၄ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြစ်ကြီးနားခရိုင် ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေထံမှ သိရသည်။

(ဦးလေးကြီး)

# လမြတ်ဝါဆို

**ရွှေဘိုသီရိမာလာ**

ဝါဆိုလသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက် အမြတ်ထားသော လဖြစ်သည်။ ဝါဆိုလပြည့်နေ့တွင် ပဥ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာတရားဟောသည်ကို အကြောင်းပြု၍ ပဥ္စင်းခံပွဲများလည်း ပြုလုပ်ကြပါသည်။ ဝါဆိုသင်္ကန်းများလည်း ကပ်လှူပွဲများ ပြုလုပ်ကြသည်။ မြန်မာပြက္ခဒိန်နှစ်များတွင် ၁၂ လရှိသည့်အနက် ဝါဆိုလသည် စတုတ္ထမြောက်လဖြစ်ပေသည်။ ဝါဆိုဦးတွင် ဝါဆိုပန်းကပ်ရန် ဝါဆိုပန်းခူးထွက်ကြသည်။

လုလင်ပျို လုံမပျိုတို့ တပျော်တပါး လှည်းနှင့်တစ်မျိုး၊ လှေနှင့်တစ်ဖုံ၊ ကားနှင့်တစ်သွယ် ဝါဆိုပန်းခူးထွက်ကြသည်။ ဝါဆိုပန်းထဲတွင် ကြာညိုပန်းသည် အလှထူးသလို ပုန်းညက်ပန်းကလည်း ရနံ့မွှေးသောကြောင့် ဝါဆိုပန်းခူးသော လုံမပျိုတို့ ပို၍အလှကြွယ်လေသည်။ တောင်တွင်းစာဆိုတော်ကြီး ဦးကြော့က (ကရကဋ်ရာသီ ဝါဆိုလဖွဲ့) တွင် "ပြပ္ပသဋ္ဌ် တည့်မွန်းနှင့်လှည့်ထွန်းလဲ့ကြုံလှာ၊ ပြည့်ဝန်းတဲ့ပုဏ္ဏမာငယ်၊ ကုဋ္ဌရာပျံ့ပျူး၊ ထွက်သုံးလူ့မိဂဒါဝယ်၊ ဓမ္မစကြာဟောရပေထူး။" စသည့်ဝါဆိုလကို ညွှန်းဆိုဖွဲ့ခဲ့ပေသည်။

ရှေးအခါက ဝါဆိုလကို "မလွယ် တာလ"ဟူ၍ လည်းခေါ်ကြပေသည်။ လယ်မြေများကို တိုင်းတာသောလ ဟူ၍လည်း ခေါ်ကြပါသည်။ တစ်ဖန် ရဟန်းတော်များ ဝါတွင်းသုံးလပတ်လုံးတစ်နေရာတည်းတွင် နေရပါမည် ဟု ပြောဆိုသောကြောင့်လည်း "ဝါဆို" ဟုခေါ်တွင်ကြောင်း သိရှိရပေသည်။

မြန်မာမင်းများလက်ထက်တွင် ဝါဆိုပွဲကို တခမ်းတနား ဆင်နွှဲလေ့ရှိကြသည်။ ဝါဆိုဦးတွင် ရွှေနန်းရှင်သည် ချစ်ကြင်ယာမိဖုရားကြီးနှင့်အတူ ပဥ္စင်းတော်ခံပွဲ ပူဇော်မြလရာသီလည်းဖြစ်ချေသည်။

"ဆင်တာရောင်ငယ်၊ ရာသီကရကဋ်၊
နရိန္ဒာလဲ၊ ညာတော်နတ်နှင့် ဖိုလ်မြတ်ကယ်နိဗ္ဗူ
အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ ပဥ္စင်းတော်ခံသောအခါ၊
ရေလျှံတဲ့ဝါဆိုလမှာ၊ ပုန်းညက်ညိုမာလာမင်းရယ်က၊
သင်းလှတယ်လေး" ဟူ၍ မဟာအတုလ မင်းကြီးက ရေးသားခဲ့ပေသည်။

ထို့ကြောင့် ဝါဆိုလကို လအပေါင်းကပင် ခညောင်းသင့်သည်ဟုတင်စားကြသည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာဝင်တို့သည် ဝါတွင်းသုံးလတွင် ဥပုသ်စောင့်သည်။ တရားထိုင်သည်၊ သက်သတ်လွတ်စားသည် စသည့် ကုသိုလ်ကောင်းမှုများကို ပြုကြ၏။ ရဟန်းတော်များ ဝတ်ဆင်ရန် ဝါဆိုသင်္ကန်းများ ကပ်လှူကြသည်။ ထို့ပြင် တဝ လယ်တီဆရာတော်ကြီးက

"သုံးလူ့ရှစ်ခွင်၊ ကျွန်းထိပ်တင်၊
သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့
ညီညာရုံးစု၊ တောင်းပန်မှုကြောင့်
ရတုနဂိုရ်၊ ရွှန်းရွှန်းစိုသား။
ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊
ချမ်းမြေ့ကြည်ဖြူ သန္ဓေယူသည်ဟု မှတ်တမ်းတင်ခဲ့သည်။

ထို့ကြောင့် "သန္ဓေတောထွက်၊ ဓမ္မစက်၊
ဟောမြွက်ခါကို ၊ လဝါဆို ဟူ၍ ဆိုစမှတ်ပြုကြသည်။

မြန်မာပြည်တွင် ရာသီဥတုသုံးမျိုးရှိသည့်အနက် ဝါဆိုလသည် မိုးရာသီ၏ အစဦးဖြစ်လေသည်။ ဆန်စပါးကို အဓိကထားသော ကျွန်မတို့နိုင်ငံတွင် စပါးစိုက်ပျိုးသောလလည်းဖြစ်ချေသည်။ ပူရှိန်သော နေရောင်အောက်တွင် ပပ်ကျားအက်တို့ဖြင့် တန်ဆာဆင်နေသော လယ်ကွင်းပြင်တို့လည်း ဝါဆိုလတွင် လယ်ထွန်၊ ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်ခြင်းများဖြင့် ဝမ်းစာအတွက် တန်ဆာဆင်နေသော လယ်ကွင်းပြင်တို့သည် ဝါဆိုလတွင် လယ်ထွန်၊ ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်ခြင်းများဖြင့် ဝမ်းစာအတွက် လှုပ်ရှားသော လပေတည်း။ မိုးဖွဲဖြိုင်ဖြိုင်ကျသော ဝါဆိုလသည် သဘာဝဝန်းကျင်ကြောင့် လွမ်းမောဖွယ်ရာသာ မဟုတ် ဗုဒ္ဓမြတ်စွာနှင့်ပတ်သက်၍ ဖြစ်တော်စဉ်များကြောင့်လည်း ဝါဆိုလသည် လတကာထက် နှိုင်းမရှိဖြစ်လေဘိ၏။ ပြာညိုရောင်အုံ့မှိုင်း၊ အုံ့ဆိုင်းဆိုင်းအမွှန်နတ်မောင်က ရွာမယောင်ဟန်ရေးပြသော ဝါဆိုလသည် လွမ်းဖွယ်အတိပြီးသည့် မိုးဦးလပင်ဖြစ်ချေ၏။ ရာသီ ၁၂ ရာသီရှိသည့်အနက် ဝါဆိုလသည် ကရကဋ်ရာသီဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ဟူ၍ ဥတုသုံးပါးရှိသည့်အနက် မြန်မာပညာရှိများ၏ အဆိုအရ ဝါဆိုလသည် နွေဥတုတွင် တစ်ဝက်ပါ၍ မိုးဥတုတွင် တစ်ဝက်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်များဖြစ်ကြသော ရဟန်းသံဃာတော်တို့ ဝါတွင်းသုံးလအတွက် စတင်၍ ဝါဆိုတော်မူကြသောလ ဖြစ်ခြင်းကြောင့် ဝါဆိုလဟုခေါ်ဆိုခြင်းဖြစ်သည်။ ဝါတွင်းကာလဆိုသည်မှာ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိဖြစ်သည်။ ဝါဆိုလတွင် လယ်သမားများသည် ထုံးတမ်းစဉ်လာအရ မုန့်ဖြူ မုန့်နီတို့လုပ်ပြီး လှူဒါန်းလျက် မိုးမပျက်ပါစေနှင့်၊ ပျိုးမပျက်ပါစေနှင့်၊ လေမထန်ပါစေနှင့်၊ ရေမလျှံပါစေနှင့်ဟု ဆုတောင်းကြသည်။ ဝါဆိုလတွင် ပျိုးပင်တို့သည် မိုးဖျက်က ပျက်စီးပြီး ရေမြုပ်လျှင် ပျိုးပုပ်တတ်သည်။ သပြေကသီး ရေကကြီး ထန်းသီးကကြွေ မိုးကစွေဆိုသည့်အတိုင်း ကျွန်မတို့ငယ်စဉ်သပြေသီးမှည့်စားခဲ့ရပုံနှင့်ထန်းသီးမှည့်ဖြင့် မုန့်လုပ်၍ စားခဲ့ရပုံကို သတိရမိသည်။ မိချောင်းဖွေးဖွေး ရေဖွေးဖွေးဆိုသည့်အတိုင်း ပုန်းညက်နှင့် မြတ်လေးပန်း၊ မိချောင်းပန်းများကို ဝါဆိုပန်းအဖြစ် လုလင်ပျို လုံမပျိုတို့ တပျော်တပါး ထွက်၍ခူးပြီး ဘုရားကိုကပ်လှူကြသည်။ ဝါဆိုလသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများအတွက်ထူးမြတ်သောလဖြစ်သည်။ ဝါဆိုလသည် လအပေါင်းတို့က ခညောင်းသင့်သော မကိုဋ်သရဖူအနေဖြင့် ဦးခိုက်သင့်လှပေသည်။ ဝါဆို၏ ထူးမြတ်သော အကြောင်းအရာများကား သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကြောင့် ထင်မြင်လေ၍ မြိုင်ခြေကိုမှီးကာ တောထွက်သောလမှာလည်း မိုးဖြိုင်ဖြိုင်ကျသည့် လဝါဆိုပင်ဖြစ်သည်။

ဘုရားအဖြစ် ပွင့်လေပြီးသော်
ဘိက္ခုန် ပဥ္စဝဂ္ဂိနံ၊ ဣသိပတ နာမကောမိဂဒါယေ၊ ဓမ္မဝရံယတ္တံ

နိဗ္ဗာနပါပကံ အစချီသော ဓမ္မစကြာနိဒါန်းအရ သားသမင်အပေါင်းတို့ ဘေးမဲ့ရိပ်သာ မိဂဒါဝုန် ရုံမြိုင်ကြီးတွင် ပဥ္စဝဂ္ဂီငါးပါးအား ဓမ္မစက္ကပဝနသုတ်တရားထူးကို ဤဝါဆိုလပြည့်နေ့မှာပင် ဟောမြွက်ကြားတော်မူခဲ့လေသည်။

"မယ်တော်ကြာနန်း သန္ဓေမြန်းသည် နွယ်ပန်းပွင့်ချိန်" ဟူ၍ရတုဖြင့် ဖွဲ့ဆိုကြသည်။ ဗုဒ္ဓမြတ်စွာသခင်သည် ဝါဆိုလပြည့် ကြာသပတေးနေ့တွင် သန္ဓေယူတော်မူခဲ့ပေသည်။ ထို့အပြင် သန္ဓေတောထွက် ဓမ္မစက်ဟူသော ရှေးစာဆိုအတိုင်း မြတ်စွာဘုရား၏ အလောင်းအလျာသည် မယ်တော်မာယာဒေဝီ၏ ဝမ်းကြာတိုက်တွင် ပဋိသန္ဓေယူခဲ့သည်မှာလည်း ဤဝါဆိုလပြည့်နေ့ပင်ဖြစ်ချေသည်။ ဘုရားအဖြစ်သို့ ရောက်ရှိပြီးနောက် ဓမ္မစကြာတရားဦးကို ဟောကြားတော်မူခဲ့သည်မှာလည်း ဤဝါဆိုလပြည့်နေ့ပင်ဖြစ်သည်။ ဝါဆိုလသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများအတွက် ဝါတွင်းသုံးလ၏ ပထမဆုံးသော ဥပုသ်နေ့ဖြစ်သည့်အတုလမင်းကြီးက

"အောင်ဆုယူလိုရှစ်ဖြူရိပ်စံ၊ ပဥ္စင်းတော်ခံသောအခါ
ရေလျှံတဲ့ဝါဆိုမှာ ပုန်းညက်ညိုမာလမင်းက သင်းတယ်လေး"ဟုစပ်ဆိုခဲ့သည်။

ဝါဆိုလပြည့်သည် ဓမ္မစကြာတရားဦးဟောသည်ကို အကြောင်းပြု၍ ပဥ္စင်းခံပွဲများ ပြုလုပ်ကြသည်။ ကျွန်မတို့ငယ်စဉ်တွင် ကျောင်းများက မော်တော်ယာဉ်များတွင် တူရိယာများတင်၍ ကျောင်းသူများက ကၡ ကျောင်းအလိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲများကို ပျော်ရွှင်စွာ ကျင်းပကြလေသည်။ ရပ်ကွက်တိုင်းလည်း ဝါဆိုပန်းကပ်ခြင်း၊ ဝါဆိုဖယောင်းတိုင်ဖြင့် ဝါဆိုဆီမီးပူဇော်ခြင်း၊ ဝါဆိုသင်္ကန်းကပ်ခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။ ပဥ္စင်းခံပွဲများ အသက်၂၀ ပြည့်သော ရှင်သာမဏေများကို ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမတို့ ပစ္စည်းလေးပါးခံပေးပြီး ရဟန်းဘောင်သို့သွတ်သွင်းပေးကြ၍ ဦးပဥ္စင်းဘဝဖြင့် ဝါဆိုကြသည်။ ဝါဆိုလ၏ ရာသီဥတုမှာ မိုးဦးဖြစ်၍ ကြာညိုမှိုင်းအုံ့ဆိုင်းပြီး ရွာမယောင် ထင်ရသော မိုးဦးဖြစ်သည်။ ဝါဆိုလသည် မိုးတစိမ့်စိမ့် ရွာခြင်းကြောင့် အလွမ်းဓာတ်ခံရှိသူများ လွမ်းစမပြေ လွမ်းစိတ်ဝေသောလဖြစ်နေသလို မြစ်ချောင်း အင်းအိုင် ရေလျှံခြင်းကြောင့် ကလေးငယ်တို့က ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်၊ သပြေကသီး ရေကကြီးသနဲ့၊ ထန်းသီးကကြွေ မိုးကစွေဟု အော်ဟစ်ကစားကြလေသည်။ အချုပ်ဆိုရသော် ဤမြင့်မြတ်သော ဝါဆိုလသည် ရှေးစာဆိုတို့က "သန္ဓေတောထွက်၊ ဓမ္မစက်၊ ဟောမြွက်ခါကိုလဝါဆို" ဟူသော ဆိုစမှတ်ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အတွက် ထူးမြတ်သော ဝါဆိုလပြည့်ဖြစ်ပါသည်။

# ထူးမြတ်သည့်လဝါဆို

**(ရွှေတိုင်လွင်)**

မြန်မာနှစ်၏စတုတ္ထမြောက်လသည် ဝါဆိုလပင်ဖြစ်ပေသည်။ ရာသီခွင်မှာ ကရကဋ်ရာသီတွင်း သက်ဆင်းကာ ရာသီပန်းများဖြစ်သည့် မြတ်လေးပန်းနှင့် ခတ္တာပန်းတို့မှာ သင်းထုံကြိုင်လှိုင်စွာ ပွင့်ဝေနေကြပြီး မိတ်ဖက်ပန်းများဖြစ်သော ပုန်းညက်ပန်း၊ သရဖီပန်း၊ ဝါဆိုပန်းတို့မှာလည်း တင့်ဆန်းလျက်ရှိနေပါပေသည်။ ဤလတွင်ပွဲတော်တစ်ရပ်အနေဖြင့် ဝါဆိုသည့်ပွဲတော်ကို ဗုဒ္ဓဘာသာ နွယ်ဝင်သူတို့သည် (ပဥ္စင်းခံ)ရဟန်းခံဝါဆိုပွဲကို ကျင်းပပူဇော်လေ့ရှိပါပေသည်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာနွယ်ဝင်တို့သည် ဗုဒ္ဓဂေါတမမြတ်စွာဘုရားရှင်၏ ဖြစ်စဉ်တော်၌ ဝါဆိုလပြည့်နေ့သည် မိခင်ဖြစ်သူ မယ်တော်မာယာ၏ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူတော်မူသောနေ့ ဖြစ်ခြင်း၊ ဘုရားအလောင်းတော် သိဒ္ဓတ္ထ အနော်မာသောင်တွင် တောထွက်တော်မူသောနေ့ဖြစ်ခြင်း၊ ပထမဦးဆုံးတရားတော်ဖြစ်သော ဓမ္မစကြာဒေသနာကို ပဥ္စဝဂ္ဂီငါးပါးဖြစ်သည့် ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတည်းဟူသော ထေရ်ကြီးငါးပါးတို့အား ကရုဏာမှရေသွန်ဘိသကဲ့သို့ ဟောကြားသွန်သင်ခဲ့သောနေ့ လရာသီပင်ဖြစ်ပေသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝါဆိုလပြည့် ညနေချမ်းချိန်ခါတွင် နေဝင်ရိုးရီ နေလုံးမှာဝင်စ အချိန်၊ ပြည့်ဝန်းသောလပြည့်ဝန်းကြီးကလည်း အေးချမ်းမှုကို ဆောင်ကာ ပြည့်ဝန်းစွာထွက်ပြူစအချိန် လူသားစင်စစ်ဖြစ်ပေသည့် ပဥ္စဝဂ္ဂီငါးဦးတို့အားအမှူးပြုလျက် စကြာဝဠာတိုက်တစ်သောင်းမှ ကြွရောက်လာကြသော နတ်ဗြဟ္မာအပေါင်းတို့အား သစ္စာတရားတည်းဟူသော ဓမ္မစကြာဒေသနာတော်မြတ်ကြီးကို ထူးခြားသောဝိသေသတို့ဖြင့် သာယာနာပျော်ဖွယ် အသံတော်ရှစ်ဖြာဖြင့် ဟောကြားသွန်သင်ပြသခဲ့ပေသည်။ ထိုပဥ္စဝဂ္ဂီငါးပါးတို့သည် တရားတော်အဆုံး၌ ရဟန္တာကြီးများဖြစ်ခဲ့ကြသည်ကို ဗုဒ္ဓဝင်၌ လေ့လာတွေ့ရှိခဲ့ရပါလေသည်။

ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရား၏ဖြစ်စဉ်တော်နေ့ထူးနေ့မြတ်နှင့်တိုက်ဆိုင်သလို လောကဓမ္မအမှန်ကို ဖော်ထုတ်ညွှန်းပြဟောကြားပေသော သစ္စာလေးချက် အဓိကတရားတော်ပင်ဖြစ်ပါ၏။ အယုတ်တရား အမြတ်တရားတို့က သေချာပိုင်းခြားစိတ်ဖြာ ဆုံးမထားသည့် အတွက်ကြောင့် ဓမ္မစကြာတရားတော်ဟူ၍ ထင်ရှားခဲ့ပေသည်။ အကျဉ်းကိုထုတ်နုတ်တင်ပြရပါလျှင် ကာမသုခလ္လိကာ နုယောဂေါ= ကိုယ်ကာယအကျိုးကိုမျှော်ကိုးပြီးပြုဆောင်ခြင်းနှင့် အတ္တကိလမထာနုယောဂေါ=မိမိ၏ကိုယ်ကာယကို ညှဉ်းပန်းနှိပ်စက်ဘိသကဲ့သို့ ပြုဆောင်ခြင်းတို့အား အယုတ်တရားများဖြစ်သည်ကို ခွဲခြားဖော်ထုတ်ဟောပြထားခဲ့ပေသည်။

ထို့အတူ အမှန်ကိုရှုမြင်ဆင်ခြင်နိုင်ကြစေရန် မဂ္ဂင်ရှစ်ပါး သာသနာတော်ဖြစ်တည်ကြောင်းကို သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယမော၊ သမ္မာသတိ၊ သမ္မာသမာဓိ တည်းဟူသော မဂ္ဂင်ရှစ်ပါးသာသနာတော်ကို အထူးသိမြင်ပွားများကျင့်ကြံနိုင်စေရန်နှင့် အမြတ်တရားတည်းဟူသော သစ္စာလေးပါးဖြစ်သည့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာတည်းဟူသော လေးပါးသောအမြတ်တရားတို့ကို ကျယ်ပြန့်စွာ ကရုဏာမှရေသွန်ဘိသဖွယ် အဆက်မပြတ် ဟောကြားပြီးဆုံးခဲ့သောနေ့မှာလည်း ဝါဆိုလပြည့်နေ့ပင်ဖြစ်ပါတော့သည်။

ဝါဆိုလ၏တင့်ဆန်းသာယာပုံကို ဝန်ကြီးပဒေသရာဇာ၏ ဆယ့်နှစ်လရာသီဘွဲ့တေးသွားထဲမှ ကောက်နုတ်ဖော်ပြရပါလျှင် "ပုန်းညက်သရဖီ၊ ပွင့်ချပ်ညီသား၊ ရာသီခေါ်မှတ်ကရကဋ်ဝယ်၊ ဆုမြတ်ရည်ရော် ပဥ္စင်းတော်ကို၊ ရှုမြင်ဘွယ်ချင်သည်သဘင်မှာ၊ သားရှင်ကူမ ဖူးမြင်ကာနူးလှလေး"ဟူ၍ ရေးသားဖွဲ့ဆိုထားခြင်းကို လေ့လာကြည့်မည်ဆိုပါလျှင် ဝါဆိုလရာသီ မိတ်ဖက်နှင့် တောပန်းများနှင့် ရာသီနက္ခတ်တို့ တင့်ဆန်းဝေဆာနေပုံ ဒီကာလမှာ သားရှိသောမိသားစုတို့သည် ဝါဆိုပွဲတော်ဖြစ်သော (ပဥ္စင်းခံ)ရဟန်းခံသည့်ပွဲတော်ကို ခြိမ့်သည်းစွာ ဆင်နွှဲလို၍ သားရှင်ရဟန်းတို့ပါရမီဖြည့်ပါမှ လေးနက် ဖွယ်စွာ ဝါဆိုပွဲတော်ကို နွှဲပျော်ကာ ဖူးမြင်ကြည်နူးရပေမည်ဟူ၍ ဖွဲ့ဆိုထားပုံကို ပီတိရွှန်းစွာခံစားရင်း ဖော်ပြအပ်ပါပေသည်။

ထို့အတူ မဟာအတုလမင်းကြီး၏ဆယ့်နှစ်လရာသီဘွဲ့ လွမ်းချင်းထဲမှ ကောက်နုတ်ကာတင်ပြရပါလျှင်လည်း "ဆင်တာရာငယ်၊ ရာသီကရကဋ်၊ နရိန္ဒာလည်း၊ ညာတောင်နတ်နှင့် ဗိုလ်မြတ်ကယ်နိဗ္ဗူ အောင်ဆုယူလို့၊ ရှစ်ဖြူရိပ်စံ၊ ပဥ္စင်းခံသောခါ၊ ရေလျှံတဲ့ဝါဆိုမှာ၊ ပုန်းညက်ညို မာလာမင်းက သင်းလှတယ်လေး" ဟူ၍ ဖွဲ့နွဲ့ထားခြင်းမှာ မြန်မာမှုဗုဒ္ဓဘာသာယဉ်ကျေးမှု တောခလေ့ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသည့်စာသားနှင့် ညီပါပေသည်။ ပရိက္ခရာရှစ်ပါးစုံလင်စွာနှင့် ပဥ္စင်းခံကာ အနောက်တောင်အရပ်မှ မိုးများပိတ်မှောင်ကာဆင်လာသည့်ကာလ၊ နိဗ္ဗာန်ကိုရည်စူး ရဟန်းခံကာ ဝါဆိုပွဲကို ပုန်းညက်ပန်း၊ မာလာပန်းတို့က သင်းထုံစွာ ဂုဏ်ပြုနေပါတော့သည်ဟု ဖွဲ့ဆိုထားခြင်းက မြန်မာမှု နယ်ပယ်မှာ အလွန်ပင်တင့်တယ်ဂုဏ်ယူစရာပင်ဖြစ်ပါပေသည်။

ထိုနည်းတူစွာ စာဆိုရှင် မယ်ခွေ၏ ဆယ့်နှစ်လရာသီဘွဲ့အဲချင်းများမှာ ကရကဋ်ရာသီ ဝါဆိုလဘွဲ့ အဲချင်းထဲက ကောက်နုတ်တင်ပြရမည်ဆိုပါလျှင် "စက်ရှိန်ညီလို့၊ ရွှေသီတဂူနယ်က၊ တိမ်စွန်မှာညိုသည်၊ ဝါဆိုကို ပဥ္စင်းခံပွဲနှင့်" "မြင်သူများငိုရအောင်၊ အဖိုအဲချ၊ အမအဲတိုင်၊ ပွင့်ဝတ်ကယ်လှိုင်လို့၊ သံပြိုင်ငယ် ချီသည်၊ မြစ်နဒီရေပြည့်လို့၊ ဝဲလှည့်သံသဲ"ဟူသောအချက်တို့အား ကောက်နုတ်တင်ပြရပါလျှင် ဝါဆိုကာလသည် သူ့ရာသီချိန်စက်အတိုင်း မိုးများသောလဖြစ်ပေရာ၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာ ဝါဆိုကာလဝယ် ပဥ္စင်းခံကာ ရှင်ပြုဝါဆိုပွဲကို ရတု၊ ရကန်၊ အတိုင်အဖောက်တိုင်ကြရာဝယ် မြင်သူတို့ ငိုရလောက်အောင် သံပြိုင်အချီအချဆိုကြသည်ကို ဖွဲ့နွဲ့ထားသလို မြစ်ပြင်တရိုးနှင့် လယ်ရိုးတခွင်ရေပြည့်ကာလျှံလို့ ဝဲရိုက်သံညံနေသည်မှာ တောခလေ့ဝါဆိုလ၏ အလွမ်းပုံရိပ်ကို ဖော်ညွှန်းပြနေပါလေသည်။

ထို့ကြောင့် ဝါဆိုလသည် အေးမြသောမိုးဦးကာလ သစ်ပင်စိုက်ပျိုးရာလဖြစ်သလို ဗုဒ္ဓဘာသာ နွယ်ဝင်တို့အတွက် လူသားဘဝပျိုးထောင်ရာ ဓမ္မစကြာဒေသနာကို ဗုဒ္ဓမြတ်စွာဘုရားက ဝါဆိုလပြည့် ညနေချမ်း ဆည်းဆာအချိန်မှာ ဟောမြွက်ခဲ့ကြောင်း ဗုဒ္ဓဝင်ကျမ်းအစောင်စောင်က ပြဆိုထားခဲ့ပေသည်။ ထို့ပြင် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဂေါတမမြတ်စွာဘုရား၏ ဖြစ်စဉ်တော်အတိုင်း (သန္ဓေ၊ တောထွက်၊ ဓမ္မစက်)ဟူသော စာစဉ်အတိုင်းပင် ထူးမြတ်ပေသောဝါဆိုလ၏ ထူးခြားမြင့်မြတ်သောနေ့ဟုခံယူကာ အများကြည်ညိုသဒ္ဓါပွားနိုင်စေရန် စိတ်ရည်သန်၍ ထူးမြတ်ပေလ ဝါဆိုလဟူ၍ တင်စား ရေးသား ပူဇော်လိုက်ရပါတော့သတည်း။

## ကြေးမုံ ရုပ်ရှင်အညွှန်း

# အနက်ရောင်နယ်မြေ (Original Gangster 2)



ယခုသီတင်းပတ်အတွင်း စတင်ရုံတင်သွားမယ့် ရုပ်ရှင်သစ်ကတော့ ယခင်သီတင်းပတ်တွေမှာ ရုံတင်ခဲ့တဲ့ ရုပ်ရှင်တွေနဲ့မတူတဲ့ ထူးခြားတဲ့ ရသတွေကို ပေးစွမ်းနိုင်မယ့်ရုပ်ရှင်တစ်ကားဖြစ်ပါတယ်။ အချစ်ဟာသတွေကို ခံစားခဲ့ကြရတဲ့ ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ ယခုသီတင်းပတ်မှာတော့ လောဘ၊ ဒေါသ၊ လက်စားချေခြင်းတွေကြောင့် အမုန်းတရားတွေနဲ့ ပြည့်နှက်နေတဲ့ ခံစားချက်တွေ စီးမြောနေတဲ့ ဇာတ်ကောင်တွေကို တွေ့မြင်ခံစားကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆင်းရဲတဲ့မိဘမဲ့တွေရဲ့ ဘဝတွေကိုပါ တွေ့မြင်ခွင့်ရမယ့် ယခုသီတင်းပတ်ရဲ့ ရုံတင်ရုပ်ရှင်သစ်ကတော့ "အနက်ရောင်နယ်မြေ (Original Gangster 2)"ပဲ ဖြစ်ပါတယ်။

ရသပြင်းပြင်းတွေကိုမှ ခံစားချင်တဲ့ပရိသတ်တွေအတွက် အကြိုက်တွေ့စေမယ့် ယင်းဇာတ်ကားကိုတော့ ဒါရိုက်တာ ဂျိုးက ပုံဖော်ပေးထားတာဖြစ်ပြီး သရုပ်ဆောင်တွေအဖြစ် မြင့်မြတ်၊ ဇင်ဝိုင်း၊ ယုန်လေး၊ ခင်လှိုင်၊ ထူးခြားအစရှိတဲ့ သရုပ်ဆောင်များစွာက ပါဝင်ရိုက်ကူးပေးထားတာ ဖြစ်ပါတယ်။

ရုပ်ရှင်ရဲ့ ဇာတ်လမ်းအကျဉ်းကတော့ မိဘမဲ့တွေဖြစ်ကြတဲ့ ကေသီ၊ ငထူးနဲ့ ငရဲတို့သုံးဦးဟာ အလွန်ခင်မင်ကြတဲ့ သူငယ်ချင်းတွေဖြစ်ကြပြီး ကြံ့ရာကျပန်းလုပ်ကိုင်ကာ အသက်မွေးနေရသူတွေ ဖြစ်ကြပါတယ်။ ကေသီနဲ့ ငထူးတို့မှာ သမီးလေးတစ်ဦးရှိကာ ငရဲကလည်း သူငယ်ချင်းနှစ်ဦးရဲ့ သမီးလေးကို အလွန်ချစ်ခင်ပါတယ်။ တစ်နေ့မှာတော့ သူတို့တွေရဲ့ဘဝထဲကို ဦးအောင်နိုင်ဆိုသူရောက်လာကာ လက်တွဲကာအလုပ်လုပ်ခဲ့ကြပါတယ်။ တစ်နေ့မှာတော့ ဦးအောင်နိုင်က သူ့ရဲ့ညီဖြစ်သူ ထောင်ပြောင်းသည့်နေ့တွင် ကြားမှဖြတ်လုပေးရန် ငထူးနှင့်ငရဲတို့ကို အကူအညီတောင်းပါတယ်။ အောင်မြင်သွားတဲ့နောက်မှာတော့ ဦးအောင်နိုင်က သူ့ရဲ့လျှို့ဝှက်ချက်တွေကိုသိနေတဲ့ ငရဲကို ရှင်းခိုင်းပြီး ငထူးရဲ့ဇနီးနဲ့သမီးကိုလည်း ပြန်ပေးဆွဲထားခဲ့ပါတယ်။ ဒီလိုနဲ့ ငထူးနဲ့ငရဲတို့က ဦးအောင်နိုင်ကို သတ်လိုက်ရာမှာတော့ ညီဖြစ်သူရဲ့ လက်စားချေခြင်းတွေနဲ့ တွေ့ကြုံခဲ့ရတာဖြစ်ပါတယ်။

ယခုသီတင်းပတ်မှာမှ စတင်ရုံတင်သွားမယ့် "အနက်ရောင်နယ်မြေ (Original Gangster 2)"ဟာ ယခင်သီတင်းပတ်အတွင်း ရုံတင်ခဲ့တဲ့ "ကပွဲယ"နဲ့ "သူငယ်"တို့နဲ့အတူ အပြိုင်ပြသသွားမှာလည်း ဖြစ်ပါတယ်။ နိုင်ငံခြားရုပ်ရှင်တွေအဖြစ် ယခင်သီတင်းပတ်အတွင်းရုံတင်ခဲ့ကြတဲ့ မင်းသား တွမ်ခရု ခေါင်းဆောင်ပါဝင်ထားတဲ့ ဟောလိဝုဒ်ရုပ်ရှင် "The Mummy"နဲ့ ဘောလိဝုဒ် နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဆယ်လ်မန်ခန်းရဲ့ "Tube Light" ရုပ်ရှင်တွေအပြင် ဟောလိဝုဒ်ရဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Transformers: The Last Knight" ကိုလည်း ရုံတင်သွားမှာဖြစ်ပါတယ်။

# ရိုန်းနဲ့ ကမ်တေဟီးတို့ရဲ့ နေအိမ်အနီးမှာ အိမ်ဝယ်လိုက်ပြီဖြစ်တဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီ

ယခုနှစ်နှစ်စပိုင်းမှာ မင်္ဂလာပွဲဆင်နွှဲခဲ့တဲ့ တောင်ကိုရီးယားကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ လက်ရှိနေထိုင်ရာ အိမ်အနီးမှာ မကြာမီ လက်ထပ်ပွဲဆင်နွှဲကြတော့မယ့် ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့က သူတို့အတွက်နေအိမ်တစ်လုံးကို ဝယ်ယူလိုက်ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယင်းနေအိမ်ကို ဆောင်ဂျွန်ကီက ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ဝယ်ယူခဲ့တာဖြစ်ပြီး လတ်တလောမှာ ဆောင်းဟေကိုနဲ့ ချစ်သူတွေဖြစ်နေကြကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက်မှာတော့ ယင်းနေအိမ်ကို အတူပြောင်းရွှေ့နေနိုင်ဖွယ်ရှိကြောင်းလည်း သိရပါတယ်။

ဆောင်ဂျွန်ကီ ဝယ်ယူခဲ့တဲ့နေအိမ်ဟာ တောင်ကိုရီးယားရဲ့ အချမ်းသာဆုံးဒေသတစ်ခုဖြစ်တဲ့ အီတေးဝန်မှာရှိနေတာဖြစ်ပြီး တန်ဖိုးအားဖြင့် ကိုရီးယားဝမ် ၁၀ ဘီလီယံရှိကြောင်းလည်း သိရပါတယ်။ ယင်းနေအိမ်ကို ဆောင်ဂျွန်ကီက ဆောင်းဟေကိုနဲ့ ချစ်သူတွေအဖြစ် လက်တွဲနေစဉ်ကာလအတွင်း ဝယ်ယူခဲ့တာဖြစ်ပြီး အတူနေထိုင်ဖို့ရည်ရွယ်ကာ ဝယ်ယူခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း လက်ထပ်ပွဲဆင်နွှဲခဲ့တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ဟာလည်း အီတေးဝန်မှာ ကိုရီးယားဝမ် ၄.၁ဘီလီယံတန်ဖိုးရှိတဲ့ နေအိမ်မှာ နေထိုင်လျက်ရှိပြီး သူတို့ရဲ့အိမ်ဟာ ဆောင်ဂျွန်ကီဝယ်ယူခဲ့တဲ့အိမ်နဲ့ နီးပါတယ်။



အေးပြည့်-စုစည်းသည်



## သံလူသားဝတ်စုံကို လက်ဆင့်ကမ်းသွားဖို့ စီစဉ်ထားကြောင်း ရောဘတ်ဒေါင်နေဂျူနီယာဖွင့်ဟ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်တွေဖြစ်ကြတဲ့ "Avengers" ဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ သံလူသား(Iron Man)အဖြစ် ပင်တိုင်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ မင်းသားကြီး ရောဘတ်ဒေါင်နေဂျူနီယာက လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာတော့ သူ့အနေနဲ့ အရှက်ရစရာတွေနဲ့ မတွေ့ကြုံရမီ သံလူသားဝတ်စုံကို အခြားသောသရုပ်ဆောင်တစ်ဦးကို လွှဲပြောင်းပေးအပ်ကာ သံလူသားဘဝကိုစွန့်လွှတ်ဖို့ရာ အစီအစဉ်တွေရှိနေကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ရှစ်ကားမြောက် "Avengers: Infinity War"ရုပ်ရှင်မှာ ဘီလီယံနာလူစွမ်းကောင်းတစ်ဦးအဖြစ်ပါဝင်ထားတဲ့ ရောဘတ်ဒေါင်နေဂျူနီယာက သူ့အနေနဲ့ မာဗယ်လ်ရုပ်ရှင်က ရိုက်ကူးထုတ်လုပ်တဲ့ ယင်းဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ပါဝင်သရုပ်ဆောင်သွားဖို့ဆုံးဖြတ်ထားတဲ့ အတိုင်းအတာနဲ့ပတ်သက်ပြီး မေးမြန်းခဲ့ရာမှာတော့ သူ့အနေနဲ့ ပရိသတ်တွေလက်ခံအားပေးသေးတဲ့ အချိန်အထိ၊ အရှက်ရစရာတွေနဲ့ မတွေ့ကြုံရသေးမီအထိသာ လက်ခံရိုက်ကူးပေးသွားဖို့ ဆုံးဖြတ်ထားကြောင်း ဖွင့်ဟခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၅၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားကြီး ရောဘတ်ဒေါင်နေဂျူနီယာဟာ ပြီးခဲ့တဲ့ ၂၀၀၈ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ "Avengers"ရုပ်ရှင် "Iron Man"မှစတင်ပြီး အထင်ကရလူစွမ်းကောင်းဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ သံလူသားအဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး ရှစ်ကားမြောက် "Avengers" ရုပ်ရှင်အထိ ပါဝင်ခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ ဇူလိုင် ၅ ရက်က အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်ခဲ့တဲ့ " Spider-Man: Homecoming"ရုပ်ရှင်မှာလည်း ရောဘတ်က သံလူသားအဖြစ် ပါဝင်သရုပ်ဆောင်ထားတာတွေ့ရပါတယ်။ ဒါ့အပြင် လာမယ့် ၂၀၁၈ ခုနှစ် မေ ၄ ရက်မှာ စတင်ပြသသွားမယ့် "Avengers: Infinity War" ရုပ်ရှင်မှာလည်း မင်းသားကြီးကို သံလူသားအဖြစ် တွေ့မြင်ရဦးမှာဖြစ်ပါတယ်။



## ဆောင်ဂျွန်ကီရဲ့ မင်္ဂလာသတင်းအပေါ် တုံ့ပြန်လိုက်တဲ့ လီကွမ်ဆိုး

လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသားမင်းသမီးတွေဖြစ်ကြတဲ့ ဆောင်းဟေကိုနဲ့ ဆောင်ဂျွန်ကီတို့ရဲ့ မင်္ဂလာသတင်းဟာ လူအများကို အံ့အားသင့်စေခဲ့ပြီး အာရှမီဒီယာအားလုံးလိုလိုမှာ နေရာယူထားနိုင်ခဲ့တဲ့ သတင်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး အံ့အားသင့်ခဲ့ရတဲ့သူတွေထဲမှာ ဆောင်ဂျွန်ကီရဲ့ အခင်မင်ဆုံးသောသူငယ်ချင်းတစ်ဦးဖြစ်တဲ့ သရုပ်ဆောင် လီကွမ်ဆိုးလည်း အပါအဝင်ဖြစ်ပါတယ်။

ဆောင်ဂျွန်ကီနဲ့ လီကွမ်ဆိုးတို့ဟာ အနုပညာနယ်ပယ်မှာ ညီအစ်ကိုလိုခင်မင်ကြကြောင်း လူသိများပေမယ့် လတ်တလောမှာ ပေါ်ထွက်လာခဲ့တဲ့ ဆောင်ဂျွန်ကီရဲ့ မင်္ဂလာသတင်းကို မီဒီယာတွေဖော်ပြမှသာ လီကွမ်ဆိုးအနေနဲ့သိခဲ့ရပြီး ပရိသတ်တွေနဲ့အပြိုင် အံ့အားသင့်ခဲ့ရတာဖြစ်ပါတယ်။ ဒီလိုသတင်းမျိုးကို ကြိုတင်သိခွင့်မရခဲ့တဲ့အတွက် လီကွမ်ဆိုးက ဆောင်ဂျွန်ကီအပေါ် တုံ့ပြန်ခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လီကွမ်ဆိုးက ဆောင်ဂျွန်ကီရဲ့မင်္ဂလာသတင်းပေါ်ထွက်လာခဲ့ပြီးနောက် သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဆောင်ဂျွန်ကီရဲ့ရုပ်ရှင် "Descendants of the Sun"ရဲ့ ရိုက်ကွင်းနောက်ကွယ်က ဓာတ်ပုံအချို့ကို ဖော်ပြခဲ့တာဖြစ်ပါတယ်။ ယင်းဓာတ်ပုံတွေမှာ ဆောင်ဂျွန်ကီက ရုပ်ရှင်မှာ သူပါဝင်သရုပ်ဆောင်ခဲ့တဲ့အတိုင်း စစ်ဝတ်စုံကို ဝတ်ဆင်ထားတာတွေ့ရပြီး ကျောက်တုံးတစ်တုံးပေါ်မှာ အမှတ်တရစာရေးသားနေတာကိုတွေ့ရပါတယ်။ အဆိုပါဓာတ်ပုံတွေရဲ့အောက်မှာတော့ လီကွမ်ဆိုးက ဆောင်ဂျွန်ကီကိုရည်ရွယ်ကာ "အခုတော့ ဒါတွေအားလုံးက ဘာတွေဖြစ်ကုန်ပြီလဲ"လို့ အဓိပ္ပာယ်ရတဲ့စာသားကိုပါ ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။ လီကွမ်ဆိုးဖော်ပြခဲ့တဲ့ ဆောင်ဂျွန်ကီရဲ့ ဓာတ်ပုံမှာ ဆောင်ဂျွန်ကီဟာ ကျောက်တုံးတစ်တုံးအပေါ်မှာ ဂျွန်ကီ၊ ကွမ်ဆိုး (အာရှမင်းသား)လို့အဓိပ္ပာယ်ရတဲ့စာသားတွေကို ရေးသားခဲ့တာဖြစ်ပြီး မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး သူ့ကိုနောက်ချန်ခဲ့တဲ့အတွက် သူ့အပေါ်ထားရှိတဲ့ လီဂျွန်ကီရဲ့ ခင်မင်မှုအတိုင်းအတာကို လီကွမ်ဆိုးက မေးခွန်းထုတ်ခဲ့တာလည်း ဖြစ်ပါတယ်။

လီဂျွန်ကီနဲ့ လီကွမ်ဆိုးတို့ဟာ တောင်ကိုရီးယားရဲ့ နာမည်ကျော်ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ "Running Man"ရိုက်ကူးစဉ်က စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး ယင်းအစီအစဉ်ရဲ့ ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ လီကွမ်ဆိုးနဲ့ ဧည့်သည်သရုပ်ဆောင် လီဂျွန်ကီတို့ဟာ ရိုက်ကူးရေးပြီးဆုံးသွားခဲ့တဲ့နောက်မှာလည်း အခင်အမင်မပျက် ဆက်လက်လက်တွဲခဲ့တာတွေ့ရပါတယ်။ နှစ်ဦးသား ညီအစ်ကိုတွေလိုခင်မင်ရင်းနှီးကြပြီး တစ်ယောက်ရဲ့ အခမ်းအနားတွေမှာလည်း အခြားတစ်ယောက်က တက်ရောက်ကာ အမြဲကူညီပေးခဲ့တာကိုတွေ့ရပါတယ်။ ဒီလိုနှစ်ပေါင်းများစွာလက်တွဲလာခဲ့တဲ့ သူငယ်ချင်းတွေဖြစ်ကြတာကြောင့် လီကွမ်ဆိုးအနေနဲ့ ဆောင်ဂျွန်ကီရဲ့အချစ်ရေးနဲ့ပတ်သက်ပြီး မသိရှိခဲ့သည်ကို အချို့သောဝေဖန်သူတွေက ယုံရခက်တဲ့အရာတစ်ခုဖြစ်တယ်လို့လည်း ဝေဖန်ခဲ့ကြကြောင်း သိရပါတယ်။

# အရေးပေါ်ရေဘေးကာကွယ်ရေး နည်းစနစ်များအား လက်တွေ့သရုပ်ပြ



**သာယာဝတီ ဇူလိုင် ၆**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်များအား လက်တွေ့သရုပ်ပြခြင်းကို ဇူလိုင် ၅ ရက်က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် ကန့်ဘလူကျေးရွာအနီးရှိ ဧရာဝတီအရှေ့ဘက်ကမ်း တာဖြစ်သည့် (ကွမ်းသီးတပင်တာ)တာမိုင် (၁၁/၄)အနီးတွင် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒေသခံပြည်သူများအား မိုးရာသီ မြစ်ရေများ မြင့်တက်ချိန် ရေဘေးကာကွယ်ရေးတာများတွင် ဖြစ်ပေါ်နိုင်သည့် ထူးပေါက်၊ သဲပွက်ထခြင်း၊ တာအိခြင်း၊ တာပေါ်ရေကျော်ခြင်းတို့အတွက် အရေးပေါ်ရေဘေးကာကွယ်ရေးနည်းစနစ်များအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးအောင်က အဖွင့်မိတ်ဆက်စကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဖြိုးကျော်က ဒေသခံပြည်သူများမှဌာနဝန်ထမ်းများနှင့်အတူ ပူးပေါင်းပါဝင်၍ တာတမံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ပြီး လက်ပံတန်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းမင်းဇော်က မြို့နယ်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ၏ အခြေအနေများအား ရှင်းလင်းပြောကြားကာ မိုးရာသီမြစ်ရေမြင့်တက်ချိန် ဖြစ်ပေါ်လေ့ရှိသော ရေပေါက်ထူးပေါက်ခြင်း၊ တာအိခြင်း၊ သဲပွက်ထခြင်း၊ တာပေါ်ရေကျော်ခြင်းတို့အား ရှင်းလင်းပြောကြားခဲ့သည်။

ထိုနောက် ရေဘေးကာကွယ်ရေးနည်းစနစ်များအား လက်တွေ့သရုပ်ပြပွဲပြုလုပ်ရာ ဦးစီးအရာရှိ၊ ဦးစီးမှူး၊ ဒုဦးမှူးများမှ (တာ) လုပ်သားဝန်ထမ်းများနှင့်အတူ ရေပေါက်ထူးပေါက်ခြင်းအတွက် ရေခွေခွေခြင်း၊ တာအိတာလျှောခြင်းအတွက် တာခြေကန်ခြင်း၊ သဲပွက်ထခြင်းအတွက် ရေခွေခွေခြင်း၊ တာပေါ်ရေကျော်ခြင်းအတွက် တာထိပ်ကန်သင်းဆင့်ခြင်း ပုံစံများအား ဒေသခံပြည်သူများနှင့်အတူ နည်းစနစ်ကျကျ သရုပ်ပြဆောင်ရွက်ခဲ့ပြီး ဒေသခံပြည်သူများမှ မိုးရာသီကြုံတွေ့ရသည့် အခက်အခဲများ၊ ရေဘေးကာကွယ်ရေးလုပ်ငန်း အတွေ့အကြုံများကို ဆွေးနွေးပြောကြားကြသည်။

အဆိုပါ သရုပ်ပြပွဲအခမ်းအနားကို ပြုလုပ်ရခြင်းမှာ လက်ပံတန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံများနှင့် NGO အဖွဲ့များ စုစုပေါင်းအင်အား ၁၀၀ ခန့် တက်ရောက်ကြကြောင်း သာယာဝတီခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှသိရသည်။

**သူရအောင်(ပြည်)**

# ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးများအား ကျန်းမာရေးစောင့်ရှောက်



**ပေါင်းတည် ဇူလိုင် ၆**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကျန်းမာရေးဦးစီးဌာန နှင့် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဦးစီးဌာနမှ ဇူလိုင် ၅ ရက် နံနက် ၈ နာရီမှ စတင်ပြီး မြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးခဲ့သည်။

မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှဦးစီးအရာရှိ ဒေါက်တာဇာဇာဝင်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဌာနတွင် လာရောက်ပြသသူ အသက်(၂)လမှ တစ်နှစ်ခွဲအထိကလေးသူငယ် ၁၂၀ ကျော်အား ပုံမှန်ကာကွယ်ဆေး ၁၁ မျိုးထိုးနှံပေးခြင်း၊ ကိုယ်ဝန်ဆောင် မိခင် ၇၀ အား HIVနှင့် Syphilis ရောဂါပိုးရှိ၊ မရှိ သွေးဖောက်စစ်ဆေးခြင်းများ ပြုလုပ်ကြသည့်အပြင် ကိုယ်ဝန်ဆောင်အားဆေးများလည်း အခမဲ့ပေးအပ်ကြသည်။

အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှု ပြုလုပ်ပေးခြင်းကို ပေါင်းတည်မြို့နယ် တစ်မြို့နယ်လုံးတွင် တစ်ပြိုင်တည်း ဆောင်ရွက်ပြီး မြို့နယ်အတွင်းသို့ ဧည့်သည်အဖြစ် ရောက်ရှိလာသူ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် မိခင်များကိုလည်း စစ်ဆေးဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# Property Guru မြန်မာအိမ်ခြံမြေဆောက်လုပ်ရေးဆု ကန်သာယာတာဝါအဆင့်မြင့် စီမံကိန်းမှ ဆုလေးဆု ဆွတ်ခူး

**ရန်ကုန် ဇူလိုင် ၆**
၂၀၁၇ ခုနှစ် Property Guru မြန်မာအိမ်ခြံမြေဆောက်လုပ်ရေးဆုပေးပွဲမှပေးအပ်သော ဆောက်လုပ်မှုများ (စီးပွားရေးအဆောက်အအုံဆိုင်ရာ) ဆုများအနက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Asia Myanmar Consortium Development ကုမ္ပဏီလီမိတက်တို့မှ အကျိုးတူပူးပေါင်းဆောင်ရွက် တည်ဆောက်နေသော ကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်း (Kan Thar Yar Consortium Towers Project)မှာအကောင်းဆုံးရုံးခန်းဆောက်လုပ်မှုနှင့် အကောင်းဆုံးဟိုတယ် ဆောက်လုပ်မှုများပါဝင်သော ပထမဆု နှစ်ဆုနှင့် ဒုတိယဆု နှစ်ဆုဖြင့် ဆုပေါင်း လေးဆု ဆွတ်ခူးရရှိခဲ့ကြောင်းသိရသည်။

အဆိုပါစင်ကာပူနိုင်ငံအခြေစိုက် Property Guru အာရှအိမ်ခြံမြေဆောက်လုပ်ရေးဆုပေးပွဲမှာ ဒေသတွင်း၌ အကြီးမားဆုံးနှင့် ဂုဏ်သတင်းအမြင့်မားဆုံးအိမ်ခြံမြေဆုပေးပွဲအစီအစဉ်ဖြစ်ပြီး အာရှအိမ်ခြံမြေကဏ္ဍတွင် လုပ်ငန်းခွင်တွင်း အကောင်းဆုံးဆိုသည့် ဝိသေသကိုပြသပေးသည့် ပွဲအဖြစ်အသိအမှတ်ပြုကြကာ လွတ်လပ်သောလုပ်ငန်းခွင်နယ်ပယ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ယုံကြည်စိတ်ချရသော ဆုပေးပွဲ ကြီးကြပ်သူများပါဝင်သည့် ဒိုင်အဖွဲ့တို့ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ထားသောကြောင့် ကန်သာယာတာဝါ အဆင့်မြင့်စီမံကိန်း (Kan Thar Yar Consortium Towers Project)မှ အကောင်းဆုံးရုံးခန်းဆောက်လုပ်မှု၊ အကောင်းဆုံးဟိုတယ်ဆောက်လုပ်မှု၊ အကောင်းဆုံးအမျိုးအစားစုံရောနှောဆောက်လုပ်မှုနှင့် အကောင်းဆုံးဝန်ဆောင်မှုပါ တိုက်ခန်းဆောက်လုပ်မှုဖြင့် ဆုပေါင်း လေးဆုအား ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

Five Star Wyndham Grand Hotel မှ General မန်နေဂျာ မစ္စတာ Felix Patrick က "ကန်သာယာ Center စီမံကိန်းကို Best Office Development 2017 နှင့် Best Hotel Development 2017 အဖြစ် အသိအမှတ်ပြုပေးတဲ့ Myanmar Property Award အဖွဲ့ကြီးကို ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်။ ကျွန်တော်တို့ Hong Kong Shining Star Industrial ကုမ္ပဏီလီမိတက်ဟာဆိုရင် ၁၉၉၃ ခုနှစ်ကစတင်တည်ထောင်ခဲ့တာဖြစ်ပြီး ယနေ့အချိန်ထိဆောက်လုပ်ပြီးစီးခဲ့တဲ့ ဧရိယာအကျယ်အဝန်းဟာဆိုရင် စတုရန်းမီတာသိန်း ၁၀၀ အထက်ရှိနေပြီဖြစ်ပါတယ်။ ပြီးတော့ နိုင်ငံ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ မြို့၊ မြို့နယ်အလိုက် အစိုးရချီးမြှင့်တဲ့ ဆုများသာမက နိုင်ငံတကာအဆင့်ပြိုင်ပွဲများကဆုများအပါအဝင် ဆုစုစုပေါင်း ၄၀၀ ကျော်ကို ဆွတ်ခူးရရှိခဲ့ပါတယ်။ ကန်သာယာ Center စီမံကိန်းမှာရှိတဲ့ ဟိုတယ်တာဝါကိုလည်း အနာဂတ်ကာလမှာ Wyndham Grand ကနေ တာဝန်ယူစီမံခန့်ခွဲသွားမှာဖြစ်ပြီး Office တာဝါ၊ Serviced Apartment တာဝါ၊ Commercial ဧရိယာများမှာ High Quality One Stop Service ပေးနိုင်ရန်အတွက် ကျွန်တော်တို့ AMSS ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံက Management ကုမ္ပဏီတို့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အခုလိုအဆင့်မြင့် စီမံကိန်းကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ယုံကြည်စွာလုပ်ဆောင်ခွင့်ပေးခဲ့တဲ့ နိုင်ငံတော်အစိုးရအဖွဲ့ကို ကျေးဇူးတင်မိသလို ကျွန်တော်တို့ကုမ္ပဏီအတွက်လည်း ကံကောင်းတယ်လို့ ခံစားမိပါတယ်။ ရန်ကုန်မြို့တော်ကြီးသာယာလှပစေဖို့၊ ပြည်သူများရဲ့လူနေမှုအဆင့်အတန်းမြင့်မားစေဖို့နဲ့ အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာစေဖို့ ကျွန်တော်တို့အနေနဲ့ ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပြီး နောင်ကိုလည်း ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ပိုမိုလှပကောင်းမွန်တဲ့ အဆင့်မြင့် Project များကို ထပ်မံဆောက်လုပ်သွားမှာပါ" ဟု ပြောကြားသည်။

ပြီးခဲ့သည့် ဇွန် ၃၀ ရက် ညပိုင်းက ဆီဒိုနားဟိုတယ်၌ ကျင်းပခဲ့သော ၂၀၁၇ ခုနှစ် Property Guru မြန်မာအိမ်ခြံမြေဆောက်လုပ်ရေးဆုပေးပွဲသည် အိမ်ခြံမြေလောကရှိ ထိပ်တန်းနှင့် တိုးထွက်လာသောအမည်များကိုတွေ့ရသည့် ပွဲဖြစ်ပြီး နိုင်ငံအတွင်းရှိ အကောင်းဆုံးဆောက်လုပ်သူများ၊ စီမံကိန်းများနှင့် ဒီဇိုင်းများကိုဂုဏ်ပြုသည့်ပွဲဖြစ်သည်။ ယင်းရက်က မြန်မာအိမ်ခြံမြေ ဆောက်လုပ်ရေးတွင် အထင်ရှားဆုံးပုဂ္ဂိုလ်ဆု၊ ဆောက်လုပ်သူဆုများ၊ အကောင်းဆုံးအိမ်ရာဆောက်လုပ်မှုများ၊ အကောင်းဆုံးဂေါက်ကွင်းဆောက်လုပ်မှုနှင့် အကောင်းဆုံး အထူးစီးပွားရေးဆိုင်ရာဆောက်လုပ်မှုဆုများကို ဆုရရှိသူများအားပေးအပ်ခဲ့ပြီး ၂၀၁၇ ခုနှစ် Property Guru မြန်မာအိမ်ခြံမြေဆောက်လုပ်ရေးဆု ပေးပွဲ အခမ်းအနား၌ ဆောက်လုပ်ရေး၊ ဒီဇိုင်း၊ ဘဏ်လုပ်ငန်းနှင့် ဧည့်သည် ၃၀၀ ခန့် တက်ရောက်ခဲ့ကြကာ ဆုပေါင်း ၁၈ ဆုနှင့် အထူးဆုများကို ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ၂၀၁၇ ခုနှစ် Property Guru မြန်မာအိမ်ခြံမြေဆောက်လုပ်ရေးဆုပေးပွဲမှာ ၁၂ ကြိမ်မြောက် နှစ်ပတ်လည် ဆုပေးပွဲကို ကျင်းပခြင်းဖြစ်ပြီး ပြည်တွင်းဆုပေးပွဲများကို ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း ကျင်းပသွားမည်ဖြစ်ကာ ယခုနှစ်ဆုပေးပွဲစနစ်၌ တရုတ်ပြည်မကြီး၊ ဟောင်ကောင်၊ မကာအို၊ မွန်ဂိုလီးယား၊ လာအို၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် မော်လ်ဒိုက်နိုင်ငံများသို့တိုင်အောင် ဆုအမျိုးအစားများကို တိုးချဲ့ပေးအပ်သွားမည်ဖြစ်သည်။

ထို့အပြင် အဆိုပါ ဈေးကွက် ၁၇ ခုမှ ပြည်တွင်းဆုအနိုင်ရရှိသူများမှာ သက်ဆိုင်ရာဒေသတွင်းဆုအမျိုးအစားများတွင် ထိပ်တိုက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ဒေသတွင်းဆုအနိုင်ရရှိသူများကို စင်ကာပူနိုင်ငံတွင် နိုဝင်ဘာလ၌ကျင်းပမည့် Property Guru အာရှအိမ်ခြံမြေဆောက်လုပ်ရေးဆုပေးပွဲ၌ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။

**စိုးဝင်း(MLA)**

# ထူးချွန်သူများအား ဂုဏ်ပြုချီးမြှင့်

**ပုသိမ် ဇူလိုင် ၆**
ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားရေးဝန်ထမ်းများနှင့် တရားရုံးဝန်ထမ်းများ၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်သူများနှင့် ထူးချွန်စွာအောင်မြင်သူ သားသမီးများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းနှင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများနှင့် ပညာသင်ထောက်ပံ့ကြေးငွေများပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၃၀ ရက်က ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်ဦးသန်းထွန်းနှင့် တရားလွှတ်တော်တရားသူကြီးများက လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးနှင့် ရိုးရိုးအောင်မြင်သူ ခုနစ်ဦးတို့အား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားရေး ဦးစီးမှူး ဒေါ်စိုးခက်ခက်က ပညာသင်ကြားဆဲ ကျောင်းသား ကျောင်းသူ ၁၃ ဦးတို့အတွက် တစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်စီနှင့် ငွေကျပ်တစ်သောင်းစီကိုလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**

# စက်လှေများတွင် အသက်ကယ်အင်္ကျီများလိုအပ်

**ရေတာရှည် ဇူလိုင် ၆**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မြောက်မှတောင်သို့ စီးဆင်းသွားသည့် စစ်တောင်းမြစ်အတွင်း ခရီးသွားလာရေး၊ ကုန်စည်သယ်ဆောင်ရေးလုပ်ငန်းများတွင် စက်တပ်လှေများကို အသုံးပြုပြေးဆွဲလျက်ရှိရာ လိုက်ပါစီးနင်းသူများ အသက်အန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် အသက်ကယ်အင်္ကျီများ လိုအပ်လျက်ရှိကြောင်း သိရသည်။

"စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသမှာနေထိုင်ကြတဲ့ ဒေသခံတွေက မြစ်အနောက်ဘက်ကမ်းကို သွားဖို့ဆိုတာ မိုးရာသီမှာ စက်လှေတွေကိုပဲ အားထားနေကြရတာပါ။ မတော်တဆမှုဆိုတာ မဖြစ်ခင်ကတည်းက ကြိုတင်ကာကွယ်ထားနိုင်ရင် ပိုကောင်းတာပေါ့ "ဟု စက်လှေဖြင့် ခရီးသွားလာနေရသူတစ်ဦးကပြောကြားသည်။

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် နေ့စဉ်စစ်တောင်းမြစ်ကို ဖြတ်ကူးသွားလာကြရခြင်းအပြင် ကျန်းမာရေး၊ လူမှုစီးပွားရေး အလုပ်ကိစ္စများအတွက် ခရီးသွားလာရခြင်းဖြစ်ရာ အန္တရာယ်ကင်းရှင်းရေးအတွက် အသက်ကယ်အင်္ကျီများ လိုအပ်နေခြင်း ဖြစ်သည်။

**ကိုလွင်(ဆွာ)**



# မန္တလေးကျောက်စိမ်းဈေးကွက်အရောင်းအဝယ်ကျဆင်း၊ ကျောက်သွေး၊ကျောက်ဖြတ်လုပ်ငန်းများရပ်တည်ရန်ခက်ခဲလာ

**မန္တလေး ဇူလိုင် ၆**

မြန်မာပြည်အထက်ပိုင်း ကျောက်စိမ်းရောင်းဝယ်ရာ မန္တလေးမြို့မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် မိုးတွင်းကာလကျောက်စိမ်းအဝင်နည်းပြီး တရုတ်နိုင်ငံမှဝယ်လက်များ လာရောက်မှုနည်းသဖြင့် ကျောက်စိမ်းဈေးကွက်အရောင်းအဝယ်ကျဆင်းနေပြီး ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်းလုပ်ကိုင်သူများ ရပ်တည်ရန် ခက်ခဲလာသည်။

အရည်အသွေးကောင်းမွန်သော ကျောက်နှင့်ကျောက်စိမ်းလက်ကောက်များကိုသာ အနည်းငယ်အရောင်းအဝယ်ရှိပြီးအသားကျောက်များဝယ်ယူသူမရှိသလောက် နည်းပါးနေသည်။ ကျောက်စိမ်းအရောင်းအဝယ် အေးရသည့်အကြောင်းရင်းတွင် တရုတ်နိုင်ငံမှကျောက်စိမ်းဝယ်ယူမှုနည်းခြင်း၊ မန္တလေးမြို့မှ တရုတ်နိုင်ငံသို့ မှောင်ခိုထုတ်သည့်မန္တလေး-မူဆယ်လမ်းတွင်စစ်ဆေးမှုများလာခြင်း၊ အဖမ်းအဆီးများလာခြင်းတို့ကြောင့်ဖြစ်ကြောင်း မဟာအောင်မြေကျောက်မျက်လုပ်ငန်းရှင်များထံမှသိရသည်။

ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသတွင် တစ်ပိုင်တစ်နိုင်ကျောက်တူးသူများ၊ ရေမဆေး ကျောက်လုပ်သားများလည်း မိုးတွင်းကာလတွင် လုပ်ငန်း အဆင်မပြေသဖြင့် ဒေသပြန်ကြသူများပြီး လုပ်သားရှားပါးလျက်ရှိသည်။

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ရတနာမောလ်ကျောက်မျက်ဈေးတွင်လည်းကျောက်စိမ်းလက်ကောက်နှင့် ကျောက်စိမ်းရုပ်များသာ တရုတ်၊ ဂျပန်၊ ဟောင်ကောင်နိုင်ငံများမှ ဧည့်သည်များဝယ်ယူမှုများပြားကြောင်းသိရသည်။

**သီဟကိုကို(မန္တလေး)**

# ချဉ်ပေါင်လျှော်ကိုစနစ်သစ်ဖြင့်စရိတ်သက်သာစွာ စိုက်ပျိုးထုတ်ယူနိုင်ပုံ တောင်သူများအားလက်တွေ့ပြသ

**အုတ်တွင်း ဇူလိုင် ၆**

မြန်မာ့စိုက်ပျိုးဦးစီးဌာနနှင့် သဇင်ဦးကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ တောင်သူများအကျိုးစီးပွားအတွက် ဝင်ငွေကောင်းမွန်မည့် စနစ်သစ်ဖြင့် ချဉ်ပေါင်လျှော် စိုက်ပျိုးထုတ်လုပ်မှုများ ပညာပေးဆွေးနွေး၍ လက်တွေ့ဆောင်ရွက်ရသည့်လုပ်ငန်းများအား တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာအုပ်စု ဆင်မညောင်ပင်ကျေးရွာရှိ ဧက ၁၀၀ စိုက်ခင်းတွင် ဇူလိုင် ၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

"ဒီဧက တစ်ရာမှာ ဧပြီလကစစိုက်တာဆိုတော့ အခုဆိုရင် နှစ်လသားအရွယ်ရှိပါပြီ လေးလသား အရွယ်ဆိုတော့ စက်တင်ဘာလမှ ခုတ်သိမ်းမှာ အခုတောင်သူတွေကို ပညာပေးပြသချင်တာက ဟိုးအရင်တုန်းကလို ရေထဲမှာ ပုပ်နေအောင်စိမ်ရတဲ့စနစ်မဟုတ်တော့ဘဲနဲ့ လျှော်အစိမ်းကို စက်နဲ့ကြိတ်ခွာပြီးမှ ရေစိမ်ထုတ်ယူတဲ့နည်းလမ်းကို လက်တွေ့ပြသတာပါ။ ဒီနည်းစနစ်ကိုသုံးစွဲတဲ့အခါမှာ လုပ်သား သုံးစွဲရမှုနဲ့အချိန်ကြန့်ကြာမှုနည်းပါးတဲ့အတွက် ကုန်ကျစရိတ်အများကြီးသက်သာပါတယ်"ဟု တာဝန်ရှိသူ တစ်ဦးကပြောကြားသည်။

တောင်သူများအနေဖြင့် ဆန်စပါးဈေးကွက်အနေအထားအရ အကျိုးခံစားရမှုနည်းပါးလျက်ရှိရာ ယခုကဲ့သို့ အခြားသောဈေးကွက်ဝင် သီးနှံများကိုပါ ထည့်သွင်းစိုက်ပျိုးနိုင်ပါက စီးပွားရေးအရ တွက်ခြေကိုက်နိုင်ပြီး လက်ရှိ ၂၀၁၇-၂၀၁၈ ရာသီအတွင်း စိုက်ပျိုးထားသည့် ချဉ်ပေါင်လျှော် ဧက ၄၀၀ ကျော်မှ ထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများအား သဇင်ဦးကုမ္ပဏီလီမိတက်မှ ကျေးရွာအရောက်ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အဆင့်မြင့်မြသီတာဖူဆယ်အားကစားကွင်းဖွင့်

**ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဇူလိုင် ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန် (၉၂)ရပ်ကွက် ယုဇနဥယျာဉ် မုဒ်ဦးဝ အနီး တန်ဖိုးနည်းအိမ်ရာ တိုက်တန်းလျားဘေးရှိ မြသီတာပန်းခြံအတွင်း ဇူလိုင် ၄ ရက် နံနက် ၈နာရီခွဲခန့်က အဆင့်မြင့် မြသီတာ ဖူဆယ်အားကစားကွင်းဖွင့်ပွဲနှင့် ပြိုင်ပွဲအခမ်းအနားကျင်းပရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲမှ ဒု-ညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁) ဒေါ်ဖြူဖြူခိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးနှင့် မြို့မအခြေခံအဆောက်အအုံ စီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး (ငြိမ်း)ဒေါ်စန်းစန်းအေးတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထိုနောက် ဆုဖြိုးရဲကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမြင့်သိန်းက အားကစားဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ဂိုးတိုင်အတွင်းသို့ ဘောလုံးကန်သွင်းခြင်းဖြင့် ကွင်းဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ ဖူဆယ်အားကစားပြိုင်ပွဲကို ကျင်းပရာ အသင်းပေါင်း ၄၀ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**(၅၁၂)**

# ပျားမွေးမြူရေးလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိအောင် စွမ်းဆောင်ပေးနိုင်

**မန္တလေး ဇူလိုင် ၆**

ပျားမွေးမြူရေးလုပ်ငန်းသည်နိုင်ငံခြားဝင်ငွေရရှိအောင်စွမ်းဆောင်ပေးသည့် လုပ်ငန်းပင်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသောကာလတွင် ပျားကိုစီးပွားဖြစ်မွေးမြူလာကြသည်။ ပျားမွေးမြူရာတွင် ပျားအိမ်၊ ပျားသေတ္တာများဖြင့်မွေးမြူကြသည်။

မွေးမြူရေးပျားများမှ ပျားရည်များကို ပန်းပေါသည့် စက်တင်ဘာလမှ ဖေဖော်ဝါရီလအတွင်းတွင်သာ ထုတ်ယူနိုင်သည်။ ကျန်လများတွင် ပျားများကိုသကြားအရည်ဖျော်ကျွေးကာ မွေးမြူကြရသည်။ လက်ရှိကာလတွင် ပျားမွေးသူများသကြားကျွေးခြင်း မပြုလုပ်ရသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပျားတစ်ပုံးတွင် ဖရိန်ဟုခေါ်သော ပျားသလက်(၈)ချပ်ပါရှိသည်။ ပျားဥပျားကောင်စုစုပေါင်းတစ်သိန်းမျှဖြင့် ပျားပုံးတစ်ပုံးကိုလည်းပတ်ကြရသည်။ ပျားပုံးထဲတွင် ပျားထီး၊ ပျားဘုရင်မ၊ လုပ်သားပျားနှင့် သက်ကြီးပျားတို့ ပါဝင်ကြသည်။ ပျားထီးသည်မိတ်လိုက်ပြီး သေသွားတတ်သည်။လုပ်သားပျား၏သက်တမ်းမှာ တစ်လခန့်ရှိပြီး ပျားဘုရင်မ၏သက်တမ်းမှာ ပျမ်းမျှလေးနှစ်ခန့်အထိရှိသည်။ လက်ရှိပျားမွေးမြူရေးပုံးများတွင်ရှိသော ပျားဘုရင်မများမှ တစ်နှစ်ကျော်ခန့်သာ အသက်ရှည်ကြောင်းပျား မွေးမြူရေးပြုလုပ်သူတစ်ဦးက ရှင်းပြ၍သိရသည်။

ပျားပုံးများကိုပန်းပေါသည့်နေရာများသို့ရွှေ့ပြောင်းချပေးကာ ပျားရည်ရရှိအောင်ပြုလုပ်ကြရသည်။ အဓိကအားဖြင့် ပန်းပေါသော တောင်ကြီး၊ ပြင်ဦးလွင်၊ ထီးချိုင့်တို့သို့သွားရောက်ရသည်လည်းရှိသည်။

အညာဒေသတွင်မူ ပျော်ဘွယ်၊ ရမည်းသင်း၊ မန္တလေး၊ စဉ့်ကိုင်၊ ကျောက်ဆည်နယ်တို့တွင် ပျားပုံးများချပေးထားရသည်။ ယခုအခါတွင် နှမ်းစိုက်ပျိုးမှုများပြားသည့်အတွက် နှမ်းပွင့်ချိန်စားရိတ်သက်သာလျက်ရှိကြောင်းသိရသည်။

ပျားမွေးမြူရေးလုပ်ငန်းသည် အရင်းကြီးသလိုပင် အနှစ်ရသော လုပ်ငန်းပင်ဖြစ်သည်။ ပျားအကောင်တစ်ရာ၏ အဆိပ်သည် မြွေတစ်ကောင်၏ အဆိပ်နီးပါးပြင်းသည်ဟုဆိုသည်။ အများစုမှာ ပန်းမပေါသည့်မတ်လမှစကာ သကြားကျွေးကာ မွေးမြူကြရသည်။ ဝါဆိုလလောက်မှစကာ သကြားကျွေးမှုရပ်ပြီး ပန်းဝတ်ရည်ကို စုပ်ယူစေကာ တော်သလင်းလလောက်အရောက်တွင် ပျားရည်ထုတ်ယူလေ့ရှိသည်။ ပျားရည်ရရှိသည့်ကာလတွင် တစ်လလျှင် နှစ်ကြိမ်သုံးကြိမ်ခန့်ထုတ်ယူပြီးပျားပုံး ၂၅ ပုံးတွင် လေးကြိမ်အထိ ပျားရည်ထုတ်ယူပါက တစ်ပီပါအထိရကြောင်း သိရသည်။

**နွေနဒီ၊မြစ်ငယ်၊**

# မိသားစုဝင်ငွေရရှိစေရေး တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်စေရန် မိတ္ထီလာမြို့ရှိ ရက်ကန်းကျောင်းမှ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေး

**မိတ္ထီလာ ဇူလိုင် ၆**

ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ယူနိုင်သောလူငယ်လူရွယ်များ၊ အမျိုးသမီးငယ်လေးများကို မိမိတတ်မြောက်ထားသောပညာဖြင့် မိသားစုအတွင်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် အသက်မွေးဝမ်းကျောင်းပညာများဖြစ်သည့် ချည်မျှင်နှင့် အထည်ကျွမ်းကျင်စေရန် ရက်ကန်းပညာသင်တန်း၊ စက်ချုပ်သင်တန်း၊ စက်ပြင်၊ စက်မောင်သင်တန်းနှင့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းကျောင်း (မိတ္ထီလာ)မှ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



မြန်မာ့ရိုးရာရက်ကန်းပညာကို မတိမ်ကောမပပျောက်စေရန် မြန်မာ့ရိုးရာအထည်ထုတ်လုပ်မှု ရက်ကန်းပညာကို စနစ်တကျ ပြန့်ပွားစေရန်၊ ခေတ်နှင့် လျော်ညီသော အဆင်ဒီဇိုင်းများ ဆန်းသစ်တီထွင်လာနိုင်စေရန်၊ ပုဂ္ဂလိကပိုင်း စက်ရုံများနှင့် နိုင်ငံပိုင်စက်များတွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်၊ ကိုယ်ပိုင်လုပ်ငန်းထူထောင်၍ လုပ်ငန်းရှင်များပေါ်ထွန်းလာစေရန်၊ အသက်မွေးဝမ်းကျောင်းပညာဖြင့် မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေရရှိ၍ ဆင်းရဲနွမ်းပါးမှု လျော့ကျလာစေရန်ရည်ရွယ်၍ ချည်မျှင်နှင့် အထည်ကျွမ်းကျင်သူ သင်တန်းကို တစ်နှစ်သင်တန်းနှင့် ခြောက်လသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်နှစ်သင်တန်းတွင် သင်တန်းသူသင်တန်းသား ၂၀ နှင့် ခြောက်လသင်တန်းတွင် ၁၀ ဦး ဖွင့်လှစ်သင်ကြားပေးပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် တစ်နှစ်သင်တန်း၌ သင်တန်းသူသင်တန်းသား ၃၀ နှင့် ခြောက်လသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၀ ဦးတို့ကို ဇူလိုင် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းများတွင် အသက်(၁၆)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရပြီး ပညာအရည်အချင်း အနည်းဆုံး အလယ်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ ၎င်းသင်တန်းကို စတင်တက်ရောက်ပါက လစဉ်ထောက်ပံ့ကြေး တစ်လငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးပြီး ကျောင်းရှိ အဆောင်များတွင် ထားရှိ၍ စက်ရက်ကန်း သဘောတရား၊ လက်ရက်ကန်းနှင့် လက်ချည်မျှင်ဆွဲ၊ အဖြူချွတ်ဆေးဆိုး၊ စက်ချည်မျှင်ဆွဲ၊ အထည်တည်ဆောက်ပုံ(ဒီဇိုင်း)၊ အထည်ခွဲစိတ်လေ့လာခြင်း(သင်္ချာ) ဘာသာနှင့် အမျှင်ကုန်ကြမ်းဘာသာရပ်များကို နေ့စဉ် စာတွေ့လက်တွေ့ သင်ကြားပေးလျက်ကြောင်း သိရသည်။ ထို့နောက် တစ်နှစ် နှစ်ကြိမ်နှုန်းဖြင့် စက်ပြင်၊ စက်မောင်းသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ဆက်လက်၍ ကျေးလက်ဒေသရှိ အမျိုးသမီးငယ်လေးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် နှစ်စဉ် စက်ချုပ်သင်တန်းများကိုလည်း အခမဲ့ ဖွင့်လှစ်သင်ကြားပေးပြီး သွားလာရေးအဆင်ပြေစေရန်နှင့် မိမိတတ်မြောက်ထားသော ပညာဖြင့် ကိုယ်ပိုင်လုပ်ငန်းထူထောင်၍ အိုးမကွာအိမ်မကွာ တစ်ဖက်တစ်လမ်းမှ မိသားစုအတွင်း ဝင်ငွေရရှိစေရန် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းများကို ဖွင့်လှစ်သင်ကြားပေးလျက်သည်။

ရက်ကန်းသင်တန်းများ တက်ရောက်ပြီးစီးပါက မိတ္ထီလာ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံတွင် အလုပ်ရရှိရေးအတွက် ရက်ကန်းကျောင်းမှ ဆောင်ရွက်ပေးသလို မိတ္ထီလာစက်မှုဇုန်နှင့် ဝမ်းတွင်းမြို့နယ်များရှိ ရက်ကန်းရုံများတွင်လည်း အလုပ်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းများ သင်ယူပြီးစီးပါက မိမိတို့သင်ယူထားရှိသည့် အသက်မွေးဝမ်းကျောင်းပညာဖြင့် ဝင်ငွေရရှိစေရန် တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

07 Jul 2017

HIGH TECH
CONCRETE CO., LTD.
Certificate TH 11/5684

High Tech Concrete Co., Ltd. အား
နှစ် (၂၀)ပြည့် သည့်တိုင်အောင် စဉ်ဆက်မပြတ် ဝယ်ယူအားပေးခဲ့ကြသော
Customer များ အားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့်
အလုပ်အကိုင်၊ အခွင့်အလမ်းကောင်းများ ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း
"ဆုမွန်ကောင်း" တောင်းအပ်ပါသည်။

20 years
ANNIVERSARY



FUTAMI MEGA ENGINEERING CO., LTD. Standard : ASTM A123/ A123M, ASTM A153/ A153M, BS EN : ISO 1461:2009

Hot-Dip Galvanizing - သံထည်များကို သံချေးမတက်ရန် သွပ်ရည်စိမ်ပေးပါသည်။ သွပ်ရည်ပူ ကန်အကျယ် ၇ မီတာ (၂၂.၉၆ ပေ) ထဲတွင်ထည့်၍စိမ်နိုင်ပါသည်။ လျှပ်စစ်တာဝါတိုင်များ၊ တယ်လီဖုန်းတာဝါတိုင်များ၊ တံတားလက်ရန်းများ၊ အရေးပေါ် သံလှေကားများ၊ လမ်းမကြီး ဘေးကာ သံဘောင်များ၊ ရထားလမ်းအချက်ပြတိုင်များ၊ မီးပွိုင့်များ၊ ကြော်ငြာဘောဘုတ်များ၊ လျှပ်စစ်ကောင်းကင်လိုင်းသုံးသံထည်ပစ္စည်းများအစရှိသည့် အပြင်သုံးပစ္စည်းများ (Outdoor Use) နှင့် Cable Ladders, Cable Trays, Cable Trunkings စသည့် (Indoor Use) ပစ္စည်းများကို ခေတ်မီ ဂျပန်နည်းပညာဖြင့် ဆောင်ရွက်ပေးနေပါသည်။ သွပ်ရည်စိမ်ပြီးပါက နှစ် ၂၀ ခန့် သံချေးမတက်ပါ။ နောက်ထပ် ဆေးသုတ်ရန် မလိုပါ။ တစ်ကြိမ်သာစိမ်ဖို့လိုပါသည်။

1 Ton စိမ်ခ US$ 500 ~ 700.

အမှတ်၊ ၉၄၊ စက်မှု (၂)လမ်း၊ သံမဏိစက်မှုဇုန်၊ မြောင်းတကာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်။ ဖုန်း၊ (၉၅၉) ၇၆၅၇၇၆၆၀၇၊ ၇၉၁၇၇၅၅၀၇၊ ၇၉၁၇၇၈၈၀၇၊ ဖက်(စ်) (၉၅၉) ၈၆၁၂၆၂၆

Customer များရရှိမည့်အားသာချက်
DREAM ALUMINUM
လက်လီလက်ကားဝယ်ယူသူများရရှိမည့် အားသာချက်

- Euro System 45° ထောင့်ချိုးဖြစ်ခြင်းကြောင့် အဆောက်အဦး၏အလှကို ခေတ်မီသေသပ်စေခြင်း။
- Coating မှာ Orginal Italy ဆေးသားအသုံးပြုထားခြင်းကြောင့် သက်တမ်းကြာရှည်ခံပြီးဆေးရောင်ကွာမကျခြင်း။
- Brand Acessories များအသုံးပြုထားခြင်းကြောင့် ဖွင့်ပိတ်ရာတွင် လွယ်ကူတာရှည်အသုံးခံနိုင်ခြင်း။
- Slide/Casement Profile System အား အသံလုံ၊လေလုံ၊ရေလုံစေရန် တီထွင်ထားခြင်း။
- Slide System ပြေးလမ်းဘောင်နက်ခြင်းကြောင့် လုံခြုံမှုရှိခြင်း၊ ဘေးချော်မထွက်ခြင်း။



- Euro System Click type ဖြစ်ခြင်းကြောင့် Screw အရာများကင်းရှင်းခြင်း၊ အချိန်ကုန်သက်သာခြင်း။
- ထုတ်လုပ်တပ်ဆင်ရလွယ်ကူခြင်း၊ မြန်ဆန်ခြင်း၊ခန့်ညားခြင်း၊ လူအင်အား အသုံးပြုရနည်းခြင်း။
- လေးဖက်စလုံး Frame တစ်မျိုးတည်းသာ အသုံးပြုရခြင်းကြောင့် နိုင်မာတောင့်တင်းပြီး အလေအလွင့် ထိန်းသိမ်းနိုင်ခြင်း။
- Dream Frame ချောင်း၊ Acessories နှင့် စက်ပစ္စည်းများကို တစ်နေရာတည်း လက်လီလက်ကားရရှိနိုင်ခြင်း။
- ထုတ်လုပ်တပ်ဆင်မှုအတွက် ကုမ္ပဏီမှ Training ကူညီပေးခြင်း
- မြန်မာပြည်၏အကောင်းဆုံး Euro System Deram Aluminium နှင့် ဆက်စပ်ပစ္စည်းများအား ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

Dream Aluminium မှ Marketing (မ) ဝန်ထမ်းအလိုရှိသည်။ ဘွဲ့ရဖြစ်ပြီး ရုပ်ရည်အသင့်အတင့်ရှိရမည်။



Frame နှင့် Accessories များကို လက်လီလက်ကားနှင့် ကိုယ်စားလှယ်ယူလိုသူများ ဆက်သွယ်ရန်
09-263563664
09-977910201
01-8604394

အပြီးအစီးတပ်ဆင်မှုများအတွက် ဆက်သွယ်ရန် Dream Installation Group 09-260905818, 09-254048775, 09-252420717
အမှတ်(၂၂၇/ ၂၂၅)၊ ကျိုက္ကဆံလမ်းမကြီး၊ ကျောက်မြောင်းဈေးမှတ်တိုင်အနီး၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ 01-8604394, 09-263563664







သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

OK$

uni စာရေးကိရိယာများအား
1 STOP Mart ဆိုင်များတွင်ဝယ်ယူ၍
OK$ ဖြင့် ငွေပေးချေပြီး လက်ဆောင်ရယူလိုက်ပါ။



09-788074261, 09 254270039 (ဇူလိုင် ၁ မှ ဩဂုတ် ၃၁ အထိ)
okdollarapp okdollar.com

ရူပ၊ ဓာတု ဦးသိန်းတင်မိုး BE(EP)MIT ၏ ကိုယ်တိုင်တန်းလုံးကျွတ် ၉၀ အထက် ဂုဏ်ထူးရအောင်သင်ခဲ့တဲ့ ဒသမတန်း 90+ Physics, 90+ Chemistry နဲ့ English Text 65 မှတ်အတွက် ပြည့်စုံစွာစီစဉ်ပေးထားတဲ့ 65+ English စာအုပ်များထွက်ပြီ။ သင်ရိုးကုန်နဲ့ မေးခွန်းဟောင်းများကို Page 160 ခန့်နဲ့ ပြည့်စုံစွာ စီစဉ်ထားတဲ့စာအုပ်များဖြစ်ပါသည်။

- ရန်ကုန်- စာပေလောက၊ စာပေနန်းတော်(၀၉-၇၃၁၄၀၉၃၄)၊ ရာပြည့်၊ အင်း၀၊ စာပေဟောင်းလေးအိုးကြီး၊ ခေတ်သစ်၊ လှိုင်ကော်၊ မြင်းမိုရ်(၀၉-၉၇၂၄၀၃၆၀၁)၊ အင်းစိန်ကေရီ။
- ရန်ကုန်စာအုပ်ဆိုင်ကြီးများတည်ရာ- ဦးထွန်းလင်းခြံလမ်း-လှည်းတန်း၊ တောင်ဥက္ကလာ ပဒေသာလမ်းဆုံ၊ ရန်ကင်း အထက(၁)ရှေ့၊ ပန်းဆိုးတန်းခုံးကျော်အနီး၊ ဆူးလေဘုရားအနီး။
- မန္တလေး- ထွန်းဦး(၀၂-၇၃၅၀၂)၊ နဂါး(၀၂-၃၅၂၆၇)၊ မောင်မောင်ပြေ (၀၉-၃၃၀၃၈၂၂၂)။
- မုံရွာ- အောင်မင်္ဂလာ၊ အမြင်သစ်၊ သဇ္ဇာဦး။

HAPPY WORLD Amusement Zone
ဦးဥတ္တမပန်းခြံ ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်။
၁၈.၇.၂၀၁၇ ၊ ဝါဆို ပွဲတော် ၊ အထူးအစီအစဉ် ၊
ရွှေလက်စွပ် ၊ ရွှေဆွဲပြားများ
နှင့်
အခြားတန်ဖိုးကြီးလက်ဆောင်များကို
(၂) နာရီတစ်ကြိမ် ကံထူးရှင်ရွေးချယ်ပွဲ
FREE SHOW Magic Show, Dancer Show

21st Century Systems, Curriculum and Pedagogy that Empower 21st Century Students
- Pre-School
- Wise Classes (Sat-Sun)

ကြည့်မြင်တိုင်တွင် ဖွင့်လှစ်ထားပါပြီ။



"Fit Brains Gain More"
BRAINWORKS Pre-School
An ISO 9001:2008 and 14001:2004 Certified Institution

| Tamwe | 41st Street | Kyi Myin Daing | Bayint Naung | Aung Zeya | Thingangyun | Taunggyi | Kamayut | North Dagon |
|---|---|---|---|---|---|---|---|---|
| 24/26 South Race Course St. | 107-115 41st St. | 17 U Lu Ni St. | 47 Padauk Lane (2) | 34 Aung Zeya St. | 1 Thumingalar St. | 24/12 Kanbawza St. | 60(A) Chindwin St. | 318 U Aw St. 48 Qtr |
| 01 401592 - 4 | 01 376010, 376022 | 01 2300 715 - 6 | 09 731 43280 | 09 262934441-2 | 01 8551360 - 3 | 081 206841-4 | 09 31714586 | 09796206884 |

17 U Lu Ni Street, Kyi Myin Daing Tsp, Yangon. Tel.: (951) 230 0715 - 6

ကားရောင်းမည်

| | |
|---|---|
| Honda CRV / Kluger | 425 သိန်း |
| 2011 RVR | 330 သိန်း |
| 2006 WISH ငွေ/နက် | 295 သိန်း |
| 2003 NOAH | 285 သိန်း |
| 2003 Mark II ရွှေ | 280 သိန်း |
| 2013 Axio | 225-265 သိန်း |
| FIT-Shuttle / Insight / Civic | 170-260 သိန်း |
| Fielder Taxi / အိမ်စီး | 260-330 သိန်း |
| 2010 Belta 1000 / 1300 CC | 170-190 သိန်း |
| 2011 Swift / Golf / Polo | 170-220 သိန်း |
| 2011 AD / Probox | 150-160 သိန်း |

ကားဝယ်သည်။ အလဲအထပ်ရသည်။
09 5108316 , 09 975108316

စားသောက်ဆိုင်လွှဲပြောင်းခြင်း
Fi-17 လိုင်စင်ပါသည်။ ပေ ၃၀× ပေ ၁၀၀၊ ဈေးနှုန်း သိန်း (၁၇၅)။ နေရာ-ကြည့်မြင်တိုင်ညဈေးရှေ့။ ဖုန်း-၀၉ ၄၂၈ ၂၉၆၉၈၉

ဗိုဒ္ဓ ခမ္မ သိဿ San brotherhood
"စစ်ဆေးစမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း
အဝတ်လျှော်စက် 200,000Ks
အဝတ်ခြောက်စက် 230,000Ks
အဝတ်လျှော်စက် 135,000Ks
အဝတ်ညှစ်စက် 75,000Ks
1HP 290000Ks
တပ်ဆင်ပြီးဈေးနှုန်း (၃ နှစ်အာမခံ)
၁။ နာမည်ကြီး Brand ၂။ စိတ်ချရသည့်အာမခံ ၃။ အထူးအာမခံ (Compressor)
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Safeguard, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
FMI City (လှိုင်သာယာ) 709373,09-5084831,682445(Ext)1421
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738, 09-450023810
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 01-703684, 09-43130068
Victoria အနီး နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

c , &Dtr|pdrDyf|yfbifwef



ဂျပန်ပြည်ရှိ ဆူဂျင်နိုကောလိပ် (Sugino College of Dress Making) မှ သင်ကြားပေးသည့် နည်းအတိုင်း ဘာသာစုံကို သိပ္ပံနည်း ကျကျဖြင့် သင်ကြားပေးနေပါသည်။
၃-လွှာ၊ အမှတ်(၁၉၄)၊ လမ်း(၅၀)၊ ဖုန်း-၂၉၇၃၅၄

သတိုးအောင်ဇေယျ ကွန်ပျူတာ
စာစီစာရိုက်လုပ်ငန်း အသုံးပြုနိုင်ရန်အတွက် Laptop(လက်တော့)တစ်လုံးလျှင် ၅၀,၀၀၀ကျပ်ဖြင့် ဝယ်ယူလိုပါက Facebook တွင် "၅၀၀၀၀computer" ဟုရိုက်နှိပ်ဝယ်ယူနိုင်ပါသည်။ Online Ph No များ
1 YEAR
09-766903430,421065637, 444466681~82~83/ 445843633

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
- သာကေတ၊ အောင်သဗ္ဗာ(၅)လမ်း၊ ရွှင်းသာအနီး
30'x60' အဆောက်အဦပါ၊ နေရာကောင်း
1300 သိန်း (ညှိနိုင်းဈေး)
Ph: 09-797920009

ဒဂုံမြို့သစ်
အငှားရှိပါသည်။
အိမ်တစ်လုံးပြန်ယူ
တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

SGH CAR TRADING
SGH
အိမ်စီးသုံးကား၊ Taxi ကား၊လုပ်ငန်းသုံးကား၊ ခရီးသည်တင်ကား၊ မြေသယ်ကားများကို ဘဏ်နှင့် ချိတ်ဆက်၍ စရောင်းလိုင်စဉ် အရစ်ကျစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။



အမှတ်(၂၆)၊ ကျောက်ကုန်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရန်ကင်းမြို့နယ်။
အမှတ်(၅၃၁)၊ မာလာမြိုင်လမ်းသွယ်၊ လှည်းတန်း (AGD ဘဏ်အေး)၊ ကမာရွတ်မြို့နယ်။
အမှတ်(၄၃၂)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန်လိပ်စာ 01-220502 , 09-785030336, 09-784551277, 09-965030336

**ASIA DRAGON (အာရှနဂါး)**
ချောင်းသာ 12000 ပုဂံခရီးစဉ် (သောကြာ)
ငွေဆောင် 15000
ကျိုက်ထီးရိုး 10000 မြဝတီခရီးစဉ်(သောကြာ)
09-30030030, 09-799100100, 09-797100100

**GOLDEN STAR** ခရီးသွားလုပ်ငန်း
❖ မန္တလေး(တောင်ပြုံးပွဲ)-ပြင်ဦးလွင်-ကျောက်စိမ်းဘုရား 09-200 8080
❖ ပုဂံ-ညောင်ဦး-ပုပ္ပါး ခရီးစဉ် (အပတ်စဉ်သောကြာ) 09-201 8080
❖ မြဝတီ-မဲဆောက် ခရီးစဉ် (အပတ်စဉ်သောကြာ) 09-202 8080
❖ မော်လမြိုင်-ကျိုက္ကမီ-ဝင်းကျိုက်ရေတံခွန် 09-511 8080
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင် (နေ့စဉ်)

**OD TOUR**
Japan Style
ပြည်ပခရီးသွားလိုင်စင်အမှတ် ပခ 0024
ORIENTAL DRAGON TRAVELS & TOURS Co.,Ltd
ပြည်တွင်း၊ ပြည်ပ ဘုရားဖူးနှင့် အပန်းဖြေအဆင့်မြင့်ခရီးသွားလုပ်ငန်း

| | | |
|---|---|---|
| Aug 4 | သီရိလင်္ကာနိုင်ငံခရီးစဉ် (ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်ပူဇော်ပွဲ) | (7D 6N) |
| July 19 | စင်္ကာပူနိုင်ငံခရီးစဉ် | (4D 3N) |
| Aug 11 | ပေကျင်း၊ ရှန်ဟိုင်း (Great Wall, Disney Land ... | (5D 4N) |
| July 21 | ချင်းမိုင်၊ ချင်းရိုင် (Flora Garden, White Temple ... | (4D 3N) |
| Juyl 15,Aug 15 | ဟိုချီမင်း၊ မွေနဲ၊ ဒါလက် | (5D 4N) |
| July 28, Aug 18 | ဟန္နိုင်း၊ ဟာလောင်း၊ နင်းဘင် | (4D 3N) |
| July 15, Aug 10 | ဒါနန်း၊ ဟွေနန်း၊ Bana Hill | (5D 4N) |
| July 19, Aug 18 | ဗန်ကောက်၊ ပတ္တရား | (5D 4N) |

"အကောင်းဆုံးဝန်ဆောင်မှုများဖြင့် သင်စိတ်ကျေနပ်စေရမည်"
www.facebook/ODTour
www.odtourmyanmar.com
ပြည်တွင်း၊ပြည်ပစိတ်ကြိုက်သီးသန့်ခရီးစဉ်များကို (၂)ဦးမှစ၍ ညှိနှိုင်းစီစဉ်ပေးလျက်ရှိပါသည်။
ရန်ကုန်ရုံး- အမှတ် ၅၂၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း- 01504808, 523187, 095187045
မန္တလေးရုံး-အမှတ် ၆၇ဝ၊လမ်း ၈၀၊၃၉×၄၀ကြား၊ မန္တလေးမြို့ ဖုန်း - 09444477129, 09964466290




**ခရီးစိမ်းမင်း**
ဝါဆိုလပြည့်နေ့ သင်္ကန်းကပ်ပွဲ (July 7)
❖ ပုဂံ–ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 40000
❖ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည် 40000
❖ သာမညာ၊ ဘားအံ၊ မြဝတီ၊ မဲဆောက် 55000
အပတ်စဉ်-သောကြာ June 23,30, July 7,14
09-444450446,09-444450558,09-250144709

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်၊
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**ရှေ့ခံအိမ်အဆင့်မြင့်တည်းခိုခန်း**
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အစန်းဘိုင်း အဲကွန်း
ရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၇၇
၁၅၀၀၀ ကျပ်
၂၀၀၀၀ ကျပ်

**IGCSE (Edexcel/Cambridge)**
Accounting, Business Studies, Economics, ICT,
Computer Science, Maths A B, Pure Maths,
Additional Maths, Physics, Chemistry
Taught by UK Graduate, Master Degree Holder Teachers
who has been working as a Lecturer at
Singapore Business Schools and International Colleges.
Ph: 09 799242431, 09 448331664

**ခိုင်ခံ့သေသပ်လှပဈေးနှုန်းချိုသာသော-----**
လူနေအိမ်များ၊ စက်ရုံများ၊ ရုံးခန်းများ၊ ဂိုဒေါင်များနှင့် အမိုးအကာ၊ ခြံစည်းရိုးများကို Steel Structure ဖြင့် ရေ၊ မီး၊ ဆေးအစုံပါဝင်ပြီးဈေးနှုန်းဖြင့် လူကြီးမင်းတို့ စိတ်တိုင်းကျ ဆောက်လုပ်ပေးနေပါပြီ။
PTG(Yangon)Co.,Ltd
Ph: 09-794237423,

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်
**ဂုဏ်ထူး ဦးအောင်ခိုင်**
ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco
English Speaking (အင်္ဂလိပ် စကားပြော)
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်
မြို့လယ် ၂၅၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန်းတော်၊ သံသုမာလမ်း 09 798 44 33 20




A Sincere THANK YOU to people across Myanmar.
Today, we proudly provide our service through 20 showrooms in 7 divisions nationwide.
Sagaing
Mandalay
Magway
NayPyiTaw
Yangon
Pathein
Mawlamyine
ဆူဇူကီးရဲ့မြန်မာပြည်သူပြည်သားများကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြရန်
ကျွန်တော်တို့ရဲ့ဆူဇူကီး(မြန်မာ)ကုမ္ပဏီမှ မြန်မာပြည်အတွက် နောက်ထပ် ကတိကဝတ်တွေကို အကောင်အထည်ဖော်ဖို့ စီစဉ်ထားပါတယ်။
(၁) ၂၀၁၈ ခုနှစ်မှ စတင်ပြီး သီလဝါအထူးစီးပွားရေးဇုန်မှာ ဆူဇူကီး(မြန်မာ)ရဲ့ခေတ်မီသစ်လွင်တဲ့ မော်တော်ကားထုတ်လုပ်ရေးစက်ရုံ စတင်လည်ပတ်ပါမယ်။
(၂) အရည်အသွေးနဲ့ စွမ်းရည်တိုးမြှင့်ထားတဲ့ ထုတ်လုပ်ရေးစွမ်းအားကြောင့် အရေအတွက်ပိုများတဲ့ မော်တော်ကားများကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။
(၃) မြန်မာပြည်အနှံ့က ဒေသတွေမှာ ဆူဇူကီး တရားဝင်အရောင်းပြခန်းတွေကို ထပ်မံတိုးချဲ့ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။
(၄) မြန်မာပြည်က ဆူဇူကီးကားအသုံးပြုသူများအတွက် အရည်အသွေးမြင့်မားတဲ့ဝန်ဆောင်မှုများ ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။
JAPAN STANDARD
ERTIGA
Ciaz
လူကြီးမင်းက မြန်မာပြည်အတွက် ပိုမိုတောက်ပတဲ့အနာဂတ်တစ်ခု တည်ဆောက်ပေးချင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ဆူဇူကီး(မြန်မာ)က လူကြီးမင်းကို ဆူဇူကီးရဲ့တရားဝင်အရောင်းပြခန်းကွန်ရက်ကို အားဖြည့်တိုးချဲ့ရင်း တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ကျွန်တော်တို့နဲ့အတူ လျှောက်လှမ်းဖို့ ဖိတ်ခေါ်ပါရစေ။
Contact us at CALL CENTER 01-2399-777
Dealership Network
Yangon
(1) Lwin and Swan 01-393070
(2) Aung Motor 01-655813
(3) Myo Motor 01-400399
(4) Yenadi Motor 01-201619
(5) CACT 09-454247772
(6) MC Ayeyar 01-578262
(7) Garmanit Zaya 09-777884888
(8) Yangon Suzuki 09-777735353
(9) MMC 09-444785775
(10) Farmer Auto 09-456844645
(11) MADP 09-425473949
Mandalay
(12) United Eleven 09-257199911
(13) MADP-AIG 09-73040366
(14) Century 09-777777085
Sagaing
(15) CKA 09-975551944
Pathein
(16) CGDC 09-771212985
Nay Pyi Taw
(17) Ayeyar Hinthar 09-787148795
(18) Farmer Auto 09-5601364
Magway
(19) Farmer Auto 09-421035998
Mawlamyine
20) Mawlamyine Suzuki 09-422615945
Suzuki (Myanmar) Motor Co., Ltd.
Plot No. 476 (C), Moegoke St., Block No.(23), Industrial Zone,
South Dagon Township, Yangon, Myanmar.
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI THILAWA MOTOR CO., LTD.
Plot No.A-1, Zone A, Thilawa Special Economic Zone.
SUZUKI
Way of Life!

# ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရေယာဉ်များသွားလာမှုကို ယာယီတားမြစ်ထား



**မုံရွာ ဇူလိုင် ၆**

ချင်းတွင်းမြစ်ရေမြင့်တက်ပြီး စိုးရိမ်ရေမှတ်အနီးသို့ ကပ်လာပြီဖြစ်သောကြောင့် ဇူလိုင် ၈ ရက်မှ စတင်၍ ၁၂ ရက်အထိ အမြန်ရေယာဉ်နှင့် ကုန်တင်ရေယာဉ်များ ပြေးဆွဲခုတ်မောင်းမှုကို ယာယီတားမြစ်ထားကြောင်း သိရသည်။

### စောင့်ကြည့်လျက်ရှိ

ချင်းတွင်းမြစ်ရေအမှတ်သည် ဇူလိုင် ၇ ရက် မွန်းလွဲပိုင်းတွင် ၈၀၀ စင်တီမီတာနီးပါးအထိ ရောက်ရှိနေပြီဖြစ်ရာ ရေကင်းများကိုလည်း မုံရွာကမ်းနားလမ်း တစ်လျှောက်တွင် ဇူလိုင် ၆ ရက်က စတင်ဖွင့်လှစ်၍ စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် ဇူလိုင် ၆**

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဟုမ္မလင်းမြို့တွင် နှစ်ပေခွဲခန့်၊ ဖောင်းပြင်မြို့တွင် နှစ်ပေခန့်၊ မော်လိုက်မြို့တွင် သုံးပေခန့်နှင့် မင်းကင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ဟုမ္မလင်းမြို့တွင် ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း ဖောင်းပြင်မြို့တွင် တစ်ပေခန့်၊ မော်လိုက်မြို့နှင့် မင်းကင်းမြို့တို့တွင် တစ်ပေခွဲခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သဖြင့် ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်နှင့် မင်းကင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

# မြန်မာအားကစားအဖွဲ့ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် အားကစားနည်းများ အပြီးသတ်ရွေးချယ်

**ရန်ကုန် ဇူလိုင် ၆**

ဩဂုတ်လတွင် မလေးရှားနိုင်ငံ၌ ကျင်းပမည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းများ အပြီးသတ်ရွေးချယ်လိုက်ပြီဖြစ်ပြီး ၂၉ မျိုး ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသည် အားကစားနည်း ၃၈ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ်ရနိုင်သည့် အားကစားနည်းများ၊ ဆုတံဆိပ်မျှော်မှန်းနိုင်သည့် အားကစားနည်းများ၊ အတွေ့အကြုံရယူရမည့် အားကစားနည်း ၂၉ မျိုးကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။



(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ရွှေဆုရခဲ့သည့် ခြင်းလုံးအသင်း။

မြန်မာအားကစားအဖွဲ့အနေဖြင့် ဆီးဂိမ်းပြိုင်ပွဲတွင် ဝူရှူး၊ အလေးမ၊ ဘော်လီဘော၊ သုံးမျိုးစုံ၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ တိုက်ကွမ်ဒို၊ Squash၊ ပိုက်ကျော်ခြင်း/ခြင်းလုံး၊ သေနတ်ပစ်၊ ရွက်လှေ၊ ပီတန်း၊ ကရာတေး၊ ဂျူဒို၊ ကျွမ်းဘား၊ ဂေါက်သီး၊ ဘောလုံး/ဖူဆယ်၊ ဟော်ကီ၊ ဓားရေး၊ စက်ဘီး၊ ခရစ်ကက်၊ လက်ဝှေ့၊ ဘိုးလင်း၊ ဘိလိယက်/စနူကာ၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ပြေးခုန်ပစ်၊ မြားပစ်နှင့် ရေကူး/ဒိုင်ဗင် အားကစားနည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသားဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်တွင် အစောဆုံးစတင်မည်ဖြစ်သည်။ မြန်မာအားကစားအဖွဲ့များသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် ၂၀၁၆ ခုနှစ်ကတည်းက စတင်လေ့ကျင့်ခဲ့ပြီး တစ်နှစ်ကျော်အချိန်ယူ



# မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားနှင့် ဆီမီးဖိုင်နယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

၂၀၁၇ ခုနှစ် (၁၅)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားနှင့် ဆီမီးဖိုင်နယ်ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ကျင်းပရာ ပြိုင်ပွဲသို့ မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရိုးရာလက်ဝှေ့အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲများအဖြစ် လူသစ်တန်း ၅၁၊ ၆၃.၅၊ ၇၅ ကီလိုတန်းပြိုင်ပွဲများ၊ (ဂ)အဆင့် ၆၇ နှင့် ၇၁ ကီလိုတန်းပြိုင်ပွဲ၊ (ခ)အဆင့် ၄၈၊ ၅၄၊ ၆၁ ကီလိုတန်းပြိုင်ပွဲများ ကျင်းပခဲ့ပြီး ၅၁ ကီလိုလူသစ်တန်းပြိုင်ပွဲများ၌ ဝင်းကိုထက်(မွန်)က ကျားရာဇာ(ခ)အောင်နိုင်ဦး(ကရင်)အား လည်းကောင်း၊ ဇော်ထိုက်(ဧရာဝတီ)က ရာဇာမင်း(ကချင်)အား ပထမအချီ ၁၅ စက္ကန့်တွင် အလဲထိုး၍ လည်းကောင်း၊ လူသစ်တန်း ၆၃.၅ ကီလိုတန်းပြိုင်ပွဲများတွင် အောင်သူ(မွန်)က သျှင်းတေဇာ(မကွေး)အား လက်ရည်မမျှ၍ဒိုင်ပွဲရပ်ဖြင့် လည်းကောင်း၊ ထွန်းစစ်နိုင်(ရန်ကုန်)က မင်းသီဟ(စစ်ကိုင်း)အား လည်းကောင်း၊ မိုးကျော်ကျော်(တနင်္သာရီ)က စိုင်းသူရအောင်(ကယား)အား ဒုတိယအချီ ၁ မိနစ် ၃၃ စက္ကန့်တွင် အလဲထိုး၍ လည်းကောင်း၊ ဇော်သန်း(ကရင်)က နိုင်ဝင်း(ကချင်)အား

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded By : EUROMONEY
EUROMONEY AWARDS FOR EXCELLENCE 2016

